# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ **(ဓမ္မပဒ - ၁၉၄)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၆)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr.Somkid Jatusripitak နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေး၊ အခြေခံအဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံ ခရီးသွား၊ နယ်စပ်ကုန်သွယ်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ တိုးမြှင့်ရေးဆွေးနွေး



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak တို့ နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်** (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံခရီးသွားကဏ္ဍပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးမြှင့်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻



KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# စစ်တွေဆိပ်ကမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ

ရခိုင်ပြည်နယ် စစ်တွေမြို့၌ အိန္ဒိယနိုင်ငံက တာဝန်ယူဆောက်လုပ်နေသည့် ဆိပ်ကမ်းသည် ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါသည်။ စစ်တွေဆိပ်ကမ်းပြီးစီးပါက စစ်တွေ- ပလက်ဝသို့ ကုန်တန်ချိန် ၃၅၀၀ မှ ၄၀၀၀ အထိ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး စစ်တွေမှ ကာလကတ္တားသို့ ကုန်တန်ချိန် ၂၀၀၀၀ အထိ တိုက်ရိုက်သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ပါသည်။ ကုလားတန်မြစ်ကြောင်းတစ်လျှောက် စစ်တွေမှ ပလက်ဝအထိ သောင်များကိုလည်း တူးထားပြီးဖြစ်၍ ကုလားတန်စီမံကိန်း၏ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအပိုင်းမှာ အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။

ကုလားတန်ဘက်စုံစီမံကိန်းသည် အိန္ဒိယနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ကာလကတ္တားမြို့နှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် စစ်တွေမြို့တို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်မည်ဖြစ်ပြီး စစ်တွေမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကို ကုလားတန်မြစ်ကြောင်းလမ်းနှင့် မော်တော်ကားလမ်းတို့ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကုလားတန်ဘက်စုံစီမံကိန်းကြောင့် ကာလကတ္တားမြို့နှင့် စစ်တွေမြို့အကြား ခရီးအကွာအဝေးသည် နဂိုမူလကုန်းကြောင်းလမ်းမှတစ်ဆင့် ဆက်သွယ်မှုနှင့် နှိုင်းယှဉ်ပါက ၁၃၂၈ ကီလိုမီတာအထိ ကျုံ့ဝင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား အပြန်အလှန်ကုန်သွယ်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ပလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ မော်တော်ကားလမ်းဖောက်လုပ်မည်ဖြစ်၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ မီဇိုရမ်ပြည်နယ်သည်လည်း ကုလားတန်ဘက်စုံစီမံကိန်းကြောင့် ကုန်းတွင်းပိတ်ဖြစ်နေရာမှ ပင်လယ်ရေကြောင်းလမ်းပွင့်သွားမည်ဖြစ်ပါသည်။

ကုလားတန်ဘက်စုံစီမံကိန်း အလားအလာများကို အိန္ဒိယနိုင်ငံ မိုရေးမြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့ကိုဖြတ်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ဆက်စပ်မည့် သုံးနိုင်ငံဖြတ်ကျော်စီမံကိန်းနှင့် ပေါင်းစပ်ခြုံငုံသုံးသပ်ပါက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အတွက်သာမက မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံစလုံးအတွက် အခွင့်အလမ်းကောင်းများ တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤအခွင့်အလမ်းကောင်းတို့ကို အပြည့်အဝအသုံးချနိုင်ရေးအတွက် နိုင်ငံတွင်း ငြိမ်းချမ်းရေးရရှိရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်ကို သတိပြုရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ရေးကို တိုက်တွန်းနှိုးဆော်လျက် စစ်တွေဆိပ်ကမ်း ရာနှုန်းပြည့်နီးပါး ပြီးစီးခြင်းကို ဂုဏ်ပြုကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ ။

## ငြိမ်းချမ်း ချစ်ကြည်၊ တွဲလက်ညီ ပြည်ထောင်စုသား သွေးချင်းများ။

# အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသော အလယ်အလတ်အဆင့်ဥပဒေအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က ယခုမွမ်းမံသင်တန်း၌ တက်ရောက်ခဲ့သည့် ဥပဒေအရာရှိများသည် အလယ်အလတ်အဆင့် ဥပဒေအရာရှိများဖြစ်၍ ထမ်းဆောင်ရမည့် တာဝန်များသည် တာဝန်ကြီးသည့်အလျောက် အရာရှိများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုသင်တန်းတွင် ဥပဒေကြမ်းများရေးဆွဲစိစစ်ခြင်း၊ စာချုပ်စာတမ်းများအပေါ် အကြံပေးခြင်း၊ အမှုလိုက်လုပ်ငန်းများတွင်လည်း မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု စသည့် တင်သွင်းရသည့် လျှောက်လွှာရေးသားနည်းများ၊ တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ၊ တရားမမှုများစပ်လျဉ်းသည့် နို့တစ်စာ၊ ဆိုလွှာ၊ ချေလွှာ၊ သမ္မန်စာချအပ်ခြင်း အဆင့်ဆင့်တို့ကို အရာရှိများကလည်းကောင်း၊ ပြင်ပပညာရှင်များကလည်းကောင်း ဆွေးနွေးပို့ချစာတမ်းများရေးသားခြင်းများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ရက်သတ္တသုံးပတ်သာ ဖြစ်သော်လည်း သင်တန်းသားများအတွက် ထိထိရောက်ရောက်အကျိုးရှိခဲ့သဖြင့် သင်တန်းသားအရာရှိများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်သည် သင်တန်းတွင် ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လယ်ယာကဏ္ဍရေသွင်းစိုက်ပျိုးမှု ဖွံ့ဖြိုးရေးသင်တန်းပို့ချ

**တပ်ကုန်း ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ ၂၀၁၆-၂၀၁၇ လယ်ယာကဏ္ဍရေသွင်းစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (ADSP) အစီအစဉ်ဖြင့် တောင်သူလယ်သမားများအား သင်တန်းဖွင့်လှစ်သင်ကြားပို့ချမှုကို ဖေဖော်ဝါရီ ၁ ရက်မှ ၂ ရက်အထိ မကျီးပင်ကျေးရွာ KC ၌ ကျင်းပရာ ဆင်သေဆည်ရေသောက်လက်ဝဲမြောင်းမကြီး၌ ပါဝင်သော ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ မြေအသုံးချရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်နှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချတာဝန်ခံ ဦးထွန်းထွန်းလင်းတို့က လယ်ယာကဏ္ဍ ရေသွင်းစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများကို သင်ကြားခဲ့ကြောင်း သိရသည်။ တပ်ကုန်းမြို့နယ်၌ အလားတူသင်တန်းများကို ညောင်လွန့်ကျေးရွာ KC နှင့် ရှောက်ကုန်းကျေးရွာ KC တို့၌လည်း သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**




## စည်းလုံးမှု ပုံရိပ်၊ ညီညွတ်မှု စိတ်ထား ပြည်ထောင်စု၏ နှလုံးသား။

# ပေါက်မြို့နယ်၌ လျှပ်စစ်ဗို့အား တိုးတက်ကောင်းမွန်ရရှိ

**မကွေး ဖေဖော်ဝါရီ ၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ ယခင်က ပခုက္ကူမြို့နယ် ကမ္မမြို့ရှိ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီဓာတ်အားလိုင်း မိုင် ၃၀ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ယခုအခါ ပေါက်မြို့၌ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံအသစ်တည်ဆောက်ပြီးစီးပြီဖြစ်၍ ယင်းခွဲရုံမှ လက်ရှိ ၁၁ ကေဗွီလိုင်းနှင့် ချိတ်ဆက်ပြီး ဇန်နဝါရီ ၃၁ ရက်က ပေါက်မြို့နယ်အတွင်း စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ယခင် ကမ္မဓာတ်အားခွဲရုံမှ ဓာတ်အားရယူစဉ် မြို့ပေါ် (11/0.4) KV ထရန်စဖော်မာများ၏ ၄၀၀ ဗို့ (Three Phase) လိုင်း၌ Phase to Phase (335) V မှ ယခုအခါ Phase to Phase (385) V အထိရှိလာပြီး ဗို့အားကျဆင်းမှုကို လျှော့ချနိုင်ပြီဖြစ်သည်။

ပေါက်မြို့နယ်အတွင်း ဗို့အားတိုးတက်ကောင်းမွန်လာပြီဖြစ်၍ ဓာတ်အားပြတ်တောက်မှုများနှင့် ယူနစ်ပျောက်ဆုံးမှုများပြားခြင်းတို့ကို လျှော့ချနိုင်တော့မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ ・ ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ ・ ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မိမိတို့နိုင်ငံ ငြိမ်းချမ်းမှ ကယ်ဆယ်ရေးစခန်းများလည်း ပပျောက်သွားမည်ဖြစ် မပပျောက်မချင်း စခန်းများ၌ နေနေရသည့် ပြည်သူများ၏အကျိုးကို ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လှူဒါန်းသည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

## ကူညီရမည်

ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ ယခုလို ထောက်ပံ့ငွေပေးခြင်းမှာ နယ်မြေလုံခြုံရေး အခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့ နေထိုင်သူများအတွက် ထောက်ပံ့ပေးခြင်း ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးကို ဦးစားပေးစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးသည် အာဟာရပြည့်ဝရေးနှင့်လည်း ဆက်နွယ်နေသည့်အတွက် နိစ္စဓူဝစားသောက်ရေးကိုလည်း အဓိကထားရမည်ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကလေးသူငယ်များလည်း ရှိသည့်အတွက် ကလေးသူငယ်များ ပညာရေးကို ဆက်လက်သင်ယူနိုင်အောင် ကူညီရမည်ဖြစ်ပါကြောင်း။

## တတ်နိုင်သမျှပံ့ပိုးပေးစေချင်

ကယ်ဆယ်ရေး စခန်းများတွင် နေထိုင်စဉ်အတွင်း အကျိုးတစ်ခုခုရစေချင်ပါကြောင်း၊ ပညာတစ်ခုခုရသွားစေချင်ပါကြောင်း၊ ကလေးများသာမက လူကြီးများအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာများကို တတ်နိုင်သမျှ ပံ့ပိုးပေးစေချင်ပါကြောင်း။

## လွတ်လွတ်လပ်လပ်စဉ်းစား

ယခုလိုစခန်းမျိုးတွင် နေထိုင်သည်မှာ မည်သို့မျှမကောင်းဘဲ မည်သူမျှ ရေရှည်မနေချင်ပါကြောင်း၊ ထို့ကြောင့် အမြန်ဆုံးကိုယ့်အိမ်ကိုယ့်ယာ ပြန်နိုင်အောင် လုပ်ပေးစေချင်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို လွတ်လွတ်လပ်လပ်စဉ်းစားပြီးဆုံးဖြတ်ရန် ဖြစ်ပါကြောင်း။

## နည်းလမ်းရှာပြီး ကူညီရမည်

အမျိုးသမီးများအား အိမ်တွင် နေထိုင်ပြီး လုပ်ကိုင်နိုင်သည့် အသက်မွေးဝမ်းကျောင်းပညာများ သင်ပေးစေချင်ပါကြောင်း၊ သို့မှသာ နောင်ပြန်ပြီး ကိုယ့်ရပ်ကိုယ့်ရွာပြန်သွားလျှင် အရင်စခန်း၌ နေထိုင်ခဲ့ရသည်မှာ အကျိုးမဲ့မဟုတ်ဘဲ မိမိတို့ပညာတစ်ခုတတ်လာပြီး ယင်းပညာနှင့် မိမိတို့ဘဝ ပိုပြီးဖူလုံနိုင်အောင်လုပ်နိုင်သည့် အခွင့်အရေးများ ရပြီဆိုသည့် စိတ်ဓာတ်ဖြစ်စေချင်ပါကြောင်း၊ ဘယ်လိုအခြေအနေမျိုးမှာ ရောက်နေရောက်နေ ပိုမိုတိုးတက်နိုင်ရန်အတွက် နည်းလမ်းရှာပြီး ကူညီရမည်ဖြစ်ပါကြောင်း။

## ငြိမ်းချမ်းရေးစိတ်ဓာတ်များပွားများ


နယ်မြေတည်ငြိမ်သွားပြီ၊ လုံခြုံသွားပြီဆိုလျှင် မိမိတို့ပြည်သူများက နောင်ယခုလိုစခန်းများတွင်နေရန် မလိုတော့ဘူးဟု မျှော်လင့်ပါကြောင်း၊ ထို့အတွက်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ငြိမ်းချမ်းမှ ယခုလိုစခန်းများလည်း ပပျောက်သွားမည် ဖြစ်ပါကြောင်း၊ မပပျောက်မချင်း ယခုလိုစခန်းများတွင် နေနေရသည့် ပြည်သူပြည်သားများ၏ အကျိုးကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လှူဒါန်းငွေများကို အသုံးပြုသည့်အခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်များ ပွားများအောင်လည်း လုပ်ပေးစေချင်ပါကြောင်း။

## မျှဝေပြီးခံစားမည်

ကယ်ဆယ်ရေး စခန်းများတွင် တိုင်းရင်းသားလူမျိုးစုအမျိုးမျိုး ရှိနေပါကြောင်း၊ မိမိတို့အားလုံး ပြည်ထောင်စုသားများဖြစ်သည့်အတွက် ယခုလို ဒုက္ခခံရလျှင်လည်း အတူတူခံမည်၊ အကျိုးအမြတ်ရှိလျှင်လည်း မျှဝေပြီးခံစားမည်ဆိုသည့် စိတ်ဓာတ်များ ဖြစ်စေချင်ပါကြောင်း။

## အေးအတူပူအမျှ နေထိုင်

လူများစုဖြစ်သည့် ဗမာများကသာ အခွင့်အရေး ရနေသည်ဆိုသည့် စိတ်ဓာတ် မိမိတို့တိုင်းရင်းသားများ နှလုံးသားထဲတွင် ရှိသွားပြီဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် လွယ်ကူမည်မဟုတ်ပါကြောင်း၊ မိမိတို့အားလုံးမျှဝေပြီး ဤပြည်ထောင်စုကြီးတွင် အေးအတူပူအမျှနေထိုင်လိုပါကြောင်း ပြောကြားသည်။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေတ္တပြောင်းရွှေ့သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံယူစဉ်** (သတင်းစဉ်)

## ပြန်လည်ပေးအပ်

ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၀ ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အသက်ကယ် အောက်ဆီဂျင်ဘူးများ ငှားရမ်းအသုံးပြုနိုင်

**သီပေါ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ပန်းတိမ်မြောက်ရပ်နေ စေတနာရှင် ဦးတင်ဦး-ဒေါ်အယ်လ်ဇီး (မေတ္တာမွန်)မိသားစုက ဝေဒနာရှင်များ အသက်ကယ်အောက်ဆီဂျင်ဘူးများလိုအပ်လျှင် ကူညီငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်မြေးလေးကျန်းမာရေးချို့တဲ့ပြီး အရေးပေါ်အသက်ကယ်အောက်ဆီဂျင်ဘူး အသုံးပြုဖို့လိုအပ်ချိန်မှာ အချိန်မီမရရှိခဲ့ပါဘူး။ ဒါကြောင့် ကျောက်မဲကိုဖုန်းဆက်ပြီး မှာရပါတယ်။ ကံကောင်းထောက်မလို့မြေးလေးအသက်ရှင်ခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့် ကိုယ်ချင်းစာတရားရှေးရှုပြီး ကျွန်တော်ကဲ့သို့စိတ်သောကမဖြစ်ရအောင် အသက်ကယ်အောက်ဆီဂျင်ဘူးတွေကို လိုအပ်တဲ့အချိန်တိုင်း အသုံးပြုနိုင်အောင် လူမျိုးဘာသာမရွေး သုံးစွဲနိုင်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်"ဟု ဦးတင်ဦးက ပြောပြသည်။ **စိုင်း(သီပေါ)**

*** ရှေ့ဖုံးမှ**

### အပြန်အလှန် လက်မှတ်ရေးထိုး

နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ထားဝယ်အထွေထွေ ရောဂါကုဆေးရုံအရေးပေါ်ဌာန အဆင့်မြှင့်တင်ရေးစီမံချက် နားလည်မှုစာချွန်လွှာ၊ ငါးလုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အဆင်ပြေ စွာ ငွေလွှဲပို့နိုင်ရန် မြန်မာ့စီးပွားရေးဘဏ်နှင့် Krung Thai Bank တို့အကြား ချုပ်ဆိုသည့် ငွေကြေး လွှဲပြောင်းမှုဆိုင်ရာ သဘောတူစာချုပ်တို့ကို နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများက အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

### တက်ရောက်

နှစ်နိုင်ငံဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက် ရောက်ကြသည်။

### တည်ခင်းဧည့်ခံ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အား သင်္ဂဟဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်** H.E.Dr. Somkid Jatusripitak **အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr. Somkid Jatusripitak တို့ ရှေ့မှောက်၌ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများက ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးစဉ်**
(သတင်းစဉ်)

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (Norwegian Environment Agency) တို့ပူးပေါင်း၍ ၂၀၁၇ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးသည် ပထဝီအနေအထားအရ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ပဲခူး-စစ်တောင်း မြစ်ဝှမ်းဒေသနှင့် မုတ္တမပင်လယ်ကွေ့ဒေသများ၏ ရေဝေရေလဲဒေသ ဖြစ်သည့် ပဲခူးရိုးမတည်ရှိနေခြင်းနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံများ ပေါများခြင်းတို့ကြောင့် ရေဝပ်ဒေသဂေဟစနစ် (Wetland Ecosystems) များစွာကို ပိုင်ဆိုင်လျက်ရှိသည်။ ယင်းတို့မှ ရရှိသောဂေဟစနစ်ဝန်ဆောင်မှု (Ecosystem Services) များကြောင့် နိုင်ငံစားနပ်ရိက္ခာ၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားပြီး ပြည်ပပို့ကုန် ဆန်စပါး၊ စားသုံးသီးနှံနှင့် ရေထွက်ပစ္စည်း အများဆုံးထုတ်လုပ်ရရှိနေသည့်ဒေသတစ်ခုဖြစ်သည်။ ရေဝပ်ဒေသများသည် တိုင်းဒေသကြီးတစ်ခုတည်းအတွက်သာမက တစ်နိုင်ငံလုံးအတွက်အရေးပါသည့်အပြင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် သဘာဝဘေးအန္တရာယ်မှလည်း ကာကွယ်နိုင်သဖြင့် ရေဝပ်ဒေသများကို အလေးထားထိန်းသိမ်းရမည်ဖြစ်သည်။

ရေဝပ်ဒေသများရှိ ဌာနေရေပျော်ငှက်များ၊ ကမ္ဘာ့မြောက်ခြမ်းမှ လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များသည် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် ဆွဲဆောင်လျက်ရှိပြီး ထင်ရှားသည့်သဘာဝအခြေခံခရီးသွားလုပ်ငန်းနေရာ တစ်ခုဖြစ်၍ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမရှိဘဲ ဒေသခံပြည်သူများအတွက် ဝင်ငွေနှင့်အလုပ်အကိုင်များတိုးတက်ရရှိရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုလည်းဖြစ်သည်။ ရေဝပ်ဒေသတစ်ခုပျက်စီးသွားပါက ပြန်လည်ကောင်းမွန်လာအောင် ပြုလုပ်နိုင်ရေးခက်ခဲကာ ကုန်ကျစရိတ်မြင့်မားသဖြင့် ရေဝပ်ဒေသများ ရေရှည်တည်တံ့စေပြီး ရရှိသည့် သဘာဝအရင်းအမြစ်များကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်း၍ ရေဝပ်ဒေသများကိုထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်းနှင့် အသုံးပြုခြင်းများဆောင်ရွက်ရန်လိုအပ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ရေဝပ်ဒေသရေရှည်တည်တံ့ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်သွားမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုထိန်းညှိရေးတို့အတွက်လည်း အရေးပါသည့်ရေဝပ်ဒေသများကို စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် စနစ်တကျစီမံခန့်ခွဲအသုံးချသွားရမည်ဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ရေဝပ်ဒေသဂေဟစနစ်များ ဖြစ်ပေါ်လာရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

သဘာဝဘေးအန္တရာယ်များလျော့ကျစေရေးအတွက်ရေဝပ်ဒေသများ၏အကျိုးကျေးဇူးအရေးပါမှုများအပေါ် သိမြင်နိုးကြားမှုမြင့်မားလာစေရန်၊ ဆက်စပ်ဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ပထမဦးဆုံး Ramsar Site ဖြစ်သည့် မိုးယွန်းကြီးအင်းဘေးမဲ့တော၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ယာဉ်စီးခနှုန်းထားများ လျှော့ချပြေးဆွဲ

**ဒလ ဖေဖော်ဝါရီ ၂**

ဒလမြို့နယ်နှင့် တွံတေးမြို့နယ်သို့ သွားလာနေကြသော ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသော စူပါကာစတန် အမြန်ငယ်ယာဉ်လိုင်းက ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ ယာဉ်စီးခနှုန်းထားများ လျှော့ချပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်းသည် ယခင်က လူတစ်ဦးလျှင် ယာဉ်စီးခ ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြောင်းလဲကျင့်သုံးလိုက်သည့် သယ်ယူပို့ဆောင်ရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ခရီးသွားပြည်သူများ ယာဉ်စီးခသက်သာစေရန် ရည်ရွယ်ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးအေးကျော်က ပြောကြားသည်။ ယခု ယာဉ်စီးခနှုန်းထား လျှော့ချပြေးဆွဲသော ယာဉ်လိုင်းမှာ ယခင် ရွှေရန်ကုန်ယာဉ်လိုင်းနှင့် တောင်ပိုင်းခရိုင် ယာဉ်လိုင်းတို့က ပူးပေါင်း၍ ယာဉ်စီးရေ ၁၅ စီးဖြင့် ပြေးဆွဲနေခြင်းလည်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က လှိုင်သာယာမြို့နယ်မှ တွံတေးမြို့နယ်သို့ ပြေးဆွဲယာဉ်လိုင်းအမှတ် YBS - 47၊ ဒလမြို့နယ်မှ တွံတေးမြို့နယ်သို့ YBS -48၊ လှိုင်သာယာမြို့နယ်မှ ကွမ်းခြံကုန်းမြို့နယ်သို့ YBS-49 ဖြင့် သတ်မှတ်ထားပြီး ယခုဈေးနှုန်းလျှော့ချပြေးဆွဲသည့် ယာဉ်လိုင်းအမှတ်မှာ YBS-48 ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# တိုင်းပြည်တည်ငြိမ်အေးချမ်းရန် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် Mr. Thomas J. Vallely ဦးဆောင်သည့် ဟားဗတ်ဒ် တက္ကသိုလ်အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း၊ အက်ရှ် စင်တာနှင့် မြန်မာနိုင်ငံအခြေစိုက် ပရော်ဂျက်စီမီတီဒီဗိုင်းအဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

Mr. Thomas J. Vallely က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် သဘောထားအမြင်များ၊ အင်ဒိုနီးရှားနိုင်ငံတွင် OIC အစည်းအဝေး ပြုလုပ်ခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်အရေးကိစ္စများ အပေါ် နိုင်ငံတကာနှင့်ယှဉ်၍ လေ့လာသုံးသပ်ချက်များကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Mr. Thomas J. Vallely ဦးဆောင်သည့် ဟားဗတ်ဒ်တက္ကသိုလ်အုပ်ချုပ်မှုပညာဆိုင်ရာ ကနေဒီကျောင်း၊ အက်ရှ် စင်တာနှင့် မြန်မာနိုင်ငံအခြေစိုက် ပရော်ဂျက်စီမီတီဒီဗိုင်းအဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းလေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

**အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ယခုနှစ်သည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကြေညာစာတမ်း (၁၀)နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အရေးပါသော စာတမ်းတစ်ခုအား သဘောတူ လက်မှတ်ရေးထိုးခဲ့သည်မှာလည်း (၁၀)နှစ်ပြည့်မြောက်သည့် နေ့လည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှုများ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ဆက်နွယ်မှုရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြပြီး တိုင်းရင်းသားများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြရန်နှင့် သဟဇာတဖြစ်ရန်လည်း ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကြေညာစာတမ်းပါ အချက်အလက်များကို သိရှိနားလည်ခြင်းဖြင့် မိမိတို့၏ ငြိမ်းချမ်းပြီး ခွဲခြားချိုးနှိမ်မှုမရှိသော သဟဇာတဖြစ်သည့် လူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။




တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ရရှိနိုင်အောင် တိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ရန်နှင့် မတူညီခြားနားမှုများကို အချင်းချင်းလေးစားရန်ကို အလေးထား ဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ခုမှာ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ တန်းတူညီမျှမှု ရရှိစေရန်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေများ ချမှတ်ရေးဆွဲခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကြေညာစာတမ်းပါအချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်နှင့် ကိုက်ညီနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UN Resident Coordinator မှ Mr.Pablo Barrera က ယခုကဲ့သို့ အရေးကြီးသည့်ပွဲကိုကျင်းပခွင့်ရသည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ဌာနေတိုင်းရင်းသားများ အနေဖြင့် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့လူဦးရေ၏ ၅ ရာခိုင်နှုန်းခန့်သာရှိပြီး အနည်းဆုံး လူဦးရေထဲတွင် ပါဝင်နေပါကြောင်း၊ ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြေယာပိုင်နက်နယ်မြေ သဘာဝအရင်းအမြစ်များ ကွပ်ကဲထိန်းသိမ်းခြင်းဖြင့် ၎င်းတို့၏ အဆောက်အအုံများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ ထိန်းသိမ်းခြင်းနှင့် ပိုမိုအားကောင်းသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန်၊ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကား အပါအဝင် အခြားသော အလေ့အထများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းကို ၂၀၀၇ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဤကြေညာစာတမ်းပါ ဌာနေတိုင်းရင်းသားများ လူမျိုးများ၏ အခွင့်အရေးများ အသိအမှတ်ပြုခြင်းဖြင့် တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားခြင်း၊ ခွဲခြားဆက်ဆံမှုကင်းမဲ့ခြင်း၊ ကောင်းမွန်သော စိတ်ရင်းစေတနာ စသည့်မှုများပေါ် အခြေခံပြုလုပ်သော နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအကြား သဟဇာတရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သော ဆက်ဆံရေးများကို တိုးမြှင့်စေမည်ဟု မိမိတို့ ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ချင်းလူ့အခွင့်အရေးအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဆလိုင်းဇအုပ်လိန်း၊ International Fund for Agricultural Development မှ ဌာနေကိုယ်စားလှယ် ဦးအောင်လှိုင်နှင့် UN Permanent Forum on Indigenous Issues မှ Vice Chair ဖြစ်သူ Mr. Raja Devasish Roy တို့က အမှာစကားပြောကြားကြသည်။

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်းပါ အကြောင်းအရာများ လေ့လာခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ကြေညာစာတမ်းပါ အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အဆင်ပြေစွာငွေလွှဲပို့နိုင်ရန် မြန်မာ့စီးပွားရေးဘဏ်နှင့် KTB တို့ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူဗဟိုပြုဝန်ဆောင်မှုစနစ်နှင့်အညီ နယ်ပယ်ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ လုပ်ခ၊ လစာများအား မိမိနိုင်ငံသို့ အသက်သာဆုံး၊ အလွယ်ကူဆုံး၊ လုံခြုံမှုအရှိဆုံးဖြင့် ငွေလွှဲပို့နိုင်ရန် မြန်မာ့စီးပွားရေးဘဏ်နှင့် Krung Thai Bank (KTB)၏ KTB Corporate Online Asean Payment Gateway အား အသုံးပြု၍ ငွေလွှဲပို့နိုင်ရေး သဘောတူစာချုပ်အား ယနေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူစာချုပ်အရ ၂၀၁၇ ခုနှစ် ဧပြီ ၃ ရက်မှစ၍ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ လုပ်ခ၊ လစာများအား မြန်မာနိုင်ငံရှိ မိသားစုများထံ လုံခြုံစိတ်ချစွာ လွှဲပို့နိုင်ရန် ထိုင်းနိုင်ငံ၊ Krung Thai Bank မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင်မဆို လွှဲပြောင်းပေးပို့ ထုတ်ယူနိုင်မည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေလွှဲခနှင့် အခြားဝန်ဆောင်မှုစရိတ်များ ကောက်ခံခြင်းပြုမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ *ကျောဖုံးမှ*

တစ်ပေါင်းတည်းကျင်းပခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်နောက်ဆုံးအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ၁၂ သင်းမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ကျန်အသင်းများမှာ တတိယအဆင့်ခြေစစ်ပွဲထပ်မံယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အသင်း ၂၄ သင်းကို လေးသင်းခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုများမဲခွဲခဲ့ရာ မြန်မာအသင်းသည် အုပ်စုကျပ်ကို ရှောင်လွဲနိုင်ခဲ့သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုမဲခွဲရာတွင် အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအို အသင်းတို့နှင့် ကျရောက်ခဲ့သည်။ ယင်းအသင်းများနှင့် မြန်မာအသင်းမှာ ပုံမှန်တွေ့ဆုံနေသည့် အသင်းများမဟုတ်ဘဲ ရံဖန်ရံခါသာ တွေ့ဆုံဖူးသောကြောင့် သတိထားယှဉ်ပြိုင်ရမည်ဖြစ်သည်။မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ၂၀၁၃ ခုနှစ်၊ ကာဂျစ္စတန်အသင်းနှင့် ၂၀၁၄ ခုနှစ်ကနောက်ဆုံးတွေ့ဆုံခဲ့ပြီး ယင်းနောက်ပိုင်းတွင် တွေ့ဆုံတော့ခြင်းမရှိပေ။

မြန်မာ့ လက်ရွေးစင်အသင်းသည် အာရှဖလား နောက်ဆုံးအဆင့်သို့ တစ်ကြိမ်သာယှဉ်ပြိုင်ဖူးပြီး ၁၉၆၈ ခုနှစ်နောက်ပိုင်း ယှဉ်ပြိုင်ခွင့် မရတော့ပေ။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၇ ပြိုင်ပွဲမှစ၍ အာရှဖလားပြိုင်ပွဲဝင်ခွင့်ကို AFC Challenge Cup ပြိုင်ပွဲနှင့် ချိတ်ဆက်ခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရရန် ပိုမိုခက်ခဲခဲ့ပြီး ၂၀၁၅ ပြိုင်ပွဲပြီးမှ ယင်းစနစ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲအုပ်စုပွဲ တစ်ပွဲစီ မကစားခင်တိုင်း နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲစီ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ပထမဆုံးပွဲအဖြစ် မတ် ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ဗိုလ်လုပွဲတက်ရောက်ဖူးသည့် တစ်သင်းတည်းသော အသင်းဖြစ်သည့် မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။

❒ *ကျောဖုံးမှ*

ထို့ကြောင့် စိုက်ပျိုးမြေဖော်ထုတ်ရန် မြေနေရာများရှိသော လဟယ်မြို့နယ်အတွင်းရှိ ဂပုံးကျေးရွာအုပ်စု စံပြ ကျေးရွာ၊ အံ့ပေါ်ကျေးရွာအုပ်စုရှိ အံ့ပေါ်ကျေးရွာနှင့် တိုက်ရံကျေးရွာများတွင် စိုက်ပျိုးမြေဖော်ထုတ်ခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွင်းရေနုတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများကူညီကာ မျှဝေခြင်းအစီအစဉ်မှ စက်သုံးဆီဖိုးများကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ဒေသနေပြည်သူများ အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၃၆၅ သိန်းတန်ဖိုးရှိ ထွန်စက်အသစ်တစ်စီးကိုလည်း မျှဝေခြင်းအစီအစဉ်မှ ပေးပို့ လှူဒါန်းပြီးဖြစ်သည်။ စံပြကျေးရွာတွင် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၄ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးမြေ ၁၅ ဧက ခန့် ဖော်ထုတ်ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိနေသော လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွင်းရေနုတ်မြောင်းတူးဖော် ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉) ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄/၂၀၁၇ )
၁၃၇၈ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦး တို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကယားပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၇၂၄<br>ဗိုလ်မှူး မင်းသူ | **(အစား)** | ကြည်း ၂၂၀၀၀<br>ဗိုလ်မှူးကြီး မြင့်ဝေ |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၆၀၀၁<br>ဗိုလ်ကြီး ဝင်းမင်းအောင် | **(အစား)** | ကြည်း ၄၆၃၁၂<br>ဗိုလ်ကြီး သက်ဇော်လင်း |
| (၃) | ကြည်း ၃၆၀၁၀<br>ဗိုလ်ကြီး ခန့်ဟိန်း | **(အစား)** | ကြည်း ၅၀၁၇၂<br>ဗိုလ်ကြီး ရန်မျိုးအောင် |

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၄၃၂၅၉<br>ဗိုလ်ကြီး သက်နိုင်စိုး | **(အစား)** | ကြည်း ၂၆၉၃၄<br>ဗိုလ်မှူးကြီး ကျော်ဇေယျ |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၅) | လေ ၃၀၈၈<br>ဗိုလ်မှူး ရန်နိုင်စန်း | **(အစား)** | လေ ၂၈၅၅<br>ဗိုလ်မှူး ကျော်သူရ |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၃၀၈၆၀<br>ဒုတိယဗိုလ်မှူးကြီး မင်းဦး | **(အစား)** | ကြည်း ၃၀၄၃၁<br>ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထွေး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၃၆၂၅၈<br>ဗိုလ်မှူး စံသာနေအောင် | **(အစား)** | ကြည်း ၃၆၄၇၄<br>ဗိုလ်မှူး ကိုကိုလတ် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၈) | ကြည်း ၃၅၆၉၉<br>ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း | **(အစား)** | ကြည်း ၄၇၆၉၀<br>ဗိုလ်ကြီး အောင်သက်ဦး |
| (၉) | ကြည်း ၅၁၄၇၇<br>ဗိုလ်ကြီး မြတ်မင်းအောင် | **(အစား)** | ကြည်း ၁၉၃၁၅<br>ဗိုလ်မှူးကြီး မင်းမင်းလွင် |

**( တင်ထွန်း )**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E. Dr.Somkid Jatusripitak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၅ နာရီ ခွဲတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

**လှည့်လည်ဖူးမြော်ကြည်ညို**

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

# ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကို ကမ္ဘာ့အဆင့်အရေးပါသည့် ရေဝပ်ဒေသအဖြစ်သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကို ကမ္ဘာ့အဆင့်အရေးပါသည့် ရေဝပ်ဒေသ (Ramsar Site)အဖြစ် သတ်မှတ်လိုက်ကြောင်း ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားသည့် ပဲခူးတိုင်းမိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် ၂၀၁၇ ခုနှစ်ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားနှင့် ရေဝပ်ဒေသဘေးမဲ့တောများ စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်းဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပြောသည်။

"မြန်မာနိုင်ငံဟာ ရမ်ဆာကွန်ဗင်းရှင်းကို အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် မတ် ၁၇ရက်မှာ ဝင်ရောက်ခဲ့ပြီး မိုးယွန်းကြီးအင်းကို မြန်မာနိုင်ငံရဲ့ပထမဆုံး Ramsar Siteအဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။ အင်းတော်ကြီးဒေသကို ၂၀၁၆ ခုနှစ်မှာ ဒုတိယ Ramsar Site အဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တတိယမြောက် Ramsar Site အဖြစ် သတ်မှတ်ခံရတာကြောင့် အခုဆိုရင် မြန်မာနိုင်ငံမှာ Ramsar Site သုံးခု ရှိလာပြီဖြစ်ပါတယ်"ဟု ဦးခင်မောင်ရီက ပြောသည်။

မြန်မာနိုင်ငံတွင် Ramsar Site အဖြစ် သတ်မှတ်ခြင်းခံရသည့် ဧရိယာသုံးနေရာအထိ ရှိလာပြီဖြစ်ပြီး မုတ္တမပင်လယ်ကွေ့ဒေသကိုလည်း Ramsar Site အဖြစ် သတ်မှတ်နိုင်ရန် လွန်ခဲ့သည့် သုံးနှစ်ခန့်ကာလက စတင်ကြိုးပမ်းခဲ့သော်လည်း ယနေ့အထိ သတ်မှတ်ခံရခြင်းမရှိသေးကြောင်း သိရသည်။

Ramsar Site အဖြစ် သတ်မှတ်ခြင်းနှင့်ပတ်သက်၍ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက "မုတ္တမပင်လယ်ကွေ့က တကယ့်ကိုကျယ်ပြန့်တဲ့ ဧရိယာဖြစ်တယ်။ တိုင်းနဲ့ပြည်နယ်တွေ၊ မြို့နယ်တွေအများကြီးနဲ့ ဆက်စပ်နေတယ်။ အဲ့ဒီလိုနေရာမျိုးမှာ လွယ်လွယ်ကူကူလုပ်လို့မဖြစ်ဘူး။ သေချာစနစ်တကျလုပ်မှ နောင်ရေးအတွက်ကောင်းမယ်။ ရမ်ဆာဆိုက်ဒေသတစ်ခုကို သတ်မှတ်တဲ့အခါမှာ သတ်မှတ်လိုက်ရုံနဲ့ မပြီးသေးဘူး။ အဲ့ဒီမှာ အရင်ကဖြစ်ခဲ့တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ၊ ဒေသခံတွေရဲ့သဘောထားတွေ၊ အဲ့ဒီဒေသမှာရှိတဲ့ စီမံခန့်ခွဲတဲ့အဖွဲ့တွေ ဘယ်လောက်ရှိသလဲ။ စီမံခန့်ခွဲတဲ့အပိုင်းကို ဘယ်လောက်အထိသိသလဲ။ အဲ့ဒီကရလာမယ့် အကျိုးကျေးဇူးတွေကော သိနိုင်မလားဆိုတာ ကနဦးကွင်းဆင်းလေ့လာမှုတွေ ပြုရတယ်။ အဲ့ဒီတော့ ဧရိယာကျယ်ရင် ကျယ်သလောက် အချိန်ယူရတယ်၊ ကြာတယ်"ဟု ဆိုသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်မှုများပြုရာတွင် ဒေသခံများနှင့်ဒေသ၏ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ရမ်ဆာဆိုက်အဖြစ် သတ်မှတ်ခံရသော ဒေသများတွင် ပြုလုပ်နိုင်သည်။

ဆက်လက်၍ "ရမ်ဆာဆိုက်ထဲရောက်သွားရင်အဲ့ဒီနှစ်ခုကို တစ်ပြိုင်တည်းဟန်ချက်ညီညီနဲ့ သွားလို့ရအောင် Ramsar Convention Secretariat က ကူညီပေးနိုင်တယ်။ ကျွန်တော်တို့နိုင်ငံထဲမှာရှိတဲ့ ရေဝပ်ဒေသတွေကို အပြည်ပြည်ဆိုင်ရာစံချိန်၊ စံညွှန်းကိန်းတွေနဲ့ ဆက်လက်ဆောင်ရွက်ပါမယ်။ အင်းလေးကတော့ ရမ်ဆာတင်မကဘဲ ငှက်များပျံသန်းတဲ့ အဓိကကျတဲ့ဧရိယာ (Flyway Network) ဇုန်သတ်မှတ်နိုင်ဖို့ ကြိုးစားနေပါတယ်။ အခုလို ရေဝပ်ဒေသထိန်းသိမ်းရေးတွေလုပ်တဲ့အခါ များသောအားဖြင့် အပြည်ပြည်ဆိုင်ရာ နိုင်ငံခြားအဖွဲ့ကိုဖိတ်ခေါ်တယ်။ အဲ့ဒီလိုဖိတ်ခေါ်တော့ နိုင်ငံခြားသားပါ ပါတယ်ဆိုတော့ ခရီးသွားလုပ်ငန်းလည်း တစ်ခါတည်းပါလာတာပေါ့။ ခရီးသွားလုပ်ငန်းလုပ်တဲ့ အခါမှာလည်းဒေသကိုမထိခိုက်တဲ့ အစိမ်းရောင်စီးပွားရေး (Green Economy) ဖြစ်ဖို့လိုတယ်။ ခရီးသွားလုပ်ငန်းလုပ်တဲ့အခါ ဥပမာ အင်းလေးဆို အပျော်တမ်း မီးပုံးပျံစီး ခရီးသွားလုပ်ငန်းမဟုတ်တော့ဘဲ စီးပွားဖြစ်မီးပုံးပျံစီးလုပ်ငန်းလုပ်တယ်။ အဲ့ဒီမှာမီးပုံးပျံတွေက အင်းလေးကန်ပေါ်မှာ ဝဲနေတော့ အင်းလေးကန်မှာရှိတဲ့ ရေပျော်ငှက်တွေကလန့်ဖျပ်ပြီး ၅၀ ရာခိုင်နှုန်းအထက်ကို ကျသွားတယ်။ လုပ်ငန်းရှင်တွေကိုအပြစ်ပြောတာမဟုတ်ဘူး။ ဒေသနဲ့ကိုက်ညီတဲ့ စီးပွားရေးပုံစံမျိုး စဉ်းစားစေချင်ပါတယ်။ ဒါဟာအရေးကြီးပါတယ်"ဟု ပြောသည်။

ရေဝပ်ဒေသများသည် ဇီဝမျိုးကွဲများထိန်းသိမ်းရေးအတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များကို ရေရှည်တည်မြဲစေရန် ထိန်းညှိပေးခြင်း၊ ရှားပါးမျိုးစိတ်များနှင့် ဒေသမျိုးရင်းမျိုးစိတ်များ အဓိကကျက်စားရာဒေသအဖြစ်တွေ့ရှိရခြင်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ၊ ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားရေးကဏ္ဍများကို ရေဝပ်ဒေသများက အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ ရမ်ဆာကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင်ရှိသည့် ရေချိုအရင်းအမြစ်များ၏ ၇၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍအတွက် အသုံးပြုလျက်ရှိပြီး လယ်ယာကဏ္ဍတွင် လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များ၏ ၂၀ ရာခိုင်နှုန်းကို ရေဝပ်ဒေသများက အဓိက ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။




ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းကို ကမ္ဘာ့အဆင့်အရေးပါသည့် ရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်း ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms.ToneTinnes၊ ရမ်ဆာကွန်ဗင်းရှင်းအတွင်းရေးမှူးရုံး (Ramsar Convention Secretariat) မှ Dr. Lew Young တို့က အမှာစကားပြောကြားခဲ့ကြသည်။

မိုးယွန်းကြီးအင်း သဘာဝဘေးမဲ့တောတွင်ဝင်ရောက်သည့် ဆောင်းခိုငှက်နှင့် ဌာနေငှက်မျိုးစိတ် ၁၃၃ မျိုးဝင်လျက်ရှိရာ ယခုနှစ်တွင် ဆောင်းခိုငှက်အမျိုးပေါင်း ၄၀ ကျော်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်ကဆောင်းခိုငှက် ၄၉ မျိုး ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ၂၀၁၃ ခုနှစ်တွင် ပိုမိုကြပ်မတ်ဆောင်ရွက်ရန် FDA ကို တိုးချဲ့ဖွဲ့စည်းပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၏ **ခန္တီးမြို့နယ်တွင်ပါရှိသော ပါးရိုကျေးလက်ကျန်းမာရေးဌာနကို ပါးရိုကျေးရွာ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်း ရှိ မရှိ** မေးခွန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးလက်ကျန်းမာရေးပိုင်းတွင် ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၆၁၁ အိမ်၊ လူဦးရေ ၄၄၀၀ ရှိပါကြောင်း ၊ အကယ်၍ Station Hospital ပြုလုပ်မည်ဆိုပါက လူဦးရေတစ်သောင်းမှ တစ်သောင်းငါးထောင်အကြား ရှိရမည်ဖြစ်ပြီး သွားလာရေးလွယ်ကူပြီး အနီးအနားတွင်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ လူများလည်း အလွယ်တကူ လာရောက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အဆိုပါ Station Hospital မှ မြို့နယ်ဆေးရုံသို့ သွားရောက်ရန်လည်း လွယ်ကူရမည်ဖြစ်ပါကြောင်း၊ ကျန်သည့်အချက်များရှိသေးသော်လည်း လူဦးရေမှာ ၄၄၀၀ သာရှိသည့်အတွက် ဆေးရုံတစ်ရုံအဖြစ် သတ်မှတ်ပေးရမည်ဆိုပါက ဝန်ကြီးဌာန၏ ဘတ်ဂျက်အင်အား၊ လူအင်အား၊ ငွေအင်အားဖြင့် အဆင်မပြေနိုင်ပါကြောင်း၊ သို့သော်လည်း ပြန်၍ လေ့လာကြည့်ပါက အဆိုပါကျေးလက်ကျန်းမာရေးဌာနတွင် ဌာနခွဲငါးခုရှိပါကြောင်း၊ လိုအပ်သည့် ဝန်ထမ်းအင်အား လစ်လပ်နေမှုအခြေအနေများအပေါ် ပြန်လည်ခန့်ထားပေးသွားနိုင်တော့မည် ဖြစ်ပါကြောင်း၊ ဆေးရုံအတွက် လိုအပ်သည့် ကုသမှုဆိုင်ရာ ဆက်စပ်ပစ္စည်းများကိုလည်း အမြန်ဆုံးပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေအားဖြင့် ဆေးရုံကို တိုက်နယ်အဆင့်သို့ တိုးမြှင့်ပေးသွားနိုင်ဦးမည် မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၏ **ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်မှ ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပင်းတယမြို့နယ်ဆေးရုံသည် အနီးအနားတွင် ပွေးလှတိုက်နယ်ဆေးရုံ၊ မိုင်းအင်တိုက်နယ်ဆေးရုံတို့နှင့် နီးကပ်ပါကြောင်း ၊ ခုတင် ၅၀၀ ဆံ့တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးနှင့် ၆၃ မိုင်သာကွာဝေးပြီး ကားလမ်းဖြင့် ၂ နာရီသာ ကြာပါကြောင်း၊ ပွေးလှတိုက်နယ်ဆေးရုံနှင့် ရှစ်မိုင်သာကွာပြီး ကားလမ်းခရီးဖြင့် မိနစ် ၃၀ သာကြာပါကြောင်း၊ မိုင်းအင်တိုက်နယ်ဆေးရုံနှင့် ၁၂ မိုင်ကွာပြီး ကားလမ်းခရီးဖြင့် မိနစ် ၄၀ သာ ကွာဝေးပါကြောင်း၊ ခုတင် ၅၀ ဆံ့ဆေးရုံတစ်ခုတွင် ဝန်ထမ်းပေါင်း ၈၁ ယောက်ရှိရမည်ဖြစ်သော်လည်း ယခုအချိန်တွင် အဆိုပါဆေးရုံ၌ ဝန်ထမ်းအင်အား ၄၈ ယောက်သာ ရှိသည်ကို တွေ့ရပါကြောင်း ၊ အကယ်၍ ခုတင် ၅၀ မှ ၁၀၀ သို့ တိုးမြှင့်မည်ဆိုပါက ဝန်ထမ်းအင်အား ၂၀၁ ဦး ခန့်အပ်ရမည်ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောကာလတွင် ယင်းသို့ ဝန်ထမ်းတိုးမြှင့်ခန့်အပ်ရန်အခြေအနေ မပေးသေးပါကြောင်း၊ နောင်လာမည့် နှစ်ကာလများတွင်မူ ဖြစ်နိုင်ဖွယ် အလားအလာများရှိပါကြောင်း၊ လိုအပ်သည့် ဆရာဝန်၊ သူနာပြုအင်အားနှင့် ဝန်ထမ်းအင်အား၊ ဆေးပစ္စည်းကိရိယာများကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါကြောင်း၊ လက်ရှိကာလတွင် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိသေးသော်လည်း စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိကာ လိုအပ်လာသည့်အချိန်တွင် ချက်ချင်းတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်၏ **ဆားလင်းကြီးမြို့နယ်အတွင်းရှိ မတောင့်တကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၎င်းဆေးရုံကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း ၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံလည်း တင်ပြရရှိပြီးဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင်လည်း ခွင့်ပြုငွေရရှိရန် တင်ပြထားပါကြောင်း၊ ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးခဲ့ရာတွင်လည်း အလွန်ကောင်းမွန်သည့် အခြေအနေများကို တွေ့ခဲ့ရပါကြောင်း၊ ဆေးရုံအတွင်းတွင် စေတနာရှင်များက လှူဒါန်းထားသည့် ပစ္စည်းပစ္စယများမှာလည်း ပြည့်စုံမှုရှိသည်ကို သတိပြုမိပါကြောင်း၊ ယင်းပစ္စည်းများကို ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်

ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက **၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်** အဆိုတင်သွင်းရာ မန်တုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက ထောက်ခံပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်သည့်အတွက် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ရွှေဘိုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင် လတ်တင်သွင်းသည့် **ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ထန်းတပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ (၃) ရည်ရွယ်ချက်များမှာ အမျိုးအစားစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူတို့စားသုံးနိုင်ရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အစားအသောက်ကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်နိုင်ရန်၊ ထိန်းချုပ်အစားအသောက်ထုတ်လုပ်ခြင်းကို စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်၊ အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း ၊ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျကွပ်ကဲထိန်းသိမ်းရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အစားအသောက်နှင့်ပတ်သက်၍ စားသုံးသူပြည်သူဘက်မှ ကာကွယ်ပြဋ္ဌာန်းထားကြောင်းကို တွေ့ရပါကြောင်း၊ အထက်ဖော်ပြပါ ဥပဒေများကို လိုက်နာကျင့်သုံးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၁၉၉၅ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၏ ဌာနခွဲအဖြစ်သာ အစားအသောက်၊ ဆေးဝါးများနှင့် အလှကုန်၊ လူသုံးကုန်ပစ္စည်းများ အရည်အသွေးနှင့် ထိန်းသိမ်းရေးအတွက်သာ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပိုမိုကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းပေးခဲ့သော်လည်း FDA ၏ဆောင်ရွက်မှုသည် စားသုံးသူပြည်သူများ ကာကွယ်ပေးကြောင်း၊ ကျန်းမာရေးနှင့်မညီသော အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူး တင်သွင်းရောင်းချသူများအား ပွင့်လင်းမြင်သာစွာ အရေးယူကြောင်း တွေ့ရှိရခြင်းမရှိပါကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးဗဟုသုတ အားနည်းကြသဖြင့် မည်သည့်အစားအသောက်က ဘေးကင်းပြီး မည်သည့်အစားအသောက်က

*စာမျက်နှာ ၈ သို့*

# ချင်းပြည်နယ်ရှိ ကျေးရွာ ၂၉၀ အတွက် ဆိုလာစနစ်မီးလင်းရေး ဆောင်ရွက်သွားမည်



ဒုတိယဝန်ကြီး ဦးလှကျော်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဦးဌေးတင်း၏ ချင်းပြည်နယ် ပလက်ဝမြို့ပေါ် (၃) ရက်ကွက်တွင် နေထိုင်ပြီး မီတာဘောက် မတပ်ဆင်နိုင်သော ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် လက်လုပ်လက်စား မိသားစုများအတွက် ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နိုင်ငံတော်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီး ရရှိရေးစီမံကိန်း အားကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အမျိုးသား လျှပ်စစ်မီးလင်းရေးစီမံကိန်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်း ပြင်ပစနစ်ဖြင့် (Off-Grid) ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်း (On-Grid) ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NEP စီမံကိန်းအရ ကျေးရွာများရွေးချယ်ရာတွင် မဟာဓာတ်အားလိုင်းမှ ၁၀ မိုင်ကျော်ကွာဝေးပြီး ပြည်သူမှ ဘဏ္ဍာငွေအချိုးကျ ထည့်ဝင်နိုင်သော ကျေးရွာများအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် NEP စီမံကိန်းအရ ချင်းပြည်နယ်အတွင်း တီးတိန်၊ မင်းတပ်၊ ကန်ပက်လက်၊ ထန်တလန်၊ ပလက်ဝနှင့် တွန်းဇံမြို့နယ်များရှိ ကျေးရွာ ၂၉၀၊ အိမ်ခြေပေါင်း ၁၁၂၉၁ အိမ်အား ရန်ပုံငွေကျပ် ၄၄၁၁ ဒသမ ၀၆၁ သန်းဖြင့် ဆိုလာစနစ်မီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှာ ဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများအတွက် မီးလင်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပါ၍ မြို့ပေါ်ရပ်ကွက်များအတွက် ဆိုလာမီးတပ်ဆင်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။



ချင်းပြည်နယ် မဲဆန္ဒနယ်<br>အမှတ် (၁၁) မှ ဦးဌေးတင်း

**ချင်းပြည်နယ် မဲဆန္ဒနယ် (၁၂)မှ ဦးမျိုးထပ်၏ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ပေါ်ရှိ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်းမရှိသေးသည့် ဌာနဆိုင်ရာရုံးများအား အမြန်ဆုံး ဆောက်လုပ်ပေးခြင်း၊ ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးလှကျော်က ဆမီးမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(၁)ရုံး၊ မြို့အုပ်ချုပ်ရေးမှူးနေအိမ် (၂) ခန်းတွဲတစ်လုံး၊ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲတစ်လုံး၊ အုတ်ညှပ်အဆောက်အအုံ သုံးလုံး ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ရဲစခန်းတွင် အချုပ်ခန်းပါ ရဲစခန်းရုံးတစ်လုံး၊ အိမ်ရာခြောက်ခန်းတွဲတစ်လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ မီးသတ်စခန်းအတွက် အဆောက်အအုံတစ်လုံး ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအသစ်အရ ဆမီးမြို့ရုံးသည် ပလက်ဝမြို့နယ် ဦးစီးမှူးရုံး၏ ရှေ့တန်းရုံးအဖြစ် ထုတ်နုတ်အင်အားဖြင့်သာ ရုံးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေလုံလောက်မှု မရှိပါသဖြင့် ရုံးအဆောက်အအုံအသစ်ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆမီးမြို့ ရုံးဆောက်လုပ်မြေနေရာရရှိပြီးဖြစ်ကြောင်း၊ လမ်းဦးစီးဌာနရုံး၊ အင်ဂျင်နီယာနေအိမ်၊ ဝန်ထမ်းနေအိမ်ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးကို ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် လိုအပ်သောရုံးအဆောက်အအုံတစ်လုံးနှင့် ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲတစ်လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့ဦးစီးမှူးရုံး၊ မြို့ဦးစီးမှူးနေအိမ်၊ ဝန်ထမ်းနှစ်ခန်းတွဲ နေအိမ်တစ်လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ ဆမီးအခြေခံပညာအထက်တန်းကျောင်းဆောင် ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း၊ ဆမီးမြို့ လျှပ်စစ်မှူးရုံး၊ ဝန်ထမ်းအိမ်ရာ၊ ဒီဇယ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆမီးမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ မြို့နေပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ပီချောင်းမှ ရေသွယ်ယူပေးနိုင်ရန် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွဲဝေရရှိမှုအရ လတ်တလောဆောင်ရွက်ပေးရန်မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးလှကျော်က မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်ဇော်ဦး၏ စီမံကိန်းဆောင်ရွက်ရန်မြေနေရာအတွက် နစ်နာသည့် လယ်သမားများအား လျော်ကြေးပေးရန် မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) မှ ဒေါ်သန်းသန်းအေး၏ ပေ ၆၀ တံတား ပြုပြင်တည်ဆောက်ပေးရန်မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း၏ မြောင်းလက်တံအုတ်ရိုးကာရံပေးရန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေးတို့၏ ပင်းတယမြို့နယ် ရေရရှိရေးဆောင်ရွက်ပေးရန် မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့အပြင် အမျိုးသားလွှတ်တောက အတည်ပြု၍ ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ရုပ်သိမ်းပေးရန် သဘောမတူကြောင်း ပြန်လည်ပေးပို့လာခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အဆိပ်ဖြစ်သည်ကို ကောင်းမွန်မှန်ကန်စွာ မဆုံးဖြတ်နိုင်ပါကြောင်း၊ အခြေခံလူတန်းစားများသည် မိမိဝင်ငွေအလိုက် ရွေးချယ်သည့် နည်းလမ်းကိုသာ အသုံးပြုပြီး စားသုံးရသည့်အတွက် ဘေးကင်းပြီး အာဟာရပြည့်ဝသည့် အစားအသောက်များကို လက်လှမ်းမမီနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသားများ၏ အခြေခံအစားအသောက်ဖြစ်သော ငါးပိတွင် အာဆင်းနစ်ဓာတ်များ၊ ယူရီးယားဓာတ်မြေဩဇာများ၊ ဇရုတ်သီးဖြစ်သည့် အကြမ်းမှုန့်၊ အနုမှုန့်၊ အလျော်တောင့်မှုန့်၊ အစိမ်းမှုန့်တို့ကို ခွင့်မပြု ဆိုးဆေးများ ၊ မှိုဆိပ်များ ပါဝင်ကြောင်း လေ့လာဖတ်ရှုရသဖြင့် ကမ္ဘာတွင် မြန်မာနိုင်ငံသည် ကင်ဆာရောဂါ ဒုတိယအဖြစ်ပွားဆုံးနိုင်ငံ ဖြစ်နေခြင်းသည် မိမိတို့နိုင်ငံအတွက် အလွန်အန္တရာယ်ကြီးသည့် အခြေအနေပင်ဖြစ်ပါကြောင်း ၊ ထို့ထက်ပိုဆိုးသည်မှာ တိုင်းပြည်အနာဂတ်ဖြစ်သော ကလေးသူငယ် ကျောင်းသားလူငယ်များ နေ့စဉ်စားသုံးနေသည့် ကျောင်းမုန့်ဈေးတန်းတွင် အရည်အသွေးနိမ့်ပါးသော်လည်း အရောင်အသွေးစုံလင်စွာဖြင့် ဆွဲဆောင်လျက်ရှိသော တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် သရေစာများကို ထိန်းချုပ်နိုင်ခြင်း မရှိပါက ကလေးသူငယ်များ အဆိပ်ဒဏ်ခံစားရပြီး ရောဂါမျိုးစုံဖြင့် အသက်တိုမည့် မျိုးဆက်များ ဖြစ်လာမည့်အရေး စိတ်မအေးဖွယ် ဖြစ်ပါကြောင်း၊ ကျောင်းသားအရွယ် ကလေးငယ်များအတွက် ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဈေးကွက်သည် အလွန်ကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း ၊ ကလေးသူငယ်များ စားသုံးသော မုန့်ပဲသရေစာများတွင် အန္တရာယ်ကင်းရှင်းရေးကို ကျောင်းသားမိဘများနှင့် ဆရာများ အပါအဝင် ရောင်းချသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုသာ ကျန်းမာသန်စွမ်းသော ကလေးငယ်များကို ပိုင်ဆိုင်ကာ အနာဂတ်အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ၊ နုနယ်သော ကလေးသူငယ်များ၏ ကျန်းမာသန်စွမ်းသော နေထိုင်စားသောက်မှုကို အာမခံနိုင်မှုရှိစေရေးအတွက် တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစားအသောက်ထုတ်လုပ်သူများ၊ တင်သွင်းရောင်းချသူများ၏ အခန်းကဏ္ဍသည် အဓိကကျလာပါကြောင်း ရှင်းလင်းထောက်ခံ ဆွေးနွေးသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးက သဘာဝအရင်းအမြစ်များကို လျော့ယူသုံးစွဲပြီး တိုင်းပြည်ကို လူသားအရင်းအမြစ်ဖြင့် ထူထောင်မည့်အချိန်တွင် ရုပ်ပစ္စည်းအရ ကျောင်းနှင့် ဆေးရုံများကို မည်သို့ပင် ဆောက်လုပ်သည်ဖြစ်စေ၊ ကျန်းမာရေးမကောင်းသည့် ချူချာသည့် လူငယ်များကို အနာဂတ်ခေါင်းဆောင်အဖြစ် မွေးထုတ်ရမည်မှာ အလွန်အမင်းရင်လေးဖွယ်ရာ ကောင်းလှပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် ယင်းအဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင်က ၎င်း၏ အဆိုအား အတည်ပြုပေးပါရန် တင်ပြရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်းကို လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **(သတင်းစဉ်)**



## ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

Greater Mekong Initiative ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဇနီး Mrs. Akie Abe နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**
**(သတင်းစဉ်)**

# ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးမည်



**စစ်ကိုင်း ဖေဖော်ဝါရီ ၂**

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလဖြစ်သော ယခုကာလတွင် မုံရွာမြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးအတွက် တစ်ဦးလျှင် ရဲအရာရှိတစ်ဦး၊ အခြားအဆင့် သုံးဦးနှုန်းဖြင့် အနီးကပ်လုံခြုံရေးကိစ္စများကို စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှုလှုသန်းက ပြောကြားသည်။

ကြားဖြတ်ရွေးကောက်ပွဲကာလတစ်လျှောက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပစဉ် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှုလှုသန်းက ပြောကြားခြင်းဖြစ်သည်။ လုံခြုံရေးစည်း ကျိုးပေါက်မှုမရှိစေ ရန် ရွေးကောက်ပွဲအကြိုကာလ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးစီးသည့်ကာလဟူ၍ သုံးပိုင်းခွဲခြားကာ လုံခြုံရေးကို ဆောင်ရွက်သွားမည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး၌ မုံရွာမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ငါးပါတီမှ ငါးဦးရှိပြီး မဲရုံ ၁၅၉ ရုံရှိကြောင်း သိရသည်။

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် မဲရုံ ၁၅၉ ရုံ၏ လုံခြုံရေးအတွက် ရဲအရာရှိ ၂၁၄ ဦး အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၆၈၀ စုစုပေါင်း ၈၉၄ ဦးဖြင့် လုံခြုံရေးဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းထွန်း (မုံရွာ)**

# မောင်တောဒေသမြောက်ပိုင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများသို့ စားသောက်ကုန်ပစ္စည်းများ သွားရောက်ရောင်းချ

**မောင်တော ဖေဖော်ဝါရီ ၂**

မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မောင်တောမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများသို့ စားသောက်ကုန်များ တိုက်ရိုက်သွားရောက် ရောင်းချလျက်ရှိသည်။ **(ယာပုံ)**



ယနေ့ မွန်းလွဲပိုင်းက ကြက်ရိုးပြင်ကျေးရွာသို့ စားသောက်ကုန်များကို မော်တော်ယာဉ်ဖြင့် မောင်တောမြို့မှ တိုက်ရိုက် သွားရောက်ရောင်းချခဲ့ကြောင်း သိရသည်။

"မောင်တောဒေသမြောက်ပိုင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးလက်နေပြည်သူတွေ စားသောက်ကုန်ဝယ်ယူရာမှာ အဆင်ပြေဖို့ ရည်ရွယ်ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီရဲ့အစီအစဉ်နဲ့ မောင်တောကနေ ဈေးကားတွေ စီစဉ်ရောင်းချပေးတာဖြစ်ပါတယ်၊ အဲဒီလို သွားရောက်ရောင်းချဖို့အတွက် ကြိမ်ချောင်း၊ ငါးခူရ၊ ခမောင်းဆိပ်၊ တမန်းသားနဲ့ တောင်ပြိုလက်ဝဲ စတဲ့ နယ်မြေ ငါးခု သတ်မှတ်ထားပါတယ်၊ ကြိမ်ချောင်းနယ်မြေမှာ ကျေးရွာ ၁၃ ရွာ၊ ငါးခူရနယ်မြေမှာ ၁၈ ရွာ၊ ခမောင်းနယ်မြေမှာ ၁၀ ရွာ၊ တမန်းသား နယ်မြေမှာ ရှစ်ရွာနဲ့ တောင်ပြိုလက်ဝဲနယ်မြေမှာ ၁၅ ရွာ ရှိတယ်"ဟု ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောကြားသည်။

ဈေး သွားရောက်ရောင်းချရာတွင် ကြိမ်ချောင်းနယ်မြေများသို့ တနင်္လာနေ့၊ ငါးခူရနယ်မြေများသို့ အင်္ဂါနေ့၊ ခမောင်းဆိပ်နယ်မြေများသို့ ဗုဒ္ဓဟူးနေ့၊ တမန်းသားနယ်မြေများသို့ ကြာသပတေးနေ့နှင့် တောင်ပြိုလက်ဝဲနယ်မြေများသို့ သောကြာနေ့များတွင် သွားရောက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကြက်ရိုးပြင်ကျေးရွာမှ နူရူဆင်က "ကျွန်တော်တို့ရွာကို ဒီလို တိုက်ရိုက်လာရောက်ရောင်းချပေးတာ ဝမ်းသာတယ်၊ အခုလို လာရောက်ရောင်းချတော့ ရွာသားတွေက ဝမ်းသာနေကြတယ်၊ အံ့ဩနေကြတယ်၊ ပိုက်ဆံရှိရင် ပိုပြီးဝယ်ချင်တယ်" ဟု ပြောကြားသည်။
**သတင်း-မောင်ဇော်၊ နေဝင်းထွန်း**
**ဓာတ်ပုံ-မောင်ဖိုးဇော်**

## စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် မောင်တောမြို့နယ်၌ သိမ်းဆည်းရမိ

**မောင်တော ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကညင်တန်း(မြို့မ)ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကိုးသောင်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကညင်တန်း(မြို့မ)ကျေးရွာရှိ ကော်ရီမူလ္လာ၏ နေအိမ်ကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့က ယနေ့ နံနက် ၁၁ နာရီခွဲက သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းရှိ PAJERO ယာဉ်၏ နောက်ဖက်တံခါး၌ တပ်ဆင်ထားသည့် ဘီးအတွင်းမှ မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၂၅၀ ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် အိမ်ရှင် ကော်ရီမူလ္လာမှာ နေအိမ်အနောက်ဘက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး နေအိမ်၌ မာမောက်ကာဆိမ်းဆိုသူတစ်ဦးကိုသာ တွေ့ရှိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က (တိမ်းရှောင်) ကော်ရီမူလ္လာနှင့် မာမောက်ကာဆိမ်းတို့ကို မောင်တောမြို့မရဲတပ်ဖွဲ့စခန်း၌ အရေးယူပေးပါရန် တိုင်တန်းထားကြောင်း သတင်းရရှိသည်။
**မင်းမင်းဇော်(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ်၌ တရားခံ တစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော တရားခံတစ်ဦးသည် ဘူးသီးတောင်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသနေရာမှ ယမန်နေ့ညပိုင်းက သေဆုံးသွားခဲ့ကြောင်း သိရသည်။

၎င်းမှာ မာမတ်ရော်ဖီး(ခ) မာမတ်အာလောင်ဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက် ည ၇ နာရီခန့်က အစာအိမ်ရောင်ရောဂါ ခံစားရသဖြင့် တာဝန်ကျ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘူးသီးတောင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ရန်ကုန်၌ တရားမဝင်သစ် တန် ၈၈၀ ကျော် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့် ဖမ်းဆီးရမိ

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဝင်းနန္ဒာ**



ဦးဇော်မင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)

**ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ကျွန်းသစ်ခွဲသား ၃၃ တန်ကျော်ကို ဇန်နဝါရီ ၂၄ ရက်က ဖမ်းဆီးရမိခဲ့သည်မှအစပြု၍ သတင်းကွင်းဆက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များကို သစ်တောဦးစီးဌာနက ဆက်တိုက်ဖမ်းဆီးနိုင်ခဲ့သည်။ ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကိုးရက်တာအတွင်း ကျွန်း ၃၅ တန်ကျော်၊ ပိတောက် ၈၁၈ တန်ကျော်၊ တမလန်း ၂၃ တန်(စိစစ်ဆဲ)နှင့် ကုက္ကို ၂ တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၈၈၀ ကျော်၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်ကို သစ်တောဦးစီးဌာနက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ပွဲစား၊ ခြံရှင်၊ ဂိုဒေါင်မှူး၊ ဂိုဒေါင်ပိုင်ရှင်နှင့် ဂိုဒေါင်ငှားရမ်းသူတို့ကို သစ်တောဥပဒေ ၄၃(က)၊ ၄၂(ခ)တို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဆက်တိုက်ဖမ်းဆီးရခဲ့မှုနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးဇော်မင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး)**
**သစ်တောဦးစီးဌာန**

**မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုရက်ပိုင်း တရားမဝင်သစ်တွေ ဆက်တိုက်ဖမ်းဆီးရမိနေတာ တွေ့ရပါတယ်။ အဲဒီအပေါ် ဘယ်လိုများ သုံးသပ်ပါသလဲ။**

ဖြေ ။ ။ သစ်တောဦးစီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောတွေကို ထိန်းသိမ်းကာကွယ်ပြီး တရားမဝင် ခိုးထုတ်တာတွေကို သစ်တောကြိုးဝိုင်းတွေ၊ လမ်းကြောင်းတွေနဲ့ ဆက်စပ်နယ်မြေတွေမှာ ရှာဖွေဖမ်းဆီးတာတွေ လုပ်ရပါတယ်။ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် ဖမ်းဆီးရရှိမှုအနေနဲ့ စုစုပေါင်း ကျွန်း၊ သစ်မာနဲ့ အခြားအပါအဝင် ၂၀၁၇ ဇန်နဝါရီလကုန်အထိ စုစုပေါင်း ၄၀၅၆၈ တန် ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ပါတယ်။ ဆယ်စုနှစ်အနေနဲ့ စာရင်းများအရကြည့်ရင် အခုဖမ်းမိတာဟာ ဒုတိယအများဆုံးဖြစ်ပါတယ်။ အများဆုံးဖမ်းမိတဲ့ ၂၀၁၄-၁၅ ခုနှစ်စာရင်းဆိုရင် ၄၁၁၂၇ တန် ဖြစ်ပါတယ်။ ၂၀၁၆-၁၇ ခုနှစ် ဖမ်းဆီးရမိတဲ့ အနေအထားကိုကြည့်မယ်ဆိုရင် ကျွန်းက နည်းတယ်၊ သစ်မာက တန် ၉၇၀၀၊ ပိတောက်က တန် ၅၂၀၀ ကျော်၊ တမလန်းက ၁၀၀၀ ကျော် ဖမ်းဆီးရမိပါတယ်။ ပိတောက်က တန် ငါးထောင်ကျော် ဖမ်းဆီးမိတာကြည့်မယ်ဆိုရင် ပိတောက်နဲ့ တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုက ပမာဏကြီးမားတာကို တွေ့ရတယ်။ ပိတောက်က အကျိုးအမြတ်များတာကြောင့် ပြည်ပဈေးကွက်က ပိတောက်ကို တောင်းဆိုမှုများလာတာတွေ့ရတယ်။ လေး၊ ငါး၊ ခြောက်လအတွင်းမှာ ပိတောက် ဖမ်းဆီးရမိမှုကို သစ်တောဦးစီးဌာနအနေနဲ့ နေရာအလိုက်၊ လမ်းကြောင်းအလိုက် သုံးသပ်ကြည့်မယ်ဆိုရင် ရန်ကုန်ကို ဦးတည်လာတာ များတယ်။ အရင်ကဆိုရင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးနယ်မြေ၊ ကချင်ပြည်နယ်တို့ဘက်ကို ဦးတည်တာများတယ်။ ပိတောက်က မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သုံးတာနည်းတယ်။ ပြည်ပနိုင်ငံတွေမှာတော့ တန်ဖိုးလည်းကြီးတယ်။ ရှားပါးပစ္စည်းလည်းဖြစ်တယ်၊ တန်ဖိုးကြီး ပစ္စည်းအနေနဲ့ ထုတ်လုပ်သုံးစွဲနေတာဖြစ်တယ်၊ ဒီသစ်တွေက ရန်ကုန်ကို ဦးတည်ပြီး ရောက်လာတယ်ဆိုတော့ တရားမဝင်ထွက်လို့ရတဲ့ လမ်းကြောင်းတစ်ခုခုရှိတာကြောင့် ဖြစ်နိုင်တယ်၊ အဲဒီလမ်းကြောင်းကို အသုံးပြုပြီး ပြည်ပကို ခိုးထုတ်တယ်လို့ ကျွန်တော် အကြမ်းဖျင်း သုံးသပ်တယ်။

ဖမ်းဆီးရမိရေးအတွက် အထူးလျှို့ဝှက် သတင်းထောက်လှမ်းပြီး သတင်းတည်ဆောက်တယ်။ တရားမဝင်သစ်ခိုးထုတ်တဲ့သူတွေကို အဆုံးစွန်နေရာကို စပြီးဖမ်းမိမှသာ ရှင်းရှင်းလင်းလင်း သိရမှာ ဖြစ်ပါတယ်။ အဲဒီလို အဆုံးစွန်ထိ ဖော်ထုတ်နိုင်အောင် အချိန်စောင့်ရတယ်၊ ပထမဆုံး စပြီးဖမ်းမိတာက ဇန်နဝါရီ ၂၄ ရက် မတိုင်ခင်က ရန်ကုန်မြို့ အလုံမြို့နယ် MIP ဆိပ်ကမ်းဝင်းထဲမှာ တရားမဝင် သစ်တွေထည့်ထားတဲ့ ကုန်သေတ္တာနှစ်လုံး ရောက်နေတယ်လို့ သတင်းရပြီးနောက် ဒါတွေကို ဖော်ထုတ်ဖမ်းဆီးဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းတယ်။ သူတို့တစ်တွေရဲ့ ရှေ့မှာပဲ ဖွင့်ဖောက်စစ်ဆေးတဲ့အခါ ကျွန်း ၃၃ တန်ကျော် အပြည့်ထည့်ထားတာ ဖမ်းမိတယ်။ ဒါတင်မကနိုင်ဘူး ဆိပ်ကမ်းထဲကို ဘယ်လိုဝင်လာသလဲ သတင်းကွင်းဆက်လိုက်တဲ့အခါ ဇန်နဝါရီ ၂၆ ရက်က ကုန်သေတ္တာ ၁၁ လုံးအတွင်းမှာ ပိတောက်စကွဲယားတုံးထုကြီးတွေ တန် ၁၆၀ ကျော် ဖမ်းမိပါတယ်။ ဒီသစ်တွေကို ဘယ်နေရာမှာ စုပုံတယ်ဆိုတဲ့ ကွင်းဆက်ကို ဆက်လိုက်တဲ့အခါ ဇန်နဝါရီ ၂၈ ရက်က အမှတ်- ၄၁၀ ဘီ၊ စကားဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံခြံဝင်းထဲမှာရှိတဲ့ ကုန်သေတ္တာ ၂၄ လုံးမှာ ၁၀ လုံးက တရားမဝင်ပိတောက်ခွဲသားတွေ အပြည့်ထည့်ထားတာတွေ့ရတယ်၊ နောက် ကုန်သေတ္တာခြောက်လုံးက သဘော်တင်တဲ့ Line Seal နဲ့ အကောက်ခွန်တံဆိပ်တွေပါပြီး ပိတောက်ခွဲသားတွေ ထည့်ထားတာတွေ့ရတယ်၊ ဒါကိုတော့ စိစစ်ဆဲဖြစ်ပါတယ်၊ နောက် ကုန်သေတ္တာရှစ်လုံးကတော့ ဘာမှမရှိဘူး၊ အလွတ်ပဲ၊ နောက်ပြီး အပြင်မှာ ပိတောက်၊ တမလန်းသားတွေ ပုံထားတာတွေ့ရတယ်၊ အဲဒီမှာ ဖမ်းမိတာ ကုန်သေတ္တာ ၁၆ လုံး၊ မြေပြင်မှာ ပုံထားတာအပါအဝင် တရားမဝင် ပိတောက် ၃၇၅ တန်၊ တမလန်း တန် ၂၀ ဖမ်းဆီးရမိတယ်။ ဒ့ါအပြင် ကွင်းဆက်ကို ဆက်လိုက်တဲ့အခါ ဇန်နဝါရီ ၃၁ ရက်က(၁၆/၆၄)ဦးထွန်းညိုလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၃)ရဲ့ ခြံဝင်းထဲမှာ ပိတောက် တန်၂၅၀၊ တမလန်းသုံးတန် တွေ့ရှိတယ်။ တမလန်းသုံးတန်က အမှတ်အသားပါတဲ့အတွက် စိစစ်နေဆဲဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ဖေဖော်ဝါရီ ၁ ရက်မှာ လှိုင်သာယာမွေးမြူရေးဇုန်၊ အမှတ် -၉၆၊ ရွှေရင်အေးကျောင်းလမ်းရှိ ခြံဝင်းထဲမှာ ပိတောက်တန် ၃၀၊ ကျွန်း နှစ်တန်၊ ကုက္ကို နှစ်တန် ဖမ်းဆီးမိခဲ့ပါတယ်။ အားလုံးစုစုပေါင်းဆိုရင် တန် ၈၈၀ ကျော် ဖမ်းမိခဲ့ပါတယ်၊

စီးပွားရေးမြို့တော် ရန်ကုန်မှာ ရှုပ်ထွေးမှုမဖြစ်ဖို့ တရားဥပဒေနဲ့အညီဖြစ်အောင် သေချာစုံစမ်းထောက်လှမ်းပြီးပိုင်နိုင်မှသာ သက်ဆိုင်ရာ တရားသူကြီးဆီက ရှာဖွေဝရမ်းတောင်းရတယ်။ သက်ဆိုင်ရာ နယ်မြေအုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်ရတယ်၊ လျှို့ဝှက်စုံစမ်းထောက်လှမ်းတာကတော့ သစ်တောဦးစီးဌာနကပဲ ဆောင်ရွက်တာပါ။ ဖြစ်စဉ်တွေကို ဆက်စပ်ကြည့်ရင် ဖမ်းမိတဲ့ ခြံပိုင်ရှင်၊ လုပ်ငန်းရှင်တွေကို ကိုက်ညီတဲ့ဥပဒေနဲ့ တရားစွဲတယ်၊ ပိတောက်ဆိုတဲ့ တရားမဝင်သစ်ဆိုရင် ပုဒ်မ ၄၂/ခ နဲ့ တရားစွဲတယ်။ စုံစမ်းသိရှိရသလောက် ခြံတွေကို တစ်ဆင့်ငှားထားတဲ့ တရားမဝင်သစ်ဆောင်ရွက်တဲ့သူတွေရဲ့အမည်ကိုလည်းရထားပြီးတာကြောင့် တရားစွဲထားပြီး တရားဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လုပ်နေပါတယ်။

အခုကိစ္စမှာ နောက်ကွယ်က စုပေါင်းပါဝင်ပြီး ဂိုဏ်းအသွင်ဆောင်ရွက်နေတာတွေလည်း ရှိနေတယ်၊ နောက်ထပ် သတင်းအဆက်ရရှိရေးအတွက်လည်း ဆောင်ရွက်နေပါတယ်။ သစ်တောဦးစီးဌာနက တစ်နိုင်ငံလုံး ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောတွေ သစ်တောဖုံးလွှမ်းတဲ့နေရာတွေမှာ တရားမဝင်သစ်ထုတ်လုပ်တာတွေမရှိအောင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ဖမ်းဆီးရမိရေးကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်တဲ့အတွက်ကြောင့် ဆယ်စုနှစ်မှာ ဒုတိယအများဆုံး ဖမ်းမိတဲ့ အနေအထားရောက်ရှိခဲ့ပါတယ်။



ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ တရားမဝင်သစ်များ ထည့်ထားသည့် ကွန်တိန်နာများကို သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ စစ်ဆေးနေစဉ်

**မေး ။ ။ သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင်သစ်တွေ ဖမ်းဆီးရာမှာ အခက်အခဲတွေ၊ ကန့်သတ်ချက်တွေ ရှိရင်လည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့အတွက် ကန့်သတ်ချက်ဖြစ်နေတာက သစ်တရားမဝင်လုပ်တဲ့သူတွေ အသုံးပြုတဲ့ လိုင်စင်မဲ့ကားတွေ၊ လက်ကိုင် စက်လွှတွေရဲ့သက်ရောက်မှုတွေပဲဖြစ်ပါတယ်။ လိုင်စင်မဲ့ယာဉ်တွေနဲ့ တရားမဝင်သစ်တွေကို သယ်လာပြီး ဖမ်းဆီးပြီဆိုရင် ယာဉ်ကိုထားပြီး ထွက်ပြေးကြတယ်။ ယာဉ်ရဲ့တန်ဖိုးက လိုင်စင်မဲ့ဆိုတော့ သစ်လောက် တန်ဖိုးမရှိဘူး။ လက်ကိုင်စက်လွှတွေဆိုရင်လည်း သစ်ပင်တစ်ပင်ကို အချိန်တိုအတွင်း လှဲဖြတ်နိုင်ပြီး သစ်ခွဲသားများရတဲ့အထိ ဖြတ်တောက်နိုင်တယ်။ အရင်ကဆိုရင်တော့ သစ်ပင်ကို အချိန်ယူပြီး ခုတ်လှဲရတယ်။ သစ်ခွဲသားရဖို့လည်း သစ်စက်ကို သွားရတယ်။ ဒါကြောင့် လိုင်စင်မဲ့ယာဉ်တွေနဲ့၊ လက်ကိုင်စက်လွှတွေက တရားမဝင်သစ်ထုတ်တဲ့သူတွေအတွက် အားသာချက်တွေဖြစ်နေပြီး ကျွန်တော်တို့အတွက်ကတော့ ကန့်သတ်ချက်တစ်ခုဖြစ်နေတယ်။ ဒ့ါအပြင် ကျွန်တော်တို့အနေနဲ့ လာသမျှယာဉ်တိုင်းကိုလည်း ကုန်စည်စီးဆင်းမှု နှောင့်နှေးမှာစိုးလို့ စစ်ဆေးဖို့ခက်ခဲတာတွေရှိတယ်။ တရားမဝင်သစ်တွေ သယ်ဆောင်ရာမှာလည်း ယာဉ်အတွင်းထဲမှာ ဝရိန်နဲ့ပိတ်ပြီး ထည့်သွင်းသယ်ဆောင်တာတွေလည်းရှိတယ်။ လူနာတင်ယာဉ်အသွင်မျိုးတွေ၊ ကုန်စည်တွေကို အပေါ်ကဖုံးပြီး အောက်က တရားမဝင်သစ်တွေ သယ်ဆောင်တာမျိုးတွေလည်း ရှိတဲ့အတွက် ဒါတွေက အခက်အခဲဖြစ်ရတယ်။

ဒါပေမယ့် နိုင်ငံရဲ့သစ်တောထွက်ပစ္စည်းတွေကို ကြိုတင်ကာကွယ်တားဆီးမှုအနေနဲ့ ပြည်ပကို တရားဝင်တင်ပို့မယ်ဆိုရင် လုပ်ထုံး၊ လုပ်နည်းတွေ စည်းမျဉ်း၊ စည်းကမ်းတွေ အတိအကျ ချမှတ်ပြီး အဖွဲ့အစည်းတွေဖွဲ့ကာ စိစစ်တယ်။ သစ်တောဦးစီးဌာနက တရားမဝင်သစ်ထွက်တဲ့နေရာတွေကို အင်နဲ့အားနဲ့ ဖမ်းဆီးဆောင်ရွက်နေပါတယ်။ ရန်ကုန်ကို ဝင်တဲ့လမ်းကြောင်းဆိုရင် အမြန်လမ်း၊ ရန်ကုန်- မန္တလေးလမ်း၊ ပြည်ဘက်က လမ်းဟောင်း၊ တိုင်းဒေသကြီး၊ ခရိုင်တွေက သတင်းရအောင် စုံစမ်းပြီး ဖိဖိစီးစီး ဖမ်းမိဖို့ကို ဆောင်ရွက်နေတယ်။ သစ်တောတွေရှိတဲ့ တော၊ တောင်တွေကို ကာကွယ်ဖို့ ပီပီပြင်ပြင် ဆောင်ရွက်နေပါတယ်။ အခုလို ဖမ်းမိတာက မကောင်းဘူးလားဆိုပေမယ့် ကောင်းပါတယ်။ ဖမ်းမိပေမယ့် အဲဒီသစ်ပင်က တောထဲမှာ သစ်ပင်အဖြစ် မရှိတော့ဘဲနဲ့ ဆုံးရှုံးသွားခဲ့ပါပြီ။

**မေး ။ ။ သစ်တောသယံဇာတ ထိန်းသိမ်းရေးအတွက် ပြည်သူလူထုအပါအဝင် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ သစ်တောဦးစီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ သစ်တောဦးစီးဌာနရဲ့ ဦးတည်ချက်ကတော့ ကြိုးဝိုင်း ကြိုးပြင် သစ်ကောင်းရှိတဲ့နေရာတွေကို ကာကွယ်ထိန်းသိမ်းဖို့ အစီအမံတွေ လုပ်နေပါတယ်၊ ကာကွယ်တဲ့အပိုင်း၊ ဖမ်းဆီးရမိတဲ့ အပိုင်းတွေကိုလည်း ဘက်ညီအောင် ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့သစ်တောပြုန်းတီးမှုနှုန်းက ကမ္ဘာမှာ အပေါ်ပိုင်းအဆင့် ရောက်နေပါတယ်။ လက်ရှိမှာ အစီအမံတွေချမှတ်ပြီး ကျွန်းသစ်ထွက်ရှိတဲ့ မူရင်းဒေသဖြစ်သော ပဲခူးရိုးမကို သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်လိုက်တယ်။ ပြန်လည်ပြုစုပျိုးထောင်ပြီး ဆက်ထိန်းပါမယ်။ စိုက်ခင်းတွေလုပ်ပြီး သစ်တောဖုံးလွှမ်းမှု ပိုကောင်းအောင် ဆောင်ရွက်မယ်၊ မြန်မာ့သစ်တော ပြန်လည်ပြုစုပျိုးထောင်ရေး ၁၀ နှစ် စီမံကိန်းကို ရေးဆွဲပြီးပါပြီ။ နိုင်ငံတော်အစိုးရကလည်း ခွင့်ပြုပြီးပါပြီ။ နိုင်ငံတော်ဘတ်ဂျက်နဲ့လည်း စတင်နေပါပြီ။ ကျွန်တော်တို့ရဲ့ မူဝါဒ ခြောက်ချက်ထဲမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှုက အဓိက အချက်အနေနဲ့ ပါဝင်ပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောတွေကို သစ်တောဝန်ထမ်းတွေက လက်ချင်းချိတ်ပြီး ပိတ်ထားလို့ မရပါဘူး။ အုတ်နံရံ ခြံစည်းရိုးပိတ်ထားလို့ မရဘူး။ ကျွန်တော်တို့ သစ်တောဝန်ထမ်းအင်အားနဲ့ နိုင်ငံတော်ရဲ့ ကျယ်ပြန့်တဲ့ သစ်တောတွေကို ကာကွယ်လို့ မရဘူး။ အဓိက အရေးကြီးဆုံးက ပြည်သူလူထုက သတင်းပေးမယ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ သယံဇာတတွေ ထိန်းသိမ်းမှုက ပြည်သူတွေ ထိထိရောက်ရောက်ပူးပေါင်းပါဝင်လေ၊ နိုင်ငံတော်အတွက် အကျိုးများလေ၊ သားစဉ်မြေးဆက်အထိ ဒီသစ်တော သဘာဝသယံဇာတကြီးကို ဆက်လက်လွှဲပြောင်းပေးနိုင်သွားမှာဖြစ်ပါတယ်။ သစ်တောတွေပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုက ကမ္ဘာနဲ့အဝန်း ဖြစ်ပေါ်နေတဲ့အတွက် သစ်တောတွေ ပျက်စီးလေလေ၊ အတန်းအစားတွေ ကျဆင်းလေလေ၊ သဘာဝဘေးဒဏ်ကို ခံနိုင်ရည်နည်းလေဖြစ်ပါတယ်။ ဒါကြောင့် သစ်တောဦးစီးဌာန တိုးချဲ့ပညာပေးရေးဌာနက တစ်နိုင်ငံလုံးကို နေရာဒေသအလိုက် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်တွေကိုကာကွယ်ဖို့၊ မထိန်းသိမ်းနိုင်ရင် ဒေသခံပြည်သူလူထုအပေါ် ဆိုးရွားတဲ့ အကျိုးဆက်တွေ ဖြစ်လာနိုင်တယ်။ ရေရှည်မှာ ပိုပြီးဆိုးမယ်။ ထိန်းသိမ်းနိုင်မှ အကျိုးအမြတ်ရမယ်ဆိုတာကိုလည်း တိုးချဲ့ပညာပေးရေးကို ဆက်တိုက်ဆောင်ရွက်နေပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) ဦးထွန်းညိုလမ်း အမှတ်(၁၆/၆၄)မှ ဖမ်းဆီးရမိသော တရားမဝင်သစ်များကို တွေ့ရစဉ်

# ဗြိတိန်နိုင်ငံမှ ပြည်နှင်ဒဏ်ပေးလိုက်သည့် နိုင်ဂျီးရီးယားနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

**လာဂိုစ် ဖေဖော်ဝါရီ ၂**
ဗြိတိန်နိုင်ငံမှ ပြည်နှင်ဒဏ်ပေးလိုက်သည့် ၄၁ ဦးထက်မနည်းသော နိုင်ဂျီးရီးယားနိုင်ငံသားများသည် ယမန်နေ့က မိခင်နိုင်ငံ၏မြို့တော် လာဂိုစ်ရှိ မာတလာမူဟာမက် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။



ပြည်နှင်ဒဏ်ပေးခံရသည့် နိုင်ဂျီးရီးယားနိုင်ငံသားများမှာ အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ရှစ်ဦးဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် လာဂိုစ်မြို့သို့ ရောက်ရှိလာခဲ့ကြောင်း အမျိုးသားအရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် မူဟာမက်စီဒီက သတင်းထောက်များကို ပြောခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသားများသည် အမျိုးမျိုးသော ပြည်ဝင်ခွင့်ဥပဒေများကို ချိုးဖောက်ခဲ့သောကြောင့် ပြည်နှင်ဒဏ်ခံရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်နှင်ဒဏ်ခံ နိုင်ငံသားများအတွက် လက်ရှိအစိုးရလက်ထက်တွင် ပြည်သူအားလုံး တန်းတူအခွင့်အရေး ခံစားခွင့်ရှိကြောင်း ၎င်းကပြောခဲ့သည်။

စီဒီက ပြည်နှင်ဒဏ်ခံနိုင်ငံသားများအား ၎င်းတို့နေရပ်သို့ ပြန်နိုင်ရန် ထောက်ပံ့ငွေများ ထုတ်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

**(ဆင်ဟွာ)**

# နှစ်သန်းပေါင်း ၅၃၅ သန်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းသည် အစောဆုံးလူသားမျိုးနွယ်ဖြစ်နိုင်

**ရှီအန်း ဖေဖော်ဝါရီ ၂**
လူသားအပါအဝင် သက်ရှိဗီဇအုပ်စုဝင် တစ်ခုဟု ယုံကြည်ရသည့် နှစ်သန်းပေါင်း ၅၃၅ နှစ်သက်တမ်းရှိ သေးငယ်လှသော သတ္တဝါတစ်မျိုးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါသုတေသနအား တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်နှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်အား Nature အွန်လိုင်းသတင်းတွင် ယမန်နေ့က ထုတ်ပြန်ခဲ့သည်။




တွေ့ရှိခဲ့သော သတ္တဝါငယ်သည် ကျောရိုးရှိသတ္တဝါများအပါအဝင် သက်ရှိသတ္တဝါအုပ်စုဝင် အမျိုးအစားများအနက် အသက်အကြီးဆုံး ဖြစ်နိုင်ကြောင်း သိရသည်။

တစ်မီလီမီတာအရွယ်ရှိ မျိုးသုဉ်းသွားပြီဖြစ်သည့် ရှေးဟောင်းသတ္တဝါမျိုးစုဝင် ကန်ဘရီယန်ကာလမှ ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုတွေ့ရှိချက်သည် သက်ရှိသတ္တဝါများ ဆင့်ကဲဖြစ်စဉ်၏ အရေးပါသော အဆင့်တစ်ခုဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက အကဲပြု ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ကန့်လန့်ဝင်မှုကြီးကြပ်ရေးဥပဒေသစ်ကို ပယ်ဖျက်သင့်ကြောင်း ကုလအတွင်းရေးမှူးချုပ် ဂူတာရက်စ်ပြော

**ဂျီနီဗာ ဖေဖော်ဝါရီ ၂**
အမေရိကန်နိုင်ငံမှ အသစ်ထုတ်ပြန်လိုက်သော လူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်သည် အမေရိကန်နိုင်ငံကို ကာကွယ်ရန် သို့မဟုတ် အခြားနိုင်ငံများ၏ အကြမ်းဖက်တိုက်ခိုက်မှုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်း မဟုတ်သောကြောင့် အဆိုပါဥပဒေသစ်ကို ပယ်ဖျက်သင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ယမန်နေ့က ပြောခဲ့သည်။

အခြေအနေအရပ်ရပ်အောက်တွင် ဒုက္ခသည်များကို ပြန်လည်နေရာချထားပေးခြင်းသာလျှင် ဒုက္ခသည်များကို ကာကွယ်မှုပေးနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်မူဝါဒကို ပြန်လည်ပြုပြင်ပေးရန် အပြင်းအထန်တောင်းဆိုကြောင်း၊ ဆီးရီးယားဒုက္ခသည်များ အမေရိကန်မူဝါဒအရ ငြင်းပယ်ခံရသည်ကို မလိုလားကြောင်း ဂူတာရက်စ်က ပြောခဲ့သည်။

ထို့အပြင် ဂူတာရက်စ်က မိမိအနေဖြင့် အစဉ်အလာအတိုင်း သင့်လျော်သည့် အချိန်အခါတွင် ဝါရှင်တန်သို့ သွားရောက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၇ ရက်က ဥပဒေပြဋ္ဌာန်းချက်အသစ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ထိုပြဋ္ဌာန်းချက်အရ အမေရိကန်နိုင်ငံသည် ရက်ပေါင်း ၁၂၀ အတွင်း ဒုက္ခသည်များအားလုံး အမေရိကန်နိုင်ငံသို့ ဝင်ရောက်မှုကို တားမြစ်မည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၉၀ အတွင်းတွင် အီရန်၊ ဆူဒန်၊ ဆီးရီးယား၊ လစ်ဗျား၊ ဆိုမာလီယာ၊ ယီမင်နှင့် အီရတ်နိုင်ငံသားများ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို တားမြစ်မည်ဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံမှ ဒုက္ခသည်များ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို အကန့်အသတ်မရှိ တားမြစ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(ဆင်ဟွာ)**




# ဩစတြေးလျနှင့် ကန် ဆက်ဆံရေးအဖုအထစ်ရှိလာနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**
အမေရိကန်နှင့် ဩစတြေးလျနှစ်နိုင်ငံအကြား ခိုင်မြဲသည့် မဟာမိတ်ဆက်ဆံရေးတွင် ဖြစ်တောင့်ဖြစ်ခဲသည့် အက်ကွဲကြောင်းတစ်ခု ဖြစ်လာတော့မည်ဟု ဩစတြေးလျဝန်ကြီးချုပ်က ထရန့်အား ခြိမ်းခြောက်ခဲ့သည့် ဖုန်းဖြင့်ဆက်သွယ်ပြောဆိုမှုကို ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့ပြီးနောက် ကြာသပတေးနေ့တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဒုက္ခသည်လဲလှယ်မှု စာချုပ်ကို လှောင်ပြောင်ခဲ့ကြောင်း သိရသည်။ ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်မှာ ထရန့်သည် ပြန်လည်အခြေချရေး စီမံချက်ကို အဆိုးဆုံးစာချုပ်တစ်ခုအနေဖြင့် ဝေဖန်ပြောဆိုခဲ့ပြီး ဩစတြေးလျအား နောက်ထပ် ဘော့စတွန်ဗုံးသမားများကို ထပ်မံပို့ဆောင်ရန် ကြိုးပမ်းနေသူအဖြစ် စွပ်စွဲပြောဆိုခဲ့သည်။ ဖုန်းဖြင့်ဆက်သွယ်ပြောဆိုမှုကို တစ်နာရီကြာ ပြောဆိုရန် အချိန်သတ်မှတ်ထားခဲ့သော်လည်း ထရန့်သည် ဩစတြေးလျဝန်ကြီးချုပ် မဲလ်ကွန်တန်ဘူလ်က ဆီးရီးယားအရေးကဲ့သို့သော ကိစ္စမျိုးကို ပြောဆိုရန် မြားဦးလှည့်လာချိန်တွင် စကားပြောဆိုမှုကို ဖြတ်တောက်လိုက်ပြီး ၂၅ မိနစ်လောက်သာ ကြာမြင့်ခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# အလက်ပိုမြို့အနီးတွင် အိုင်အက်စ်ချေမှုန်းရေးကို အရေးတကြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆီးရီးယားတပ်မတော်ပြောကြား

**အလက်ပို ဖေဖော်ဝါရီ ၂**
ဆီးရီးယားတပ်မတော်သည် အလက်ပိုအရှေ့မြောက်ပိုင်း အိုင်အက်စ်တို့အား ချေမှုန်းသည့် စစ်ဆင်တိုက်ခိုက်မှုများကို ဖိဖိစီးစီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆီးရီးယားမြောက်ပိုင်းတွင် မတူညီသည့် ထိုးစစ်ဆင် တိုက်ခိုက်နေမှုများကို ကျောထောက်နောက်ခံပေးလျက်ရှိသည့် တူရကီအား သတိပေးသည့်အနေဖြင့် ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ခု အတွင်း ဆီးရီးယားအစိုးရ အင်အားစုများသည် ဂျီဟတ်စစ်သွေးကြွများက နယ်မြေရယူနိုင်ရေး တိုက်ခိုက်လျက်ရှိသည့် အယ်လ်ဘတ်မြို့အနီး ငါးမိုင်ခန့်အထိ အင်အား တိုးချဲ့ဝင်ရောက်နိုင်ခဲ့ကာ အိုင်အက်စ်စစ်သွေးကြွများအား အဆက်မပြတ် တိုက်ထုတ်နိုင်ခဲ့သည်။



ဆီးရီးယားတပ်မတော်၏အနိုင်ရရှိနေမှုများသည် ဆီးရီးယားရှိ စစ်သွေးကြွများအား ကူညီထောက်ပံ့ရန် နယ်စပ်ကိုဖြတ်၍ တင့်ကားများနှင့် တိုက်လေယာဉ်များ ပို့ဆောင်ပေးခဲ့သည့် တူရကီနှင့် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်ရမည့် အခြေအနေတစ်ရပ်ကို ပေါ်ပေါက်လာစေခဲ့သည်။

တူရကီသည် ပြီးခဲ့သည့်နှစ်မှစတင်ကာ နိုင်ငံနယ်စပ်ရှိ အိုင်အက်စ်စစ်သွေးကြွများနှင့် ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့များကို တိုက်ထုတ်ရန်အလို့ငှာ စစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ တူရကီသည် အဆိုပါအဖွဲ့နှစ်ဖွဲ့လုံးကို နိုင်ငံ၏လုံခြုံရေး ထိပါးနိုင်မည့် အန္တရာယ်နှစ်ခုဟု သတ်မှတ်ထားသည်။

ဆီးရီးယား တပ်မတော်အစိုးရ အင်အားစုများနှင့် မဟာမိတ်များသည် ကျေးရွာများနှင့် မြို့နယ်ပေါင်း ၃၀ ကျော်ကို အိုင်အက်စ်စစ်သွေးကြွများ၏ လက်မှ ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယားတပ်မတော် အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂

**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဗဟိုကော်မတီဝင် နိုင်ဝင်းထွန်း(ခ)နိုင်မြဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မွန်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။**

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများ၌ မွန်ကို ကိုယ်စားပြုသည့် ပါတီတစ်ခု ရှိသင့်ကြောင်း၊ ရှိလျှင်လည်း ပါတီတစ်ခုတည်းသာ ရှိသင့်ကြောင်း မွန်ဆရာတော်များနှင့် မွန်ပြည်သူတို့၏ ဆန္ဒသဘောထားနှင့်အညီ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ပါတီကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နိုင်ငံရေးမူဝါဒသဘောထားကို တင်ပြသွားပါမယ်။

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိလာစေရန်၊

၂။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်၊

၃။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

၄။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းတည်တံ့ခိုင်မြဲစေရန်၊

၅။ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်၊

၆။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်၊

၇။ ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ်ထွန်းကားလာရေး ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဒီမိုကရေစီကျင့်စဉ်အရ ကျင်းပသော လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲမှတစ်ဆင့် မွန်ပြည်သူများကို ကိုယ်စားပြုရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅ ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိကာ အစိုးရဖွဲ့ခဲ့ပါတယ်။ ယခင်အစိုးရလက်ထက်မှ စတင်ပြီး ဆောင်ရွက်ခဲ့သော အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဆွေးနွေးပွဲများကို လက်ရှိအစိုးရက ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်ကတည်းက စတင်ခဲ့သော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခသည် ယခုအချိန်အထိ ပြီးဆုံးခြင်းမရှိသေးဘဲ ဆက်လက် ဖြစ်ပွားလျက်ရှိနေပါတယ်။ နှစ်ပေါင်း ၆၉ နှစ်ကြာ တာရှည်စွာ ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် လူ့အသက်ပေါင်းများစွာ၊ စည်းစိမ်ဥစ္စာ များစွာဆုံးရှုံးခဲ့ရပြီး လူ့သိက္ခာ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၏ ဂုဏ်သိက္ခာများသည်လည်း များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်ကို ပြည်သူများအားလုံး အသိပင်ဖြစ်ပါတယ်။

အဆိုပါ ဒုက္ခသောကများ ကင်းဝေးရေးအတွက် တစ်ခုတည်းသော လမ်းစဉ်သည် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဆက်လက် ထိန်းသိမ်းသွားရေးပင် ဖြစ်ပါတယ်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးများကို တည်ဆောက်သွားနိုင်ရေးသည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ၏ ဖြစ်ရခြင်းအရင်းအမြစ်ကို ဖြေရှင်းခြင်းသည်သာ တစ်ခုတည်းသောနည်းလမ်းပင်ဖြစ်ပါတယ်။ အဆိုပါ နည်းလမ်းသည်ကား တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲခြင်း၊ အပစ်အခတ်ရပ်စဲရေးကနေ ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲဖြင့်သာ အဖြေရှာသွားရန်ဖြစ်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုများအကြား၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား တန်းတူမှုမရှိခြင်း၊ ရသင့်ရထိုက်သည့်လူမျိုးစုအခွင့်အရေး၊ ဒေသအခွင့်အရေးများ မရှိခြင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်မရှိခြင်း၊ မျိုးနွယ်စုတို့၏ အမျိုးသား ကြွန်အင်လက္ခဏာ ထိန်းသိမ်းဖော်ထုတ်ခွင့်ဆုံးရှုံးနေခြင်း၊ သဘာဝသယံဇာတအပေါ် အကျိုးအမြတ် ခံစားခွင့်မတူညီခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးမရှိခြင်း၊ တူညီသော အချုပ်အခြာအာဏာများ ကင်းမဲ့နေခြင်း၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးအမြင်ဝါဒများ ကြီးစိုးနေခြင်းတို့သည် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရခြင်း အကြောင်းအရင်းများပင် ဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို နှစ်ပေါင်း ၇၀ နီးပါး လက်နက်ဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ပြီးဆုံးမှုပန်းတိုင်နှင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်နေသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသည်လည်း အားလုံးပါဝင်မှုအနေအထားသို့ ရောက်ရှိမှုမရှိသေးခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စုံစုံညီညီကျင်းပနိုင်ခြင်းမရှိသေးခြင်းများကြောင့် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးသည်အလှမ်းဝေးနေဆဲဟု ဆိုရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးများ အလှမ်းဝေးနေခြင်းသည် တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံတော်က မျှော်လင့်နေသည့်တန်းတူညီမျှမှုကို အာမခံနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်သွားရန် အလှမ်းဝေးနေဦးမှာဖြစ်ပါတယ်။ အဆိုပါဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အလှမ်းဝေးနေခြင်းသည် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဦးမှာဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြားတိုင်းရင်းသား၊ လူမျိုးစုအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့နိုင်ငံသည် ရှေးပဝေသဏီကတည်းက လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာ၌ တစ်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းရင်း မွန်ဒေသလူထုများ၊ မွန်လူမျိုးများနှင့် အခြားတိုင်းရင်းသားများ လိုလားနေသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု



ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေး၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ အမျိုးသားလွှတ်တော်တွင် အရေအတွက် တူညီသော ပြည်နယ်များမှ ဒေသခံဌာနေတိုင်းရင်းသားပါတီ ကိုယ်စားလှယ်စေလွှတ်ရေး၊ အမျိုးသားလွှတ်တော်ကို လူမျိုးစုနှင့် ပြည်နယ်များ၏ ကိစ္စရပ်များအတွက် ဥပဒေပြုခွင့်ပိုမိုရရှိရေး၊ ပြည်နယ်ဒေသခံဌာနေတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနက် ပြည်နယ်ကိုယ်စားလှယ်များဆန္ဒအရ ရွေးချယ်သော ဝန်ကြီးချုပ်ဦးစီးသည့် ပြည်နယ်အစိုးရဖွဲ့စည်းရေး၊ အမျိုးသားရေး၊ လူမျိုးစုနှင့်သက်ဆိုင်သည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများကို ဥပဒေဘောင်အတွင်း လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရရှိရေး၊ အဓိက တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေကို သက်ဆိုင်ရာဒေသအတွင်း ရုံးသုံးဘာသာစကားနှင့် စာပေအဖြစ် အသုံးပြုခွင့်ရရှိရေးများကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်တွင် မွန်စာကို ကျောင်းချိန်အတွင်း သင်ကြားသည့် ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်ရေး စသည့် တိုင်းရင်းသား အခွင့်အရေးများ တန်းတူရရှိရေးကို အခြေခံဥပဒေအရ ပြဋ္ဌာန်းပေးရေးတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ထာဝရ ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တန်းတူညီမျှမှုကို အာမခံနိုင်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန်အတွက်လည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ပြည်ထောင်စုသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေး၊ သက်ဆိုင်ရာပြည်နယ်တိုင်းတွင် လူမျိုးစုတို့၏ ကြွန်အင်လက္ခဏာ အပြည့်အဝရှိသည့် ပြည်နယ်များ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုရင်း-

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ချောင်းဆုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ကျွန်တော့်အား ထောက်ခံပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်း ကာယသုခ စိတ္တသုခနှစ်ဖြာ ချမ်းသာသော အကျိုး တရားတွေနှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းပြုလိုက်ပါတယ်။

## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကိုအများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသောအလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာအောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၂) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | QL (QIAN LI) Te Xiao Mei Qu Ban Tao Zhuang (A+B) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (++) |
| ၂။ | GARNIBO Whitening Dispel Spot (7 Days Withing Dispel Sports Cream) | Thailand Garnibo International Cosmetics Co., Ltd. | Mercury (++) |

၃။ အဆိပ်သင့် ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ် (Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**






# အမ်းမြို့နယ်၌ အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာ ကွင်းသရုပ်ပြ



**အမ်း ဖေဖော်ဝါရီ ၂**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကင်းခြေကျေးရွာ၌ ဇန်နဝါရီ ၃၁ ရက်ကတောင်သူ ဦးသိန်းအောင်၏ ရော်ဘာခြံတွင် အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာ လုပ်ငန်းစဉ်များ ကွင်းသရုပ်ပြပွဲကို ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ရုံးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲ၌ဒုတိယညွှန်ကြားရေးမှူးက ရော်ဘာစိုက်တောင်သူများ၏ ရော်ဘာပြားထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ရောင်းတန်းဝင် အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ် နိုင်ရေးအတွက် ရော်ဘာအစေးလှီးသည့်အဆင့်နှင့် မှိုင်းခံရော်ဘာထုတ်လုပ်သည့် အဆင့်တိုင်းတွင် အလေးထားလိုက်နာဆောင်ရွက်ရမည့် အချက်များကို အသေးစိတ် လက်တွေ့ပြသခြင်းနှင့် ရော်ဘာခြံရှင်များ၏ ကြုံတွေ့နေရသော အခက်အခဲများကို ပညာပေးဆွေးနွေးခဲ့သည်။ သရုပ်ပြပွဲသို့ ကင်းခြေရွာ၊ သပြေချိုင်ရွာ၊ မင်းတက် ကျေးရွာများမှ ရော်ဘာခြံရှင် ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မင်းလှမြို့၌ လှည်းကူးအုပ်စုကျေးရွာသူကျေးရွာသားများ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်



**မင်းလှ ဖေဖော်ဝါရီ ၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် လှည်းကူးအုပ်စုကျေးရွာသူကျေးရွာသားများ ဖေဖော်ဝါရီ ၁ ရက်က လှည်းကူးဘုန်းတော်ကြီးကျောင်းရှေ့မှ စတင်၍ မင်းလှမြို့အတွင်းထိ ငြိမ်းချမ်းစွာစုဝေးစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ရာတွင် လှည်းကူးအုပ်စု အင်းမတန်းကျေးရွာမှ ကျေးရွာသူ ကျေးရွာသား ၃၅ ဦးခန့်တို့က တောင်သူများထံမှ ဘဏ်စာအုပ်တစ်အုပ်ငွေကျပ် ၅၀၀ နှုန်း ငွေကြေးကောက်ခံခဲ့သောကျေးရွာ စိုက်ဘဏ်ကော်မတီအား အရေးယူပေးရေး၊ NLD ပါတီနှင့် ပါတီအလံအား ခုတုံးလုပ်၍ လယ်မြေပေါ်တွင် တရားမဝင် အုတ်ဖုတ်လုပ်ကိုင်နေသူများအား အရေးယူပေးရေး ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ပြီး ဈေးချိုတန်းလမ်းနှင့် မြောက်ဘက်တန်း လမ်းထောင့်စုံ၌ လူစုခွဲကာ ဆန္ဒထုတ်ဖော်ခြင်း ပြီးဆုံးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# နွားထိုးကြီး၌ ဆိုင်ကယ်မောင်း လိုင်စင်စစ်ဆေးရန်လို

**နွားထိုးကြီး ဖေဖော်ဝါရီ ၂**
နွားထိုးကြီးသတင်းထောက် ဦးဌေးမြင့် ဇန်နဝါရီလနောက်ဆုံးပတ်က ဆိုင်ကယ်စီးလာစဉ် နောက်မှ ဆိုင်ကယ်တစ်စီးက ဝင်တိုက်သွား၍ ဒဏ်ရာများရရှိသွားပြီး နောက်မှဝင်တိုက်သူမှာ ထွက်ပြေးသွားကြောင်း သိရသည်။

အလားတူ သတင်းထောက်ဦးတင်ထွန်းကိုလည်း အမျိုးသမီးတစ်ဦးစီးလာသော ဆိုင်ကယ်က ဝင်တိုက်သွားကြောင်း၊ နွားထိုးကြီးတွင် ဆိုင်ကယ်စည်းကမ်းမဲ့စီးသူများ နေကြောင်း မြို့ခံတို့က ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်၊ လိုင်စင်မရှိဘဲ ဆိုင်ကယ်စီးသူကများပြီး ဦးထုပ်မဆောင်း၊ အိတ်ဇောကျယ်လောင်စွာ စီးသူများလည်း ရှိနေရာ၊ ငွေကျပ်သုံးသောင်း ဒဏ်ရိုက်နေသော်လည်း စည်းကမ်းမဲ့စီးသူများစီးနေကြဆဲဖြစ်သည်ဟု ဆိုသည်။

ဆိုင်ကယ်လိုင်စင်ဖြင့် စီးသူတစ်သောင်းကျော်ရှိနေသော်လည်း ဆိုင်ကယ်လိုင်စင် မစစ်ကြသေး၍ စီးနေကြခြင်းလည်းဖြစ်ရာ ဦးထုပ်စစ်ဆေးသလို ဆိုင်ကယ်လိုင်စင် စစ်ဆေးပြီး စည်းကမ်းမဲ့ဆိုင်ကယ်စီးသူများလျော့နည်းသွားရန် ဆောင်ရွက်ပေးသင့်ကြောင်း မြို့ခံအချို့ကပြောကြားသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

# မွန်ပြည်နယ်လွှတ်တော်နှစ်ပတ်လည်နေ့ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂**
မွန်ပြည်နယ်မော်လမြိုင်မြို့ သံလွင်ဥယျာဉ်အတွင်းရှိ ပြည်နယ်လွှတ်တော်ခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ဒုတိယအကြိမ်ပြည်နယ်လွှတ်တော်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးမင်းမင်းဦးနှင့်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်/ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ CSO အဖွဲ့များ၊ မီဒီယာများ တက်ရောက်ကြကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်၏ ရေးရာကော်မတီအခန်းကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြကြပြီး နိုင်ငံရေးပါတီများ၊ CSO အဖွဲ့နှင့် မီဒီယာများက ပြည်နယ် လွှတ်တော်နှစ်ပတ်လည်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ပြောဆိုချက်များကို အကြံပြုဆွေးနွေးကြကြောင်းသိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

# မူးခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ

**မုဒုံ ဖေဖော်ဝါရီ ၂**
မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူး တင်မြတ်ထွန်းနှင့်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်က မုဒုံမြို့မြို့မ (၄) ရပ်ကွက်ရှိ လစရ (၂) တပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များကို မူးခင်းပညာပေးပြခန်းယာဉ်ဖြင့်ပြသပြီး မူးခင်းအသိပညာပေးဟောပြောခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်ရဲမှူး(မုဒုံ) ရဲမှူးမြအောင်က မူးခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောကြသည်။

ထို့နောက်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုခံရခြင်းအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်စသည်တို့နှင့် ပတ်သက်၍ ဟောပြောပြီး မူးခင်းပညာပေးပြခန်း၌ ပြသထားမှုများကို တာဝန်ရှိသူအသီးသီးရှင်းလင်းကြကြောင်း သိရသည်
**မော်လမြိုင်(ကိုယ်ပွား)**


## အစိုးရစာရင်းစစ်ဟောင်းများမိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၇)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

နေ့ရက် - ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ
နေရာ - မင်းကွန်းတိပိဋကကျောင်းတိုက် (ငွေရတုခန်းမ)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်

## EXCELLENT TRAINING SCHOOL
## ရုပ်သံတည်းဖြတ်ကျွမ်းကျင်

ဆရာဖြစ်သင်ကြားနိုင်သူ ကျား/မ အလိုရှိပါသည်။
Ph 09 5121467, 09978884507

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဝယ/၈၅၈၃၁ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၁၂/ထတပ(နိုင်) ၀၅၂၉၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/ 1031, Honda Acty HA 6, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမာ ၁၂/လသန(နိုင်) ၀၀၂၁၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်ပြွန်တန်ဆာ နယ်သူနယ်သားများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကြက်ဆီထမင်းကျွေးမည်။ ကံစမ်းမဲပါသည်။**

**ကျင်းပမည့် ရက်/အချိန်** - ၂၆-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ
**ကျင်းပမည့်နေရာ** - မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးခမ္မာရုံ

ပညာရည်ချွန်ဆုအတွက် ၂၀၁၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနမှထုတ်ပေးထားသည့် အမှတ်စာရင်းမိတ္တူပူးတွဲ၍လည်းကောင်း၊ (၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအတွက်လည်းကောင်း၊ ၁၉-၂-၂၀၁၇ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်အကြောင်းကြားပါရန်။

| | | | | |
|---|---|---|---|---|
| ဥက္ကဋ္ဌ | ဦးတင်မောင်အေး | ဖုန်း-၀၁-၆၆၃၀၈၅ | အမှုဆောင် | ဒေါ်လှမူမူ ဖုန်း-၀၁-၅၁၁၁၅၈ |
| ဒုဥက္ကဋ္ဌ | ဦးစောလှ | ဖုန်း-၀၁-၂၉၈၈၂၇ | အမှုဆောင် | ဒေါ်ခင်သက်နိုင် ဖုန်း-၀၁-၂၅၆၈၇၀ |
| အတွင်းရေးမှူး | ဦးညွန့်ကြည် | ဖုန်း-၀၁-၅၀၂၇၀၃ | စည်းရုံးရေးမှူး | ဦးမောင်မောင်စည်သူ ဖုန်း-၀၉-၄၄၈၀၁၂၇၂၈ |
| တွဲဖက်အတွင်းရေးမှူး | ဦးသန်းထွဋ်ဆွေ | ဖုန်း-၀၁-၂၉၆၄၇၇ | ဘဏ္ဍာရေးမှူး | ဒေါက်တာခင်မူစိုး ဖုန်း-၀၉-၅၁၄၇၅၄၉ |
| တွဲဖက်အတွင်းရေးမှူး | ဦးကိုကိုကြီး | ဖုန်း-၀၉-၂၅၄၃၁၀၅၄၁ | တွဲဖက်ဘဏ္ဍာရေးမှူး | ဒေါက်တာခင်အေးကြူ ဖုန်း-၀၁-၅၂၂၀၈၆ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၃၇)၊ (၅အေ)နေ ဒေါ်ချိုမာလွင်(ခ)ဒေါ်ဝတ်ရည်အောင် ၁၂/ကမတ(နိုင်)၀၂၀၅၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-ခ)၊ မြေကွက်အမှတ်(၂၁၆/က)၊ ဒေါ်ညိုညိုမြင့်အမည်ပေါက် ပေ(၂၀×၆၀)၊ နှစ်(၆၀) ဂရန်မြေကွက်ပေါ်ရှိ အမှတ် ၂၂၇၊ (ခ/၇) လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၏မြေနှင့် အိမ်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ညိုညိုမြင့် ၁၂/အစန(နိုင်)၀၃၇၈၀၁ ထံမှ ၉-၁-၂၀၁၇ရက်တွင် မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုသည် ကျွန်ုပ်၏မိတ်ဆွေ တရားဝင်လက်ရှိပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုမာလွင်(ခ)ဒေါ်ဝတ်ရည်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးငြိမ်း (တရားလွှတ်တော်ရှေ့နေ)စဉ်-၈၄၃၁LL.B,D.B.L**
**အမှတ်(၆၁၇)၊ သန္တာ(၄)လမ်း၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၇၄၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၉၁/ဘီဟုခေါ်တွင်သည့် လက်ရှိမြေပြင်အကျယ်(အလျား ၄၂ပေ၄လက်မ/၃၇ပေ ၄လက်မ×အနံ ၅၇ပေ/ ပေ ၅၀)ရှိ မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ရင် ၁၂/မရက(နိုင်)၁၃၁၂၀၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဌေးအောင် ၈/စလန(နိုင်)၁၃၁၉၅၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၅၀၅၈၈၉၁**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၁၀)၊ ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ် (၁၅ᵃ)၊ မြေကွက်အမှတ် (၁၂၅B)၊ မြေချိန်ဧရိယာ ၀.၁၁၁၀၄၀၆ ဧကခန့်ရှိသောမြေကို ဦးအောင်ကျော်ဝင်းပါ(၂)ဦး အမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆C/၉၅၆၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/ 6606 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

# ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၅၀ ခန့်ဆုံးရှုံးပြီး အမျိုးသားတစ်ဦး သေဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၆) ရပ်ကွက် တွင် ယနေ့ည ၉ နာရီခွဲ က မီးလောင်မှုဖြစ်ပွားရာလူနေအိမ် ၅၀ ခန့် မီးလောင်ခဲ့ပြီး အမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။



"ရပ်ကွက်ထဲမှာ တရားပွဲလုပ်နေတဲ့အချိန် နောက်ပိုင်းမှာ မီးလောင်မှုဖြစ်နေတာပါ၊ ဆရာတော်က မီးလောင်နေတယ်လို့ပြောမှသိရတယ်၊ အဲဒီအချိန်မှာ မီးတောက်က တော်တော်များနေပြီ၊ အမျိုးသားတွေ အကုန်လုံးပြေးသွားပြီး မီးငြိမ်းနေတာကိုတွေ့ရတယ်"ဟု အဆိုပါ မီးလောင်မှုအနီးရှိ ဒေသခံပြည်သူကိုမြင့်က ပြောသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူများက မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ည ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

"မီးလောင်ရတဲ့ အကြောင်းအရင်းကိုစုံစမ်းနေပါတယ်၊ ဘယ်ကနေစတင်လောင်တာလဲဆိုတာမသိရသေးပါဘူး၊ အမျိုးသားတစ်ဦးကတော့ မီးလောင်သေဆုံးသွားပါတယ်၊ အခြားထိခိုက်ဒဏ်ရာ ကြီးကြီးမားမားရရှိသူတော့ မရှိပါဘူး"ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမီးလောင်မှုကြောင့် လူနေအိမ်ခြေ ၅၀ ခန့်နှင့်အတူ အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည့်အပြင် လေဖြတ်ရောဂါ ခံစားနေရသဖြင့် ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသော အသက် ၈၀ ကျော် အမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်၊ လူသေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်း - နောင်ပိုအောင်သွားကားလမ်း၌ ဖေဖော်ဝါရီ ၁ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ သောင်းပိုမောင်းနှင်လာသည့်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မကျီးကုန်းကျေးရွာနေ ဦးထွန်းရွှေ(၆၅နှစ်)ပါ နှစ်ဦးတွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့ပြီး ကက်သာရွာနေ ဒေါ်နှင်းနှင်းအေး(၃၆နှစ်)ပါ ၁၁ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ယာဉ်မောင်းသောင်းပိုအား ဟုမ္မလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ် ဖောက်ထွင်းသူကို ဖမ်းမိ

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ဖောက်ထွင်းဝင်ရောက်မှုဖြစ်ပွားခဲ့ရာ ညစောင့်လုံခြုံရေးက အချိန်မီသိရှိ၍ အော်ဟစ်သဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့ နန္ဒဝန်ရပ်ကွက် ရုံးကြီးလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် လုံခြုံရေးဝန်ထမ်း ဦးစိုးထွန်းလတ်သည် ဘဏ်မန်နေဂျာရုံးခန်းနံဘေးရှိ စာရွက်စာတမ်းများ သိုလှောင်ခန်းမှ မီးရောင်တွေ့ရှိသဖြင့် သွားရောက်ကြည့်ရှုရာ လူတစ်ဦး ရတနာမာန်အောင်ဘုရားဘက်သို့ ထွက်ပြေးသွားသည်ကို တွေ့ရှိရကြောင်း၊ အခန်းအား သွားရောက်စစ်ဆေးရာ ဘဏ်မန်နေဂျာရုံးခန်းနံဘေးရှိ စာရွက်စာတမ်းများသိုလှောင်ရာ အခန်းပြတင်းပေါက်အား ရိုက်ခွဲ၍ သံပန်းတံခါးအားဖျက်ဆီးကာ အတွင်းသို့ဝင်ရောက်ပြီး ၁၀ ပေပတ်လည်သံတံခါးကို ဂက်စ်ဖြင့် ဖွင့်ရန်ကြိုးစားနေစဉ် သိရှိသွားသောကြောင့် ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘဏ်မန်နေဂျာဒေါ်စန်းရီက ညောင်ရွှေမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၆၄)

# ယာဉ်ကြမ်းခင်း အံဝှက်အတွင်းမှ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်က ကန်ပိုက်တီစစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားဘက်မှ ကန်ပိုက်တီဘက်သို့ ကျော်ကျော် မောင်းနှင်လာသည့် ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်၏ကြမ်းခင်းအံဝှက်အတွင်းမှ ကျောက်စိမ်းတုံးမျိုးစုံ ၂၃၆ တုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ကျော်ကို ကန်ပိုက်တီနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၁၉-၃-၂၀၁၇ ရက်(တနင်္ဂနွေနေ့) ၈း၃၀ နာရီတွင် ကျောက်ပန်းတောင်းကျောင်း၊ မေတ္တာညွန့် (တာမွေ) ၌ ကျင်းပပြုလုပ်ပါမည်။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များ နှင့် ပါရဂူဘွဲ့ ရရှိသူများ၊ ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများသည် အမှတ်စာရင်း၊ မိတ္တူ အထောက်အထားများပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း- ၀၉ ၂၀၀၆၄၄၂ |
| (၂) ဦးရဲညွန့် | ဒုတိယဥက္ကဋ္ဌ | ဖုန်း- ၀၉ ၅၁၁၄၅၇၅ |
| (၃) ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) | အတွင်းရေးမှူး | ဖုန်း- ၀၉ ၅၁၄၇၉၀၄ |
| (၄) ဦးမောင်မောင်လှ | တွဲဖက်အတွင်းရေးမှူး | ဖုန်း- ၀၉၇၃၀၀၁၉၀၀ |
| (၅) ဦးမြင့်လွင် | တွဲဖက်အတွင်းရေးမှူး | ဖုန်း- ၀၉၇၉၅၁၇၆၂၀ |

အလုပ်အမှုဆောင်အဖွဲ့

## ကွန်ပျူတာတက္ကသိုလ်(သထုံ) တင်ဒါခေါ်ယူခြင်း

အဆောင်များပတ်လမ်း စုစုပေါင်းဧရိယာ (၂၁၀၀၀)စတုရန်းပေ ပြုပြင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၈၅၃၂၂၅၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၂-၂၀၁၇ ရက်
**တင်ဒါပိတ်ရက်** - ၁၃-၂-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၃-၂-၂၀၁၇ ရက် ညနေ ၃ နာရီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I / 5101 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ODYSSEY
ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု
0973070193, 0973187799
မြန်မာတစ်ပြည်လုံးမှ ရောင်းချကိုယ်စားလှယ်များ ဖိတ်ခေါ်လျက်ရှိပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၁၆၉၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမည်မှန်

အထက (ကျွန်းလှ) အဋ္ဌမတန်း(C) မှ ဦးဇော်မင်းနိုင် ၅/ကဘလ(နိုင်) ၁၂၅၇၀၄၏ သမီး အမည်မှန်မှာ မဆုပန်ထွာ ဖြစ်ပါကြောင်း။
**မဆုပန်ထွာ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၈/ခ)ဟုခေါ်တွင်သော အလျား(၂၅)ပေ×အနံ(၅၀)ပေ အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ဗီဒီယာဒေဝီ ၁၂/သဃက(နိုင်) ၁၃၇၉၉၉ နှင့် ဒေါ်ရဲနကာ ၁၂/သဃက(နိုင်)၁၄၂၀၀၂ ကိုင်ဆောင်သူများမှ ပိုင်ဆိုင်ပြီး၊ (၂)ခန်းတွဲ (၃)ထပ်တိုက်သစ်တစ်လုံး ဆောက်လုပ်မည်ဖြစ်ပါသည်။ ယင်းဆောက်လုပ်မှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ဆောက်လုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြတ်မြတ်ဝင်း LL.B, Dip in Business Law**
**အထက်တန်းရှေ့နေ (စဉ်-၂၄၇၅၂)**
**အမှတ်(၂၆) ပထမထပ်၊ သမာဓိ(၄)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ၀၉-၄၂၀၇၆၆၅၈၆၊၀၉-၇၉၅၇၆၈၃၆၈**

## ပျောက်ဆုံးကြောင်း

ဦးခန့်သူကို (၁၂/သကတ(နိုင်)၀၆၉၃၅၄) ၏ CDC-73794 သင်္ဘောသားလက်မှတ် EER III/4 Cerf No-E00 575215 မှာ ခရီးသွားစဉ်ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၇၆၇၀၁၄၀၈၁

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3923 Kia Frontier P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၅/ခဥတ(နိုင်) ၀၀၁၀၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

စာအုပ်စာပေလှူ့မိတ်ဆွေ

ဝူခွံ ခမ့် သံယံ San brotherhood
"စစ်ဆေးစမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 190,000Ks
အဝတ်ခြောက်စက် 220,000Ks
အဝတ်လျှော်စက် 140,000Ks
အဝတ်ညှစ်စက် 75,000Ks
(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 255000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

# ၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်အချို့ ရက်ပြောင်းလဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်အချို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ပွဲစဉ်များကို ၂၀၁၆ ခုနှစ်နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲများ၊ AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရမည့် ရတနာပုံနှင့် မကွေးအသင်းတို့၏ ပွဲစဉ်များကြောင့် ရက်အပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။



မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ဖေဖော်ဝါရီ ၂ ရက်ကအစည်းအဝေးပြုလုပ်ပြီးနောက် ပြောင်းလဲခဲ့သည့်ပွဲစဉ်များအား အတည်ပြုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ပထမအကျော့တွင် နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရမည့် ရတနာပုံနှင့် မကွေးအသင်းတို့၏ ပွဲစဉ်များကို ရက်ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး အချို့ပွဲစဉ်များအားရှေ့တိုးကျင်းပခြင်း၊ အချို့ပွဲစဉ်များအားနောက်ဆုတ်ကျင်းပခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပွဲစဉ် (၆) မှစ၍ ရက်ပြောင်းလဲကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၆) အနက် ရတနာပုံ-ရခိုင်အသင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အစား ဖေဖော်ဝါရီ ၁၇ ရက်၊ Southern-မကွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်အစား မတ် ၂၀ ရက်၊ ပွဲစဉ် (၈) အနက် ရတနာပုံ -GFA ပွဲကို မတ် ၅ ရက်အစား မတ် ၄ ရက်၊ ပွဲစဉ် (၉) အနက် မကွေး-ရှမ်းယူနိုက်တက်ပွဲကို မတ် ၁၁ ရက်အစား မတ် ၁၀ ရက်၊ ရတနာပုံ-ဟံသာဝတီပွဲကို မတ် ၁၁ ရက်အစား မတ် ၁၈ ရက်၊ ပွဲစဉ် ၁၀ အနက် ရန်ကုန်-ရတနာပုံပွဲကို ဧပြီ ၂ ရက်အစား ဧပြီ ၁ ရက်၊ ပွဲစဉ် (၁၁) အနက် နေပြည်တော်-မကွေးပွဲကို ဧပြီ ၈ ရက်အစား ဧပြီ ၉ ရက်တွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များအနက် ပွဲစဉ် (၁၅) နှင့် (၁၆) ကို ပွဲစဉ် အားလုံး ရက်ပြောင်း လဲကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁၂) တွင် ရတနာပုံနှင့် မကွေးပွဲကို မေ ၇ ရက်အစား ၈ ရက်သို့ ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။ မူလက ဇွန်လတွင် ကျင်းပရန် စီစဉ်ထားသည့်ပွဲစဉ် (၁၅) ကို မေ ၂၇၊ ၂၈ ရက်၊ ပွဲစဉ် (၁၆) ကို ဇွန် ၁၊ ၂၊ ၃ ရက်တို့တွင် ပြောင်းလဲကျင်းပမည် ဖြစ်သည်။ ဇွန်လတွင် မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲ၊ မြန်မာ ယူ-၂၂ အသင်း၏ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတို့ ကျင်းပရန်ရှိနေသောကြောင့် ပြင်ဆင်ချိန်ပိုမို ရရှိစေရန် ပြောင်းလဲခဲ့ပြီး ဇွန် ၃ ရက်အပြီးတွင် ပြိုင်ပွဲကိုခေတ္တ ရပ်နားမည်ဖြစ်ကာ ဆီးဂိမ်းပြိုင်ပွဲအပြီး စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ အောက်တိုဘာ ၂၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ပွဲစဉ် (၃) အပြီးတွင် ရန်ကုန်နှင့် ရတနာပုံအသင်းတို့က ရမှတ် ခုနစ်မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြန်မာနိုင်ငံ မျိုးဆက်သစ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အားကစားနှင့် ကာယသိပ္ပံကျောင်းများ တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းရေး နှစ်စဉ် မွေးထုတ်ပေးလျက်ရှိသောအားကစားနှင့် ကာယသိပ္ပံကျောင်းများကို ယခုနှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် အားကစားနှင့် ကာယသိပ္ပံကျောင်းများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် တောင်ကြီးတို့ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေးလျက်ရှိသည်။ ယခုနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ အားကစားနှင့် ကာယသိပ္ပံကျောင်းနှစ်ကျောင်းလုံးကိုဖွင့်လှစ်ပြီး မျိုးဆက်သစ်အားကစားသမားများကိုမွေးထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း အားကစားနှင့် ကာယသိပ္ပံကျောင်းကို စစ်တွေမြို့၌ ဖော်ဆောင်ရန် လျာထားကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးလျက်ရှိ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်လေ့ကျင့်မှုများကို အဖွဲ့ချုပ်များက အကောင်အထည်ဖော်လေ့ကျင့်လျက်ရှိသည်။ အားကစားနည်း ၁၄ နည်းဖြစ်သည့် ပြေးခုန်ပစ်၊ ဝူရှူး၊ အလေးမ၊ ဓားခုတ်၊ ဘိလိယက်/စနူကာ၊ တိုက်ကွမ်ဒို စသည်တို့ကို အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိပြီး ကရာတေးဒို၊ ဂျူဒိုနှင့် ရေကူးအားကစားတို့ကိုလည်း ဂျပန်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်နိုင်ရန် အားကစားကော်မတီများအကြား ညှိနှိုင်းနေဆဲဖြစ်ကြောင်း အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ သိရသည်။



**အားကစားနှင့် ကာယသိပ္ပံမှ မျိုးဆက်သစ်ကစားသမားများနှင့်အတူ နယူးဇီလန်ဘောလုံးသမားများအား တွေ့ရစဉ်**

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**



# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

## အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

**(၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)**

**၁၃၇၈ ခုနှစ် ၊ လ ရက်**

**(၂၀၁၇ ခုနှစ် ၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၇ခုနှစ်၊ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေအခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း (၆)ပါကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ဧပြီလ၁ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေအခန်း (၇)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ပုဒ်မ၁၉ပါလစာမှဝင်ငွေနှင့်ပုဒ်မ၂၄တို့ပါပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ဝင်ငွေနှစ်မှစ၍အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကိုဆိုသည်။

(ခ) ဥပဒေဆိုသည်မှာပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသောအခွန်အကောက်များကိုတာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကိုဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရကပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များကိုကောက်ခံရန်သတ်မှတ်ထားသည့်အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း(၂)**

**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ဇယား(၁) ပါအခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

**အခန်း(၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့်အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန်အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက်ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန်လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၆အရယင်းဥပဒေ၏နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင်၊ တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

(၂) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြစ်လျှင် ပြည်ပသို့တင်ပို့သည့် ယာဉ်ပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ၄၀၁မှ၆၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ၆၀၁မှ၈၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀အထိပါ တစ်ဘူးရောင်းဈေး ၈၀၁နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |
| ၂။ | ဆေးရွက်ကြီး | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ် | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ် | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ထိဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

## အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

***ယမန်နေ့မှအဆက်***

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှုသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု ၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပူးတွဲ-၇

**၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၃၁၂,၃၆၀.၆ | ၂၃.၆၃ | ၆,၂၉၀,၆၆၃.၀ | ၂၂.၅၁ |
| ၂ | သမဝါယမပိုင် | ၃,၃၅၈.၅ | ၀.၀၁ | ၃,၅၀၂.၃ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၀,၃၉၇,၆၃၅.၇ | ၇၆.၃၆ | ၂၀,၆၅၇,၀၈၆.၃ | ၇၇.၄၈ |
| | စုစုပေါင်း | ၂၆,၇၁၃,၃၅၄.၈ | ၁၀၀.၀၀ | ၂၇,၉၅၁,၂၅၁.၆ | ၁၀၀.၀၀ |

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၄)

# ချွတ်ယွင်းချက်များပြင်ဆင်သွား



**ဦးဟန်ညွန့်(ဥပဒေ)**

**ရုံးစစ်ဆေးရေးအဖွဲ့များ**

တရားရုံးအဆင့်ဆင့်အား အထက်ရုံးများက ပုံမှန်စစ်ဆေးလေ့ရှိသည်။ တစ်နှစ်တစ်ကြိမ်သာမက အထူးစစ်ဆေးမှုများ ရှိသည်။ ရှောင်တခင်စစ်ဆေးမှုများလည်း ရှိစမြဲ။ ထို့ကြောင့် မည်သည့်ချွတ်ယွင်းချက်များကို မည်သို့ပြင်ဆင်သင့်ကြောင်း ထောက်ပြလေ့ရှိသည်။ တွေ့ရှိချက်နှင့် မှာကြားချက်ပုံစံ ပူးတွဲဖော်ပြသည်။ မှာကြားချက်လက်ခံရရှိကြောင်းပါ အစီရင်ခံတင်ပြရစမြဲ ဖြစ်သည်။ ယခုမှ ဆောင်ရွက်သော အလုပ်မဟုတ်။ အစဉ်အဆက်လုပ်နေကျအလုပ်ဖြစ်သည်။

**စီရင်ပိုင်ခွင့်**

စီရင်ပိုင်ခွင့်မရှိဘဲ မစစ်ဆေးသင့်။ စီရင်ပိုင်ခွင့် မရှိပါဘဲလျက် ဘာကြောင့် ထိုအမှုကိုယူပြီး စစ်ဆေးနေပါသလဲ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးများနှင့်အညီ စစ်ဆေးပိုင်ခွင့် ပေးထားသော၊ စီရင်ပိုင်ခွင့်ရှိသော အမှုများကိုသာ စစ်ဆေးရမည်ဆိုသည်ကို အနည်းဆုံးသိသင့်သည်။ နားလည်သင့်သည် မဟုတ်ပါလား။ သိလျက်နှင့် မှားသလား။ မှားရော မှားသင့်ပါသလား။ စဉ်းစားစရာ။

**ကျင့်ထုံး ၂၀၀**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးရာတွင် တရားသူကြီးက အမှုနှင့်မဆိုင်သည့် အချက်များကို စစ်ဆေးသည်။ အချို့ရုံးများတွင် စစ်ချက်ကို တရားသူကြီးက မယူ။ တရားခွင်စာရေးက ယူသည်။ ပြီးမှ တရားသူကြီးက လက်မှတ်ထိုးသည်။ အချို့ဆိုလျှင် လက်မှတ်ပင် မထိုး။ အမျိုးမျိုး။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေသည်။ ကြီးမားသော ချွတ်ယွင်းချက်ပါ။ တရားသူကြီး ရာထူးနှင့် လုံးဝမတန်။ တရားသူကြီး၏ အလုပ်မလုပ်ကြ။ ပြင်းထန်စွာ အရေးယူမည်ဟု အကြိမ်ကြိမ်ညွှန်ပြခဲ့ပြီး ဖြစ်သည်။ သို့သော်ငြား----။

**ဥပဒေအမည်အတိုကောက်**

စွဲချက်၊ စီရင်ချက်များတွင် ဥပဒေအမည်ကို ပြည့်စုံစွာ ရေးရမည်။ တရားသူကြီးတိုင်း သိပြီးသားပါ။ သို့သော် လွယ်လွယ်ရေးနေဆဲပါ။ အတိုကောက်ရေးနေဆဲပါ။ ဥပဒေအမည် ပြည့်ပြည့်စုံစုံရေးမှ မည်သည့်ပြစ်မှုကို ကျူးလွန်ကြောင်း နားလည်စေမှာပါ။

**သက်သေခံပစ္စည်းစာရင်း**

သက်သေခံပစ္စည်းပါဝင်သော အမှုများတွင် သက်သေခံပစ္စည်းစာရင်းကို အမှုတွဲများမှာ တွဲထားရပါမည်။ ဘာ့ကြောင့် မတွဲထား ကြပါသလဲ။ တရားခွင်စာရေး၏ မပျက်မကွက် လုပ်ရမည့်အလုပ်ပါ။ တရားသူကြီးကလည်း မကြီးကြပ်၍ ဤသို့ ဖြစ်ရသည်။ သာမန်ကိစ္စ ကလေးဟု ယူဆလျှင် ယူဆနိုင်ပါသည်။ သို့သော် ပြဿနာဖြစ်လျှင် ကြီးကျယ်သွားတတ်သည်။

**ပြစ်ချက်ဟောင်း**

ပြစ်ချက်ဟောင်းရှိဖူးသော တရားခံအတွက် ထင်ရှားအောင် အတည်ပြုဖို့၊ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁ နှင့်အညီ ဆောင်ရွက်ဖို့၊ သီးခြား စွဲချက်တင်ဖို့ စသည်များကို တရားသူကြီးများ သိပြီးသားပါ။

**ဖြောင့်ချက်**

ဖြောင့်ချက်ယူသည့်စာတွဲကို ဥပဒေနှင့်ညီအောင် ထမ်းဆောင်သင့်ကြောင်း ထပ်မံရေးပြဖို့ပင်လိုမည်မထင်ပါ။ ကျင့်ထုံးနှင့် တရားရုံးများ လက်စွဲပြဋ္ဌာန်းချက်များ မပျက်မကွက် လိုက်နာဖို့၊ ကျေညက်ဖို့ လိုသည်။

**ဖတ်ပြမှန်ဝန်ခံ**

"ဖတ်ပြရာ မှန်ကြောင်း ဝန်ခံသည်" ကို စာသားရေးဖို့မေ့ကျန်သည့် တရားသူကြီးရှိသည်ဟု ရေးလျှင်လွန်မည်မထင်။ တရားရုံးများ လက်စွဲ အပိုဒ် ၆၁၂ ညွှန်ပြချက်အတိုင်း လိုက်နာရမည်မဟုတ်လား။

**နေ့စဉ်မှတ်တမ်း**

တရားရုံး၏ နေ့စဉ်မှတ်တမ်းသည် အရေးကြီးလှပါသည်။ တရားလိုပြသက်သေ စစ်ဆေးသည်ဆိုပါစို့။ သက်သေဦးရေ၊ သက်သေအမည်၊ သက်သေစရိတ်ပေးခြင်း ခြင်းရှိ/မရှိ စသည်များမှတ်တမ်းသစ်ရေးဖို့ လိုအပ်ပေသည်။ စာအမှတ်အသား တင်သွင်းခြင်း။ ကြားဖြတ်အမိန့်ချခြင်း၊ စီရင်ချက်ချခြင်း၊ အမှုအဆင့်ဆင့် တိုးတက်ပုံများ ရေးသားရပေလိမ့်မည်။ ပြည့်စုံဖို့၊ မမေ့ဖို့လိုသည်။

**သက်သေခံပစ္စည်း**

သက်သေခံပစ္စည်းများကို အချိန်မီစီမံခန့်ခွဲဖို့လိုသည်။ လျင်မြန်စွာ စီမံစရာ စီမံတတ်ဖို့ အရေးကြီးသည်။ ဓမ္မတာအားဖြင့် ပျက်စီးမည်လား။ ဘဏ္ဍာသိမ်းမှာလား။ ရောင်းချရမှာလား။ ရပိုင်ခွင့်ရှိသူသို့ ပြန်ပေးရမည်လား။ အခြားနည်းစီမံခန့်ခွဲရမည်လား။ နားလည်တတ်ကျွမ်းဖို့လိုမည်။

**ပိုင်နိုင်စွာ မကျင့်သုံးတတ်**

တရားသူကြီး တစ်ယောက်သည် မိမိ၏လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ကိုပိုင်နိုင်စွာ မကျင့်သုံးတတ်ဘူးလား။ သင်တန်းတွေအမျိုးမျိုး၊ သွန်သင်မှုအဖုံဖုံ၊ အထက်ရုံးများက ကြီးကြပ်မှု အဆင့်ဆင့်တွေခံယူပြီးပြီ။ ဘာ့ကြောင့်ပိုင်နိုင်စွာ မကျင့်သုံးနိုင်သလဲ။ ဘာအားနည်းချက်ကြောင့်လဲ။ မဝံ့မရဲ မလုပ်ရဲ။ တရားမစီရင်ရဲဘူးလား။ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။

**တရားမမှု**

ပြစ်မှုနှင့်မတူသော တရားမမှုတွေ စစ်ဆေးရပေသည်။ တရားမမှုအကြောင်း အတွေ့အကြုံမရှိခြင်း၊ ဘာသာရပ်မပိုင်ခြင်း၊ မလေ့လာခြင်း၊ မသိ မတတ်လျှင် အထက်လူကြီး၊ အတွေ့အကြုံကြွယ်ဝသူအား မေးမြန်းရန် ရှက်ကြောက်ခြင်းများ ဖုံးလွှမ်းနေပါသလား။ အကြောင်းမဲ့ ရက်ချိန်းတွေပေးနေသလား။ အမှုတွေကြာနေပြီလား။

**ရုံးချိန်မှန်မှန်**

အရေးအကြီးဆုံးက ရုံးချိန်ပါ။ သတ်မှတ်သည့်အချိန်တွင် တရားသူကြီးက တရားခွင်မှာ ရှိနေရစမြဲပါ။ မည်သည့်အကြောင်းနှင့်မျှ မိမိတာဝန်ပျက်ကွက်ရန် မသင့်ပါ။ သက်သေလည်းလာ၊ ဥပဒေအရာရှိလည်း ရှိ၊ ရှေ့နေလည်းမပျက်ကွက်ပါဘဲ၊ တရားသူကြီးဘက်က အစည်းအဝေး ရှိ၍ အမှုမစစ်နိုင်။ နောက်ရုံးချိန်းကျမှ တွေ့ကြစို့တွေ ရှိနေမည်လား။ တစ်ကြိမ်ရှိနိုင်သည်။ နှစ်ကြိမ်ရှိနိုင်သည်။ သုံးကြိမ်ဆက်တိုက်၊ တရားသူကြီးဘက်ကပျက်ကွက်သည်မျိုးရှိထိုက်ပါ သလား။ အမှုခေါ်စာရင်းအတိုင်းတိတိကျကျခေါ်၊ အချုပ်တရားခံဦးစားပေး။ နယ်ဝေးသက်သေ မပျက်မကွက်စစ်ဆေး။ အများပြည်သူတရားခွင် (open court) မှာ ပြည်သူတွေ ယုံကြည်ကိုးစားအားထားကြသည့် တရားရုံးပါ။

**အပြစ်မမြင်**

ချွတ်ယွင်းချက်များ တစ်ခုချင်းထောက်ပြရခြင်းမှာ စာရေးသူက ထောက်ပြခြင်း မဟုတ်။ တရားရုံးအဆက်ဆက်၊ အတွေ့အကြုံများလှသော တရားသူကြီးအဆင့်ဆင့်က ထောက်ပြသုံးသပ်ခဲ့သော ချွတ်ယွင်းချက်များဖြစ်ပါသည်။ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အမှာစာများ ဖြစ်ပါသည်။ အသစ်တွေဘယ်လိုကောင်းကောင်း၊ အဟောင်းကိုတော့ တစ်လည်လည်ဆိုသလိုပါ။ ပညာရှိတရားသူကြီးအဆက်ဆက်၏ တရားဥပဒေထုံးဟောင်းသက်သေတွေပါ။ အပြစ်မမြင်ပါ။ အပြစ်စင်စေချင်တာပါ။ အခြားမှာကြားချက်များ ကျန်သေးသည်ပါ။

**ဥပဒေ**

ဤစာရေးသူက ဥပဒေအရာရှိ (ဥပဒေဝန်ထမ်း) တာဝန်ထမ်းခဲ့သူပါ။ တရားသူကြီးနှင့်ဥပဒေအရာရှိဆိုသည်မှာ တရားစီရင်ရေး၏ညီအစ်ကိုသားသမီးများဟု ဆိုသော်မမှားပါ။ ကြီးမားသော တာဝန်တွေကျေခဲ့ကြသည်ပါ။ တစ်ဦးနှင့်တစ်ဦး လက်တွဲခဲ့ကြသည်ပါ။ အပြစ်မမြင်၊ ချစ်ခင်စွာ၊ ပြည်သူ့အကျိုးသယ်ပိုးခဲ့ကြသူတွေပါ။ ဤစေတနာဖြင့် တရားစီရင်ရေးတွင် ချွတ်ယွင်းချက်များ ကင်းစင်စေချင်သည်ပါ။ အတွေ့အကြုံများ မျှဝေခြင်းသာပါ။

> **စာရေးသူက ဥပဒေအရာရှိ (ဥပဒေဝန်ထမ်း) တာဝန်ထမ်းခဲ့သူပါ။ တရားသူကြီးနှင့်ဥပဒေအရာရှိဆိုသည်မှာ တရားစီရင်ရေး၏ညီအစ်ကိုသားသမီးများဟု ဆိုသော်မမှားပါ။ ကြီးမားသော တာဝန်တွေကျေခဲ့ကြသည်ပါ။ တစ်ဦးနှင့်တစ်ဦး လက်တွဲခဲ့ကြသည်ပါ။ အပြစ်မမြင်၊ ချစ်ခင်စွာ၊ ပြည်သူ့အကျိုးသယ်ပိုးခဲ့ကြသူတွေပါ။ ဤစေတနာဖြင့် တရားစီရင်ရေးတွင် ချွတ်ယွင်းချက်များ ကင်းစင်စေချင်သည်**

**တစ်ဦးတစ်ဖွဲ့တည်းနှင့်**

တရားစီရင်ရေးတာဝန်မှာ တစ်ဦးတစ်ဖွဲ့တည်းနှင့် တာဝန်မကျေနိုင်။ အများစုပေါင်းတာဝန်ထမ်းရသည်။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရဲအရာရှိ၊ ဆရာဝန်၊ ရှေ့နေ၊ သက်သေ၊ ဆက်စပ်သူပြည်သူတို့ ညီညီမျှမျှ၊ တက်တက်ကြွကြွပူးပေါင်းကြမှ၊ စေတနာမှန်မှ၊ တရားလို၊ တရားခံအပြန်အလှန်၊ လောဘ၊ ဒေါသ၊ မောဟတွေကို အဂတိတရားကင်းစင်စွာ အမှန်တရား၊ သစ္စာတရားဖော်ထုတ်ကြရပေသည် မဟုတ်ပါလား။

**ညစ်ထေးသောလက်**

-ညစ်ထေးသောလက်ဖြင့် မလာကြနှင့်။

-သန့်ရှင်းသောလက်ဖြင့်သာ လာကြပါ...တဲ့။

**စေတနာ**

(၁) ချွတ်ယွင်းချက်များ ပြင်ဆင်သွားကြပါစို့။

(၂) အပြစ်တွေကိုသာ လက်ညှိုးထိုးနေကြမည်လား။

(၃) မည်သို့ပြုပြင်၊ မည်သို့ဆင်ခြင်လျှင် အမှားနည်းကြမည်ဟု စဉ်းစားမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

# ပိန်းဇလုပ်-ကညင်ကျိုး ကျေးလက်လမ်းတံတားပြုပြင်လျှင် ရွှေစတုံလေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

**ပိန်းဇလုပ် ဖေဖော်ဝါရီ ၂**

ပိန်းဇလုပ်-ကညင်ကျိုးလမ်းသည် ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ကမ်းနံဘေးရှိ ကညင်ကျိုးကျေးရွာမှ ညောင်လေးပင်မြို့နယ်



ပိန်းဇလုပ်မြို့အထိ လေးမိုင်ခွဲခန့် ရှည်လျားပြီး ဂဝံလမ်းအဖြစ် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်းက ဖောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အဆိုပါနှစ်မြို့နယ်ချင်း ဆက်လမ်းအရှည်ရှိ ချောင်းကူး၊ မြောင်းကူး တံတားအချို့နှင့်လမ်းအရှည် ၂ မိုင်ခွဲခန့်သည် ရာသီဥတုဒဏ်ပြုပြင် ထိန်းသိမ်းမှု အားနည်းခြင်းနှင့် တန်ပိုယာဉ်များ သွားလာမှုကြောင့်လမ်း၊ တံတားအချို့ပျက်စီးမှုဖြစ်ပေါ်နေကြောင်း သိရသည်။

"ရွှေစတုံလေးမြို့နယ် (ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီး) စစ်တောင်းမြစ် ဟိုဘက်ကမ်းနဲ့ သည်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာက ဒေသတွေအနေနဲ့ ပိန်းဇလုပ်-ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် သွားလာတဲ့အခါ ဒီလမ်းကိုအသုံးပြုပြီး သွားလာနေတာ။ ပျက်စီးနေတာကြာပြီ ဖြစ်ပေမယ့် ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာ ညောင်လေးပင်မြို့နယ် အပိုင်းမှာ တစ်မိုင်၊ ကျောက်တံခါးမြို့နယ်အပိုင်းမှာ တစ်မိုင် ပေါင်းနှစ်မိုင်ကို နှစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ကန်ထရိုက်ရတဲ့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးမှုမှာ လုပ်ငန်းလိုအပ်ချက်အရ ကျောက်သယ် ယာဉ်တွေ ယခင်ပျက်စီးနေတဲ့ ဂဝံလမ်းပေါ်က သယ်ဆောင်မောင်းနှင်တော့ လက်ကျန်လမ်းပိုင်းနှစ်မိုင်ခွဲလောက်က လမ်းမြေသားတွေ နိမ့်ဆင်းသွားပြီး လမ်းလယ်မှာ ကျင်းချိုင့်ကြီးတွေ ဖြစ်ကုန်တယ်။ သွားလာအသုံးပြုမှုရှိလာတာနဲ့အမျှ တံတားအချို့ကလည်း ပျက်စီးမှုတွေ ဖြစ်လာတယ်။ ထိုဒေသ ဖွံ့ဖြိုးရေးအတွက် ပိန်းဇလုပ်-ကညင်ကျိုး-ကျေးလက်လမ်းကို ပြုပြင်စေချင်ပါတယ်" ဟု ကညင်ကျိုး ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

လေးမိုင်ခွဲခန့် ရှည်လျားသည့် ပိန်းဇလုပ်-ကညင်ကျိုး ကျေးလက်ဖွံ့ဖြိုးရေးလမ်း၏ တစ်ဝက်ကျော်ခရီး နှစ်မြို့နယ်အတွင်း နှစ်မိုင်ခွဲခန့် လမ်းအကွာအဝေးနှင့် လမ်းပိုင်းအရှည်ရှိတံတားအချို့ပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်လျှင် ရွှေစတုံလေးမြို့နယ် စစ်တောင်းမြစ်၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းရှိ ကျေးရွာများပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# ပြည်ထောင်စုအတွက် ထာဝစဉ်

ဆောင်းပါး - မြင့်စိုး (နတလ)

ဒို့ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးက × × ×
တိုင်းရင်းသားလူငယ်အချင်းချင်း ရင်းနှီးချစ်ကြည် × × ×
နယ်စပ်ဒေသ × × တိုင်းရင်းသားလူငယ်များ
ဖွံ့ဖြိုးရေးသင်တန်းကျောင်းများသည် × × ×
လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို × × ရည်ရွယ်သည်
တိုင်းရင်းသားတို့လူငယ်များ × × × မျိုးချစ်စိတ်ရှင်သန်နိုးကြားသူများ
ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲတည်ကြည် × ×
တို့မိခင်ကျောင်းက အမှာစကားနှင့်အညီ × × ×
ရာသက်ပန်အတူမခွဲ × × ဥမကွဲသိုက်မပျက်
အေးအတူပူအမျှ ပူးပေါင်းနေထိုင် × × ×
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်သည် × × ×

'ပြည်ထောင်စုအတွက် ထာဝစဉ်'တေးသီချင်း၏ ပထမပိုဒ်ဖြစ်ပါသည်။ သီဆိုမှုကြာမြင့်ချိန်က ငါးမိနစ်စွန်းစွန်းလေးရယ်သာ။ ဤမျှလောက်သော အချိန် အပိုင်းအခြားလေးအတွင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်းနှင့်ရန်ကုန်)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများနှင့် စပ်လျဉ်း၍ ဖွင့်လှစ်ရသော ရည်ရွယ်ချက်၊ ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းအမျိုးအစားများ၊ တစ်နေ့တာ လှုပ်ရှားမှုများကို ပေါ်လွင်စွာ ခံစားကြည့်ရှုနိုင်အောင် တည်းဖြတ်ဆောင်ရွက်ခြင်းငှာ မစွမ်းသာသော်ငြား ထိုသီချင်းကို အရုပ်ပေါင်း ၁၄၅ ရုပ်ဖြင့် ကျွန်တော် ပြန်လည်တည်းဖြတ်၍ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးခဲ့ပါသည်။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ပင်မဆောင်

ထိုသီချင်းကို လွန်ခဲ့သည့် ၁၂ နှစ်ခန့်အချိန်ကတည်းကပင် ဂီတစာဆို အလင်္ကာကျော်စွာ ဟံသာတဦးမြင့်ငွေက နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအတွက် ရေးစပ်သီကုံးပေးထားခြင်းဖြစ်ပါသည်။ မူလအဆိုတော်များမှာ မည်သူတွေဖြစ်သည်ကို ကျွန်တော်မမေးမိတော့။ ပြီးခဲ့သည့်၂၀၁၆ ဒီဇင်ဘာလက နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ခနောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရီးစဉ်အတွင်း ပင်းတယမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိစဉ် အဆိုပါ လူငယ်သင်တန်းကျောင်းသီချင်းကို လူငယ်အဆိုတော်များဖြင့် ပြန်လည်သီဆို အသံသွင်း၍ တည်းဖြတ်ပေးရန် ကျွန်တော့်အား တာဝန်ပေးခဲ့ပါသည်။ ထိုသီချင်း၏ မူလစာသားအချို့နှင့် အရုပ်အချို့မှာလည်း ပြန်လည်ပြင်ဆင်ရမည့် အခြေအနေရှိနေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးချိန်က စပ်ဆိုထားခြင်းဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နေရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ပြင်ဆင်ရမည်ဖြစ်သကဲ့သို့ ယခင်နိုင်ငံတော်အလံ ပါသော အရုပ်များကိုလည်း နိုင်ငံတော်အလံသစ်ပုံနှင့် အစားထိုးပြောင်းလဲပေးရန် လိုနေပြီဖြစ်ပါသည်။

သည့်အတွက် ဆရာဦးမြင့်ငွေကိုပင် အကူအညီတောင်းပြီး အပူကပ်လိုက်သည့်အခါ သီချင်းစာသားများကို ပြန်ပြင်ပေးရုံမျှမက သူ၏စီစဉ်ပေးမှုဖြင့် သားငယ်၊ သမီးငယ် တေးသံရှင်လေးများဖြစ်ကြသော အဆိုတော် ဝိုင်းလမင်းအောင်၊ မင်းခန့်ဘုန်း၊ စွမ်းထက်၊ မေသက်ထားဆွေ၊ ခင်လပြည့်ဝန်းတို့နှင့် အသံပြန်သွင်းပေးခဲ့သည်။ ယုဇန၊ မို့မို့ဇော်ဝင်းတို့၏ လူကြီးသံများကိုပါ ထပ်မံဖြည့်ပေးခဲ့ပါသည်။ ဆရာ့ထံမှ သီချင်းရပြီဆိုသောအခါ MRTV ၊ MWD တို့တွင် ထုတ်လွှင့်ပြသနိုင်ရေး အရုပ်တွေဆက်ပြီး Editing လုပ်ရန် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်နှစ်ခု၊ လူငယ်သင်တန်းကျောင်းများမှ မှတ်တမ်းဗီဒီယိုခွေများကို လှမ်း၍တောင်းရပါတော့သည်။ လူငယ်သင်တန်းကျောင်းပေါင်း ၄၄ ကျောင်းရှိသည့်အနက် ၃၂ ကျောင်းမှ မှတ်တမ်း VCD များ ရခဲ့သည်။ အားလုံးကြည့်ပြီး စိတ်ကြိုက်အရုပ် မှတ်သားရခြင်းကိုက အလုပ်တစ်ခုရယ်ပါ။ ငါးမိနစ်စာအချိန်လေးမှာ မိမိတို့ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ ပြည့်ပြည့်စုံစုံ ပြလိုက်ချင်ပါသည်။ လောဘကြီးမိသည်ဟုပဲ ဆိုကြပါစို့ရဲ့။

နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၅)မှ သင်တန်းသား သင်တန်းသူများအား ဩဝါဒမြွက်ကြားသည့် အခမ်းအနား၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သမ္မတကြီးနှင့်ဇနီးတို့ သွားရောက်ကြည့်ရှု အားပေးချီးမြှင့်ခဲ့သည့် ခရီးစဉ်၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပပြုလုပ်သော နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် မိန့်ခွန်းပြောကြားမှုများ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တို့အတွက် ကြည်း၊ ရေ၊ လေ တပ်မတော်သားများက ကွန်ပျူတာ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းဆင်းပွဲ အခမ်းအနားပုံများကိုပါ ဖော်ပြခဲ့ပါသည်။

**လူငယ်သင်တန်းကျောင်းသီချင်းကို လူငယ်အဆိုတော်များဖြင့် ပြန်လည်သီဆို အသံသွင်း၍ တည်းဖြတ်ပေးရန် ကျွန်တော့်အား တာဝန်ပေးခဲ့ပါသည်။ ထိုသီချင်း၏ မူလစာသားအချို့နှင့် အရုပ်အချို့မှာလည်း ပြန်လည်ပြင်ဆင်ရမည့် အခြေအနေရှိနေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးချိန်က စပ်ဆိုထားခြင်းဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နေရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ပြင်ဆင်ရမည်ဖြစ်သကဲ့သို့ ယခင်နိုင်ငံတော်အလံ ပါသော အရုပ်များကိုလည်း နိုင်ငံတော်အလံသစ်ပုံနှင့် အစားထိုးပြောင်းလဲပေးရန် လိုနေပြီဖြစ်ပါသည်**



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ကျောင်းသားအိပ်ဆောင်များ

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော ကဏ္ဍသုံးခု ရှိပါသည်။ ၎င်းတို့မှာ အဆင့်မြင့်ပညာရပ်များ သင်ကြားပေးခြင်း၊ အခြေခံပညာရပ်များ သင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ ဖြစ်ပါသည်။

အဆင့်မြင့်ပညာသင်ကြားခြင်းကဏ္ဍတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်းတွင် ၉၃ ဦး၊ မဟာဒသနပညာရေးဘွဲ့ တစ်နှစ်သင်တန်းတွင် ၃၅ ဦး၊ ပညာရေးဘွဲ့ ငါးနှစ်သင်တန်းတွင် ၃၄၅၄ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်းတွင် ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ် တစ်နှစ်သင်တန်းတွင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ် သုံးနှစ်သင်တန်းတွင် ၇၁၆၂ ဦး၊ အထူး မူလတန်းဆရာအတတ် တစ်နှစ်သင်တန်းတွင် ၄၆၁ ဦး၊ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၂၇၉၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်းနှင့် ရန်ကုန်)တို့မှလည်း ဝိဇ္ဇာဘွဲ့ ၅၈၇ ဦး၊ သိပ္ပံဘွဲ့ ၁၄၂၈ ဦး၊ AGTI ဒီပလိုမာ ၈၁၉ ဦး၊ B.Tech ၁၃၅ ဦး၊ စုစုပေါင်း ဘွဲ့ရကျောင်းသား ၂၉၆၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အထဲမှ အဆင့်မီသူများကို မဟာသင်တန်းများသို့ တက်ရောက်စေကာ မဟာဝိဇ္ဇာဘွဲ့ရ ၈၀ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၅၃ ဦး၊ မဟာသုတေသနဘွဲ့ရ ၈၁ ဦး၊ ပါရဂူဘွဲ့ရ ၁၃ ဦး၊ ME ဘွဲ့ရ ၅၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းကဏ္ဍတွင် ပါဝင်သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ခုနစ်ကျောင်းကိုလည်း ဖွင့်လှစ်၍ လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ အိမ်ပုံစံများရေးဆွဲခြင်း၊ အခြေခံစက်ပြင်၊ အခြေခံယာဉ်ပြင်၊ အခြေခံ လေအေးပေးစက်ပြင်၊ အခြေခံ လျှပ်စစ်ဂဟေဆက် သင်တန်းများကို တစ်ကြိမ်လျှင် သင်တန်းသား ၆၀ ဦး၊ သင်တန်းကာလ ၁၂ ပတ်ဖြင့် တစ်နှစ်လျှင် သုံးကြိမ်စီ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါသင်တန်းများတွင် သင်တန်းသားစုစုပေါင်း ၂၇၉၅ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။

ထိုနည်းတူစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၃ ကျောင်း ဖွင့်လှစ်၍ အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေးစက်ဆွဲ၊ အခြေခံရက်ကန်း၊ ကနုကမာကျောက်စီ၊ ကြိမ်နှင့်ဝါး လက်မှုပညာ၊ ဟင်းလျာချက်ပြုတ်နည်း သင်တန်းများကို တစ်ကြိမ်လျှင် သင်တန်းသူ ၇၀ ဦး၊ သင်တန်းကာလ ၁၄ ပတ်ဖြင့် တစ်နှစ်လျှင် သုံးကြိမ်စီ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့အထိ သင်တန်းသူ ၇၂၇၂၉ ဦး တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်သည်။

အိမ်တွင်းမှုရွေ့လျား(Mobile) သင်တန်းများကိုလည်း ဒေသအလိုက် လိုအပ်ချက်များအရ ၈၆ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသူ ၄၉၄၂ ဦး သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။ အလုပ်အကိုင်အခွင့်လမ်းများ ဖော်ထုတ်ပေးနိုင်ရန်အတွက် အိမ်တွင်းမှုသင်တန်းကျောင်း အသီးသီးမှ အခြေခံ / အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပြီးသူများအား ဗဟိုလေ့ကျင့်ရေးကျောင်း၌ ခေတ်မီ မော်တာအထည်ချုပ်စက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၁၆ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသူ ၁၉၄၅ ဦး တက်ရောက်အောင်မြင်ခဲ့သည့်အနက် ၁၉၀၁ ဦးအား ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ပုဂ္ဂလိကအထည်ချုပ်စက်ရုံ ၂၂ ခုတို့တွင် ခန့်အပ်နိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

'ပြည်ထောင်စုအတွက်ထာဝစဉ်'ဆိုသည့် သီချင်းခေါင်းစဉ်အတိုင်း နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသ တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ထာဝစဉ် ရင့်သန်ခိုင်မာ ထွန်းကားပြန့်ပွားလာအောင် မိမိတို့စွမ်းဆောင်နိုင်သည့်ဘက်မှ ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စစ်မှန်သည့်ဖက်ဒရယ်ကို အခြေခံသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာစေရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်လာမည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း။ ။

# အာဆင်နယ်ကို ချယ်လ်ဆီး အနိုင်ရမှာလား

— ဝေမိုးဆက် —

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ကို လာမယ့်ဖေဖော်ဝါရီ ၅၊ ၆ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးက အာဆင်နယ်နဲ့ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ချယ်လ်ဆီးအနေနဲ့ ကြားရက်မှာကစားခဲ့ရတဲ့ ပွဲစဉ်(၂၃)မှာလည်း လီဗာပူးနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပြီး အဲဒီပွဲနဲ့ရက်သိပ်မခြားဘဲ အာဆင်နယ်နဲ့ ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် ချယ်လ်ဆီးတို့နိုင်ပွဲရယူကာ ပထမအကျော့ ရှုံးကြွေးကို ပြန်လည်ပေးဆပ်နိုင်ပါ့ မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာလက်စတာနဲ့မန်ယူတွေ့နေတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။




## ဝက်စ်ဘရွန်း VS စတုတ်

| ပကျော့ | စတုတ် | ၁ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းခြေက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်သလို တိုက်စစ်ပိုင်းကလည်း အိမ်ကွင်းပွဲတွေမှာ ပိုမိုထက်မြက်တတ်ပါတယ်။ ဒါပေမယ့် စတုတ်ကလည်း အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိသလို တုံ့ပြန်ကစားပုံလည်း ထိရောက်မှုရှိတာကြောင့် ဝက်စ်ဘရွန်းတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းမှာ ဝက်စ်ဘရွန်း ကပ်ပြီးသာနိုင်မယ်။

## ပဲလေ့စ် VS ဆန်းဒါးလန်း

| ပကျော့ | ဆန်းဒါးလန်း | ၂ | ၃ | ပဲလေ့စ် |
|---|---|---|---|---|

ပထမအကျော့မှာ ပဲလေ့စ်တို့အဝေးကွင်းမှာ ကစားခဲ့ရပေမယ့် နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ပဲလေ့စ်ခြေက အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း ဆန်းဒါးလန်းခြေကလည်း အားနည်းမှုတွေများနေကာ ဒီဖိုးဦးဆောင်တဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်မှု အားနည်းနေပါတယ်။ ဒါ့ကြောင့်လည်း တန်းမဆင်းရဖို့ အားစိုက်လာကြမယ့် ဒီပွဲမှာအိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် ပဲလေ့စ်ကသာ ကပ်နိုင်ခြေရှိပါတယ်။

## အဲဗာတန် VS ဘုန်းမောက်

| ပကျော့ | ဘုန်းမောက် | ၁ | ၀ | အဲဗာတန် |
|---|---|---|---|---|

ပထမအကျော့တုန်းက ဘုန်းမောက်က အဲဗာတန်ကို အိမ်ကွင်းမှာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါအချိန်တုန်းက အဲဗာတန်ခြေစွမ်း ပျက်ယွင်းနေချိန်ဖြစ်ပြီး လက်ရှိအချိန်မှာတော့ အဲဗာတန်ရဲ့ခြေစွမ်းပိုင်းကကောင်းမွန်နေကာ အိမ်ကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ကစားပုံကလည်း ထက်မြက်တတ်ပါတယ်။ ဒါ့အပြင် ဘုန်းမောက်ကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်တာကြောင့် ဒီပွဲမှာတော့ အဲဗာတန်ပဲ အနိုင်ရမယ်။

## ဟားလ် VS လီဗာပူး

| ပကျော့ | လီဗာပူး | ၅ | ၁ | ဟားလ် |
|---|---|---|---|---|

ဟားလ်ရဲ့အိမ်ကွင်းခြေကို လျှော့တွက်ဖို့ ခက်ပါတယ်။ နောက်ဆုံးအိမ်ကွင်းပွဲမှာ မန်ယူကိုအနိုင်ရခဲ့သလို ၂၀၁၆ နိုဝင်ဘာလကစလို့ အိမ်ကွင်းမှာ ပြိုင်ပွဲအရပ်ရပ်ဟားလ်တို့တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပါတယ်။ ဒီပွဲမှာလည်း တန်းမဆင်းရဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ လီဗာပူးခြေစွမ်းကလည်း အားနည်းမှုတွေရှိလာပါတယ်။ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိလို့ လီဗာပူးနိုင်ရင်တောင်မှ ဂိုးမပြတ်ဘူး။

## ဝက်ဖို့ဒ် VS ဘန်လေ

| ပကျော့ | ဘန်လေ | ၂ | ၀ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ပထမအကျော့တုန်းက ဘန်လေတို့ နှစ်ဂိုး ပြတ်နဲ့အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘန်လေရဲ့အိမ်ကွင်းခြေနဲ့ အဝေးကွင်းခြေက ကွာဟမှုတွေရှိနေပါတယ်။ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရချိန်မှာ ဘန်လေက ခံစစ်အားပြုကစားခဲ့တာကြောင့် အဝေးကွင်းခံကစားပုံကောင်းခဲ့ပေမယ့် အခုလိုပွဲမျိုးမှာတော့ တိုက်စစ်နဲ့တုံ့ပြန်ကစားဖို့ကြိုးစားလာမှာဖြစ်လို့ အိမ်ကွင်းခြေကောင်းတဲ့ ဝက်ဖို့ဒ်အခွင့်အရေးရနိုင်ပါတယ်။ ဝက်ဖို့ဒ်သာ နိုင်ပွဲရမယ်။

## လက်စတာ VS မန်ယူ

| ပကျော့ | မန်ယူ | ၄ | ၁ | လက်စတာ |
|---|---|---|---|---|

လက်စတာက ရမှတ်တွေဆက်တိုက်နီးပါး ဆုံးရှုံးနေရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ဒီအိမ်ကွင်းပွဲမှာ အားစိုက်လာဖို့သေချာနေပါတယ်။ ဒါပေမယ့်လည်း လက်စတာက ခြေစွမ်းပိုင်းအရတော့ အားနည်းမှုတွေများနေသလို တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေမရှိပါဘူး။ မန်ယူကတော့ အသင်းလိုက်ကစားပုံကောင်း မွန်မှုရှိနေကာ တိုက်စစ်ပိုင်း ကလည်း ထက်မြက် မှုရှိနေပါတယ်။ ဒါ့ကြောင့်လည်း မန်ယူကသာ ဒီပွဲမှာ ကပ်နိုင်ခြေရှိပါတယ်။

## ချယ်လ်ဆီး VS အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၃ | ၀ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ရေးနဲ့ ပထမအကျော့ရှုံးကြွေးကို ပြန်လည်ပေးဆပ်နိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ကြားရက်မှာ လီဗာပူးနဲ့ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ ချယ်လ်ဆီးရဲ့အသင်းလိုက် ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပေမယ့် အာဆင်နယ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရနေတယ်။ ချယ်လ်ဆီးသရေလောက်ပဲရမယ်။

## ဆောက်သမ်တန် VS ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၀ | ၃ | ဆောက်သမ်တန် |
|---|---|---|---|---|

ဆောက်သမ်တန်ခြေက ကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဖွန်တီကိုရောင်းချခဲ့သလို ဗန်ဒစ်ခ်လည်း ဒဏ်ရာရနေပေမယ့် ခံစစ်ကစားပုံအားလျော့မသွားပါဘူး။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ခြေကလည်း ကောင်းမွန်နေတာကြောင့် ဆောက်သမ်တန်တို့သရေသာ ကစားနိုင်ဖို့ရှိပါတယ်။

## စပါး VS မစ်ဒယ်ဘရော့

| ပကျော့ | မစ်ဒယ်ဘရော့ | ၁ | ၂ | စပါး |
|---|---|---|---|---|

အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ အာဆင်နယ်နဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရဖို့မသေချာတဲ့အတွက်စပါးတို့နိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ စပါးရဲ့လက်ရှိခြေကလည်း တည်ငြိမ်မှုရှိနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ခြေစွမ်းပိုင်း သာမန်သာရှိတဲ့ မစ်ဒယ်ဘရော့ကို ဖိအားပေးသွားနိုင်မှာ သေချာနေပါတယ်။ စပါးပဲ အနိုင်ရမယ်။

## မန်စီးတီး VS ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၁ | ၃ | မန်စီးတီး |
|---|---|---|---|---|

နောက်ဆုံးအဝေးကွင်းပွဲမှာ ဆွမ်ဆီးက လီဗာပူးကိုတောင် အနိုင်ရခဲ့တယ်ဆိုပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းကတော့ သာမန်ထက် မပိုပါဘူး။ အထူးသဖြင့်ခံစစ်ပိုင်းက တည်ငြိမ်မှု မရှိတာတွေ့ရပါတယ်။ မန်စီးတီးကတော့ အမှတ်လိုအပ်နေတာကြောင့် အခုအိမ်ကွင်းပွဲမှာ တိုက်စစ်ဖွင့်ကစားလာမှာ ဖြစ်သလို ဂါဘရီရယ် ဂျီဇက်ကြောင့်လည်း ထိုးဖောက်အားပိုကောင်းလာပါတယ်။ မန်စီးတီးကသာ တိုက်စစ်နဲ့ ဖိကစားပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၄-၂-၁၇)** | | | |
| ည ၇း၀၀ | ချယ်လ်ဆီး | - | အာဆင်နယ် |
| ည ၉း၀၀ | ခရစ္စတဲလ်ပဲလေ့စ် | - | ဆန်းဒါးလန်း |
| ည ၉း၀၀ | အဲဗာတန် | - | ဘုန်းမောက် |
| ည ၉း၀၀ | ဟားလ်စီးတီး | - | လီဗာပူး |
| ည ၉း၀၀ | ဆောက်သမ်တန် | - | ဝက်စ်ဟမ်း |
| ည ၉း၀၀ | ဝက်ဖို့ဒ် | - | ဘန်လေ |
| ည ၉း၀၀ | ဝက်စ်ဘရွမ်း | - | စတုတ် |
| နံနက် ၀၀း၀၀ | စပါး | - | မစ်ဒယ်ဘရော့ |
| **တနင်္ဂနွေနေ့ (၅-၂-၁၇)** | | | |
| ည ၈း၃၀ | မန်စီးတီး | - | ဆွမ်ဆီး |
| ည ၁၀း၃၀ | လက်စတာ | - | မန်ယူ |

## စပိန်လာလီဂါပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၃-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဒီပိုတီဗို | - | ဘတ်တစ် |
| **စနေနေ့ (၄-၂-၁၇)** | | | |
| ည ၆း၃၀ | မာလာဂါ | - | အက်စ်ပန်ညို |
| ည ၉း၄၅ | ဘာစီလိုနာ | - | ဘီဘာအို |
| နံနက် ၀၀း၀၀ | အက်သလက် | - | လီဂါနက်စ် |
| နံနက် ၂း၁၅ | ဗလင်စီယာ | - | အီဘာ |
| **တနင်္ဂနွေနေ့ (၅-၂-၁၇)** | | | |
| ည ၅း၃၀ | ဆီဗီးလာ | - | ဗီလာရီးရဲ |
| ည ၉း၄၅ | ဂီဂျွန် | - | အလာဗက်စ် |
| နံနက် ၀၀း၀၀ | ဆိုစီဒက် | - | အိုဆာဆူနာ |
| နံနက် ၂း၁၅ | ဆယ်တာဗီဂို | - | ရီးရဲ |
| **တနင်္လာနေ့ (၆-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဂရန်နာဒါ | - | လက်ပဲလ်မက်စ် |

## စီးရီးအေပွဲစဉ်(၂၃)

| | | | |
|---|---|---|---|
| **စနေနေ့ (၄-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ဘိုလော့ဂ်နာ | - | နာပိုလီ |
| **တနင်္ဂနွေနေ့ (၅-၂-၁၇)** | | | |
| ည ၆း၀၀ | အေစီမီလန် | - | ဆမ်ဒိုးရီးယား |
| ည ၈း၃၀ | အတ္တလန္တာ | - | ကယ်ဂလီယာရီ |
| ည ၈း၃၀ | ပက်စ်ကာရာ | - | လာဇီယို |
| ည ၈း၃၀ | ဂျီနိုအာ | - | ဆက်ဆူအိုလို |
| ည ၈း၃၀ | အမ်ပိုလီ | - | တိုရီနို |
| ည ၈း၃၀ | ချီယေဗို | - | အူဒီးနိစ် |
| ည ၁၁း၃၀ | ပါလာမို | - | ခရိုတိုနီ |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | - | အင်တာမီလန် |
| **အင်္ဂါနေ့ (၇-၂-၁၇)** | | | |
| နံနက် ၂း၁၅ | ရိုးမား | - | ဖီယိုရင်တီးနား |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၃-၂-၁၇)** | | | |
| နံနက် ၂း၁၅ | မက်ဇ် | - | မာဆေး |
| **စနေနေ့ (၄-၂-၁၇)** | | | |
| ည ၁၀း၃၀ | မိုနာကို | - | နိုက်စ် |
| နံနက် ၁း၃၀ | ဘော်ဒိုး | - | ရိန်းစ် |
| နံနက် ၁း၃၀ | လေလီ | - | လောရီယင့် |
| နံနက် ၁း၃၀ | မောင့်ပယ်လီယာ | - | ဘတ်စတီယာ |
| နံနက် ၁း၃၀ | ဒီဂျွန် | - | ပီအက်စ်ဂျီ |
| နံနက် ၁း၃၀ | ဂူအင်ဂမ့် | - | ကိန်းစ် |
| **တနင်္ဂနွေနေ့ (၅-၂-၁၇)** | | | |
| ည ၈း၃၀ | တူးလောက်စ် | - | အန်ဂျာစ် |
| ည ၁၀း၃၀ | နန့်စ် | - | နန်စီ |
| နံနက် ၂း၃၀ | စိန့်အေတီယန် | - | လိုင်ယွန် |

# ပရီမီယာလိဂ်ဆုဖလားအတွက် လက်တစ်ကမ်းအလိုက ချယ်လ်ဆီး

အောင်က

**ဒီနှစ်ပရီမီယာလိဂ်ရာသီဟာ အခြားရာသီတွေနဲ့အတူအောင် ပြိုင်ဆိုင်မှုပြင်းထန်တယ်လို့ဆိုရမှာပါ။ ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ စပါးနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ပြိုင်ဆိုင်မှုတွေကလည်း ဒီနှစ်ရာသီမှာတော့ ပြင်းထန်လွန်းတယ်လို့ပြောရမှာပါ။ ဒါပေမယ့် ရာသီဝက်ကျော်မှာတော့ ပရီမီယာလိဂ်ဆုဖလားနဲ့ အနီးကပ်ဆုံးအသင်းတွေကတော့ အာဆင်နယ်၊ စပါးနဲ့ လီဗာပူးအသင်းတို့လို့တောင် ပြောရမှာပါ။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ကိုးမှတ်အသာနဲ့ ဦးဆောင်နေတာနဲ့အတူ လက်ရှိအအခြေအနေတွေအရတော့ ဒီနှစ်ပရီမီယာလိဂ်ဆုဖလားဟာ ချယ်လ်ဆီးအသင်းအတွက်လို့ဆိုရမှာဖြစ်ပါတယ်။ အဲ့ဒီလိုဆိုရအောင်လည်း ချယ်လ်ဆီးအသင်းမှာတော့ ခိုင်လုံတဲ့အကြောင်းအရာတွေရှိနေတယ်လို့ ဆိုရမှာပါ။**

### ကွန်တီရဲ့အရည်အချင်း

ရာသီအစပိုင်းချယ်လ်ဆီးအသင်းရဲ့ အခြေအနေတွေကို ကြည့်မယ်ဆိုရင်တော့အားရစရာကောင်းလှတယ်လို့ တော့မဆိုနိုင်ပါဘူး။ ဒါကြောင့်လည်း ရာသီအစပွဲစဉ်(၆)လောက်မှာတော့ အဆင့် ၈ အထိတောင်ရောက်သွားခဲ့ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်း မန်နေဂျာ ကွန်တီရဲ့ နည်းဗျူဟာပိုင်းနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေပြင်းထန်ခဲ့ကြပါတယ်။ ဒါပေမယ့် မန်နေဂျာ ကွန်တီဟာ ခေါင်းအေးအေးထားပြီး သူ့အသင်းကို အကောင်းဆုံးနည်းဗျူဟာတွေချမှတ်ပြီး ကစားစေခဲ့တာကြောင့် ပရီမီယာလိဂ်၁၃ပွဲဆက်တိုက်ကို အနိုင်ရရှိတဲ့အထိ ရလဒ်တွေကောင်းမွန်ခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့နောက်တန်းခံစစ်ပိုင်းမှာ ကစားသမားသုံးဦးအဓိကထားတဲ့ကစားကွက်ကလည်း အသင်းအတွက် အံဝင်မှုရှိခဲ့ပြီးပေးဂိုးတွေလည်း နည်းစေခဲ့ပါတယ်။

ဒါ့အပြင် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်တဲ့ ဖာဘရီဂက်စ်လို့ ကစားသမားကို အရန်ခုံမှာ ထိုင်နေစေခဲ့ပြီး ကစားကွက်အပြောင်းအလဲလုပ်ခဲ့တာကလည်း ကွန်တီရဲ့ကောင်းမွန်တဲ့နည်း စနစ်တွေလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေးဗစ်လူးဝစ်ဇ်ကိုလည်း အသင်းရဲ့ ဗဟိုခံစစ်ပိုင်းမှ အဓိကထားသုံးခဲ့ပါတယ်။ အဲ့ဒီထဲမှာမှ ထူးခြားတာကတော့ ပြီးခဲ့တဲ့ ရာသီကခြေစွမ်းပိုင်းနဲ့အတူ အပြုအမူဆိုးတွေကြောင့် ဝေဖန်မှုတွေခံခဲ့ရတဲ့ တိုက်စစ်မှူးကော်စတာကို ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာပြီး အသင်းအတွက် ဂိုးတွေဆက်တိုက်သွင်းယူနိုင်ဖို့အတွက် ကူညီပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါတွေဟာ မန်နေဂျာ ကွန်တီရဲ့ကောင်းမွန်တဲ့ အရည်အချင်းကောင်းတွေလို့ ဆိုရမှာပါ။

### ဒီယေဂိုကော်စတာရဲ့အရေးပါမှု

ဒီနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းရဲ့အမှတ်ပေးဇယားရဲ့ထိပ်ဆုံးပိုင်းမှာ ရပ်တည်နေရခြင်းတွေကိုကြည့်မယ်ဆိုရင်တော့ တိုက်စစ်မှူး ဒီယေဂိုကော်စတာရဲ့အခန်းကဏ္ဍဟာ အလွန်ကို အရေးပါတယ်လို့ပြောရမှာပါ။ လက်ရှိအချိန်မှာ တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ အသင်းမှာတော့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေသူဖြစ်ပြီး သူသာမပါဝင်ခဲ့ဖူးဆိုရင် အသင်းရဲ့ ရှစ်ပွဲလောက်ဟာ ရှုံးပွဲကြုံတွေရနိုင်တဲ့အခြေအနေတွေ ရှိခဲ့ပါတယ်။ သူဟာအသင်းရဲ့ ရှစ်ပွဲကို သူ့ရဲ့အနိုင်ဂိုးတွေနဲ့အောင်မြင်မှုရရှိစေတာကြောင့် လက်ရှိချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုတွေဟာ သူနဲ့တိုက် ရိုက်သက်ဆိုင်တယ်လို့ပြောရမှာပါ။

### ချယ်လ်ဆီးအသင်းရဲ့ခံစစ်ပိုင်းကောင်းမွန်မှု

ဒီနှစ် ချယ်လ်ဆီးအသင်းရဲ့ အားရစရာကောင်းတဲ့အချက်ကိုပြောရမယ်ဆိုရင်တော့ ခံစစ်ပိုင်းလို့ပြောရမှာပါ။ ချယ်လ်ဆီးအသင်းရဲ့နောက်တန်းခံစစ်ပိုင်းက ကာဟေးလ်၊ ဒေးဗစ်လူးဝစ်ဇ်နဲ့ အက်ပီလီကျူတာတို့ရဲ့အတွဲကတော့ တိုက်စစ်စစ်မှူးတိုင်းကို အကောင်းဆုံးဟန်တားထားနိုင်တဲ့ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးခံစစ်လို့တောင် ပြောရမှာပါ။ လက်ရှိပရီမီယာလိဂ်အသင်းတွေထဲမှာဆိုရင်လည်း ချယ်လ်ဆီးအသင်းဟာ ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နေရုံသာမက ၆၀၀မိနစ်အထိ ဂိုးမပေးရအောင် ရပ်တည်နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ပရီမီယာလိဂ် ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းတွေရဲ့ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင်တော့ ချန်ပီယံဖြစ်မယ့်အသင်းတွေရဲ့ ပေးဂိုးဟာ အခြားအသင်းတွေထဲ အမြဲတမ်းနည်းတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။

### ဥရောပပြိုင်ပွဲမရှိခြင်းရဲ့အကျိုး

ပြီးခဲ့တဲ့ရာသီက မန်နေဂျာ မော်ရင်ညိုရဲ့လက်အောက်မှာ ချယ်လ်ဆီးအသင်းဟာ အခြေအနေ အတော်ကလေးကို ဆိုးရွားခဲ့ပါတယ်။ ဒါကြောင့်လည်း ရာသီကုန်မှာတော့ ချယ်လ်ဆီးအသင်းဟာ အဆင့် ၁၀ မှာ ရပ်တည်ခဲ့တယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ချယ်လ်ဆီး ဥရောပအဆင့်ဘယ်ပြိုင်ပွဲကိုမှဝင်ခွင့် မရတဲ့အသင်း အဖြစ်ရှိနေခဲ့ပါတယ်။ ဒါပေမယ့် ဥရောပပြိုင်ပွဲတွေမရှိခြင်းကပဲ ချယ်လ်ဆီးအသင်းအတွက်တော့ များစွာအကျိုးဖြစ်ထွန်းစေခဲ့ပါတယ်။ အဲ့ဒါကတော့ အသင်းရဲ့ကစားသမားတွေအနေနဲ့ ပရီမီယာလိဂ်အပေါ်ကို အင်တိုက်အားတိုက် အာရုံစိုက်ပြီး ကစားနိုင်ခဲ့တယ်လို့ ပြောရမှာပါ။ မန်စီးတီး၊ စပါးနဲ့ အာဆင်နယ်သင်းတို့ကတော့ ဥရောပပြိုင်ပွဲတွေရှိနေသေးတာကြောင့် ပရီမီယာလိဂ်ဘက်မှာတော့အနည်းငယ် အားလျော့နိုင်တယ်လို့တော့ပြောရမှာပါ။ ဒါ့အပြင် ချယ်လ်ဆီးအသင်းကို နိုင်ပွဲရပ်တန့်စေခဲ့တဲ့စပါးအသင်း ဆိုရင်လည်း ချန်ပီယံလိဂ်ကနေ ထွက်ခဲ့ရပေမယ့် ယူရိုပါလိဂ်ကစားဖို့ ရှိနေသေးတာကြောင့် ချယ်လ်ဆီးအသင်းအတွက်ကတော့ ပရီမီယာလိဂ်မှာ ကံကောင်းဖို့တွေ ပိုမိုဖြစ်လာစေနိုင်တယ်လို့ ပြောရမှာပါ။

ချယ်လ်ဆီး အသင်းဟာ ရာသီအပိတ် နောက်ဆုံးပွဲစဉ်မှာ ဆန်းဒါးလန်းအသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ဟာ ပိုမိုပြိုင်ဆိုင်မှုတွေပြင်းထန်လာတာနဲ့အတူ ပွဲတိုင်းဟာအသင်းတိုင်းအတွက် အရေးပါတယ်လို့ ပြောရမှာလည်းဖြစ်ပါတယ်။

### ဆန်းဒါးလန်းနဲ့ ကစားရမယ့်ရာသီနောက်ဆုံးပွဲ

ဒါ့အပြင် ချယ်လ်ဆီးအသင်းအနေနဲ့ ရာသီနောက်ဆုံး ခြောက်ပွဲမှာ အသင်းအတွက် အဓိက ဂရုစိုက်ရမယ့်ပွဲဆိုလို့ မန်ယူအသင်းနဲ့ ပွဲသာ ရှိပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းအနေနဲ့ ရာသီကုန်ခါနီးလေ အသင်းသေးတွေနဲ့တွေ့ဆုံရလေ ဖြစ်တာကြောင့် အဲ့ဒီအချက်တွေကလည်း ချယ်လ်ဆီးအသင်းကို ချန်ပီယံဖြစ်စေဖို့အတွက် ပိုမိုတွန်းအားပေးနိုင်စေတဲ့အရာတွေလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းအတွက် နောက်ဆုံးကစားရမယ့်ပွဲဟာ ပရီမီယာလိဂ်တန်းဆင်းဇုန်အောက်ဆုံးမှာ ရောက်ရှိနေတဲ့ ဆန်းဒါးလန်းအသင်းဖြစ်တာကြောင့် သုံးမှတ်ရရှိနိုင်မှုဟာ သေချာသလောက် ဖြစ်နေပြီလို့ ပြောရမှာပါ။ ။



## ဘရာဇီးနှင့် ပါရာဂွေးတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားမည့်ကွင်း ပြောင်းလဲသတ်မှတ်

လာမည့် မတ်လ ၂၉ ရက်တွင် ဘရာဇီးအသင်းက အိမ်ကွင်း၌ ပါရာဂွေးအသင်းကို လက်ခံကစားရမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ တောင်အမေရိကဇုန်ခြေစစ်ပွဲအား ဆာပေါ်လိုမြို့ရှိ Arena Corinthians ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ Arena Corinthians ကွင်းသည် ဘရာဇီးစီးရီးအေကလပ် ကိုရင်သီယန်အသင်း၏ အိမ်ကွင်းဖြစ်သည်။

ဘရာဇီးနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအား မူလက ဘရာဇီးစီးရီးအေအသင်း တစ်သင်းဖြစ်သည့် ပါးမီးယက်စ်အသင်း၏ အိမ်ကွင်းဖြစ်သော Allianz Park ကွင်းကစားရန် စီစဉ်ထားခဲ့သော်လည်း ဘရာဇီးလက်ရွေးစင်အသင်း၏ နည်းပြ တိုင်တီ၏ တောင်းဆိုမှုကြောင့် ကွင်းပြောင်းလဲကစားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ပရိသတ် ၅၀၀၀၀ နီးပါး ဝင်ဆံ့သည့် Arena Corinthians ကွင်းသည် ဘရာဇီးနိုင်ငံက ၂၀၁၄ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ်က ဆီမီးဖိုင်နယ်တစ်ပွဲ၊ ၁၆ သင်း ရှုံးထွက်အဆင့်ပွဲတစ်ပွဲနှင့် အုပ်စုပွဲ လေးပွဲ၊ စုစုပေါင်း ခြောက်ပွဲ လက်ခံကျင်းပခဲ့သည့်ကွင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇွန်လအတွင်းတွင် ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူ နည်းပြ တိုင်တီသည် ကိုရင်သီယန်အသင်း၏ နည်းပြအဖြစ် သုံးကြိမ်တာဝန်ယူခဲ့ဖူးပြီး ကိုရင်သီယန်အသင်းနှင့်အတူ ဘရာဇီးစီးရီးအေဆုဖလား နှစ်ကြိမ်အပါအဝင် ဆုဖလား ခြောက်လုံး ရယူနိုင်ခဲ့သည့်အသင်း ဖြစ်သည်။ ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုဖလားအား ငါးကြိမ် ရရှိထားပြီး ကမ္ဘာ့ဖလား ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ် တည်နေသည့် ဘရာဇီးအသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တောင်အမေရိကဇုန်ခြေစစ်ပွဲ ၁၂ ပွဲ ယှဉ်ပြိုင်ကစားထားပြီး ခြောက်ပွဲကစားရန် ကျန်ရှိနေချိန်၌ ရမှတ် ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေကာ ဒုတိယနေရာမှ ဥရုဂွေးအသင်းထက် ရမှတ်လေးမှတ်အသာ ရရှိထားသည့် အသင်းဖြစ်သည်။

## ရီနာတိုဆန်းချက်ဇ်သည် ဘိုင်ယန်အတွက် အရေးပါသည့် ကစားသမားဖြစ်လာမည်ဟု နည်းပြ အန်ဆယ်လော့တီ ပြောဆို

ဘိုင်ယန်မြူးနစ်အသင်း နည်းပြအန်ဆယ်လော့တီက ဘိုင်ယန်အသင်း ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်ဇ်သည် အသင်းအတွက် အရေးပါသည့် ကစားသမားဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ဆက်လက်၍ နည်းပြအန်ဆယ်လော့တီက ပေါ်တူဂီ ကစားသမား ရီနာတိုဆန်းချက်ဇ်၏ လက်ရှိအခြေအနေသည် ဂျူဗင်တပ်စ်အသင်းသို့ နာ မည်ကျော် ပြင်သစ်ကစားသမားဟောင်း ပလာတီနီ ရောက်ရှိလာစဉ်က အခြေအနေမျိုးနှင့် တူညီကြောင်း ပြောဆိုခဲ့သည်။

ပြင်သစ်ကစားသမားဟောင်း ပလာတီနီသည် ၁၉၈၂ ခုနှစ်တွင် ပြင် သစ်ကလပ် စိန့်အေတီယန်အသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ဂျူဗင်တပ်စ်တွင် ခြေစွမ်းပြနိုင် လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ဂျူဗင်တပ်စ်ကစားသမားဘဝ အစပိုင်း တွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်းတွင် ပလာတီနီသည် ဂျူဗင်တပ်စ်အသင်းအတွက် ခြေစွမ်းပြကစားလာနိုင်ခဲ့ကာ ဂျူဗင်တပ်စ်အသင်း၏ အရေးပါသည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ရီနာတိုဆန်းချက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်အတွက် စုစုပေါင်း ၁၆ ပွဲ ပါဝင် ကစားထားပြီး ဂိုးသွင်းယူနိုင်ခြင်း မရှိသေးပေ။ နည်းပြ အန်ဆယ်လော့တီက “ရီနာတိုဆန်းချက်ဇ်ဟာ သူ့ရဲ့ ပတ်ဝန်းကျင်သစ်မှာ အထိုင်ကျနိုင်ဖို့အတွက် အခက်အခဲတွေ ရှိနေတယ်။ ဂျူဗင်တပ်စ်အသင်းကို ပလာတီနီ ရောက်ရှိလာစဉ်ကလည်း ပလာတီနာဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမယ့် ရီတိုဆန်းချက်ဇ်ဟာ အသက်အရွယ်ငယ်ရွယ်လွန်းနေသေးတဲ့ ကစားသမားပါ။ ကျွန်တော်တို့ သူ့အပေါ်မှာ စိတ်ရှည်သည်းခံပေးရမှာဖြစ်ပါတယ်။ ရီနာတိုဆန်းချက်ဇ်အနေနဲ့ အခုနှစ် ဘောလုံးရာသီရဲ့ဒုတိယ ရာသီဝက်အတွင်း တိုးတက်မှုတွေ ရှိလာပါလိမ့်မယ်။ ရီနာတိုဆန်းချက်ဇ်လို စွမ်းအားရှိတဲ့ ကွင်းလယ်ကစားသမားမျိုးကို ကျွန်တော် များများစားစား မြင်တွေ့ဖူးခြင်းမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ရီနာတိုဆန်းချက်ဇ်ကို လမ်းကြောင်းမှန်ပေါ် ရောက်ရှိလာအောင်တော့ တွန်းအားပေးရပါလိမ့်မယ်”ဟု ပြောဆိုခဲ့သည်။

## အာဆင်နယ်အသင်းသည် နည်းပြ အယ်လီဂရီအတွက် သင့်တော်သည့်ကလပ်ဖြစ်ကြောင်း တာဒီလီ ပြောဆို

ဂျူဗင်တပ်စ်အသင်း နည်းပြအယ်လီဂရီအနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်ဆိုပါက အာဆင်နယ်အသင်းသည် နည်းပြအယ်လီဂရီနှင့် သင့်တော်သည့်အသင်းဖြစ်ကြောင်း အီတလီ ကွင်းလယ်ခံစစ်ကစားသမားဟောင်း မာကိုတာဒီလီက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ပြီးခဲ့သည့် နွေရာသီအတွင်း ချယ်လ်ဆီးအသင်းက အသင်းမန်နေဂျာသစ်အဖြစ် အန်တိုနီယို ကွန်တီအား မခန့်အပ်မီကလည်း နည်းပြအယ်လီဂရီသည် ချယ်လ်ဆီးအသင်း မန်နေဂျာဖြစ်လာနိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်ခဲ့သည်။ ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အာဆင်နယ်အသင်းနှင့် မန်နေဂျာ အာဆင်ဝင်းဂါးတို့ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်အထိ စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းမရှိသေးသောကြောင့် အာဆင်ဝင်းဂါးသည် ယခုနှစ်ရာသီအကုန်တွင် အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိပြီး သူ၏နေရာ၌ နည်းပြ အယ်လီဂရီ (၄၉နှစ်)အစားဝင်နိုင်သည်ဟု ခန့် မှန်းပြောဆိုမှုများ ထွက်ပေါ်လျက်ရှိ သည်။ ဂျူဗင်တပ်စ်အသင်းအားကစား ဒါရိုက်တာ မာရော့တာကမူ နည်းပြ အယ်လီဂရီအနေဖြင့် ဂျူဗင်တပ်စ်မှ ထွက်ခွာသွားရန် မရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြောဆိုထားသည်။

“နည်းပြ အယ်လီဂရီဟာ အခုနှစ် ဘောလုံးရာသီမှာ အကောင်းဆုံး စွမ်းဆောင်ပေးထားနိုင်တာကြောင့် ၂၀၁၆-၁၇ ခုနှစ် စီးရီးအေချန်ပီယံဆုဖလားကို ဂျူဗင်တပ်အသင်း ဆွတ်ခူးနိုင်သင့်ပါတယ်။ နောက်ပြီး လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရ နည်းပြ အယ်လီဂရီ အနေနဲ့ အာဆင်နယ်ကို ပြောင်းရွှေ့ဖြစ်နိုင်တယ်။ အာဆင်နယ်အသင်းက နည်းပြ အယ်လီဂရီအတွက် သင့်တော်တဲ့အသင်းပါ။ အာဆင်နယ်အသင်းဟာ စိတ်ဝင်စားဖို့ ကောင်းတဲ့အသင်းပါ”ဟု ဂျူဗင်တပ်စ်၊ အင်တာမီလန်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူတာ ဒီလီက ပြောဆိုခဲ့သည်။

ဆက်ဆူအိုလို၊ ကယ်ဂလီယာရီနှင့် အေစီမီလန်အသင်းတို့ကို တာဝန်ယူခဲ့ဖူးသူ နည်းပြ အယ်လီဂရီသည် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းတွင် ဂျူဗင်တပ်စ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရပြီး ဂျူဗင်တပ်စ်အသင်းအား စီးရီးအေဆုဖလားနှစ်ကြိမ်အပါအဝင် ဆုဖလားငါးလုံး ရရှိစေရန် ဦးဆောင်ပေးထားသူ ဖြစ်သည်။

ထက်အောင်

# မီးသွေးဖုတ်လုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် လုပ်ကိုင်လျက်ရှိ

**ရေး ဖေဖော်ဝါရီ ၂**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် မီးသွေးဖုတ်လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်နေလျက်ရှိရာတွင် ယခင်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများပြားခဲ့သော်လည်း ယနေ့အချိန်တွင် ယခင်ကထက် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းအောင် လုပ်ကိုင်နေလျက်ရှိကြောင်း မီးသွေးဖိုလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"ယခင်က မီးသွေးဖုတ်ရာမှာ သစ်ရောသစ်ပင်တွေနဲ့ မီးသွေးဖုတ်ကြတဲ့အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်ပေမယ့် အခုအချိန်အခါမှာ ရော်ဘာပင်အိုတွေကို ခုတ်လှဲရောင်းချတာကနေ အထပ်သားလုပ်တဲ့ ကုမ္ပဏီကနေတစ်ဆင့် စွန့်ပစ်မယ့် အကိုင်းအခက်တွေကို ဝယ်ယူပြီး မီးသွေးဖုတ်တဲ့အတွက် ယခင်ကထက်တော့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းလာနေပါတယ်"ဟု ရေးမြို့နယ်နေ မီးသွေးဖုတ်လုပ်ငန်း လုပ်ကိုင်သူ ဦးသန်းဆွေက ပြောသည်။


မီးသွေးဖိုလုပ်ငန်းတစ်ခုတွင် မီးသွေးဖုတ်ရန် ဝယ်ယူစုဆောင်းထားသော ရော်ဘာပင်အိုများ

မီးသွေးဖုတ်ရန် ရော်ဘာပင်များ ဝယ်ယူရာတွင် စွန့်ပစ်မည့် ရော်ဘာအပင်အို အကိုင်းအဖျားအခက်များကို တစ်ပင်လျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူရပြီး တစ်ရက်လျှင် မီးသွေးပေါင်းဖို ခုနစ်ဖိုဖြင့် လုပ်ကိုင်နေကြောင်း၊ နေ့စားအလုပ်သမား ခြောက်ဦးဖြင့် လုပ်ကိုင်ရာတွင် တစ်ရက်လျှင် မီးသွေး ၅၀ တင်း ပျမ်းမျှ ထုတ်လုပ်နိုင်ကြောင်း၊ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် ကျပ်သိန်း ၃၀ ခန့် ရင်းနှီးမြှုပ်နှံထားရပြီး နေ့စားအလုပ်သမား တစ်ဦးလျှင် ၆၀၀၀ ကျပ် ပေးရကြောင်း ၄င်းက ဆက်ပြောပြသည်။

တစ်ပိုင်တစ်နိုင် မီးသွေးဖို လုပ်ငန်းများမှ ထွက်ရှိလာသော မီးသွေးများကို ရေးမြို့နယ်အတွင်း နေအိမ်များတွင် မီးဖိုဆောင်သုံးရန်အပြင် ကြက်မွေးမြူရေးခြံများကလည်း အဓိက မှာယူအသုံးပြုမှုများကြောင်း၊ ပန်းပဲလုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ ဈေးနှုန်းအနေဖြင့် မီးသွေးတစ်တင်းလျှင် ၂၀၀၀ ကျပ်နှုန်းရ၍ ဒေသခံ မီးသွေးဖုတ်လုပ်ငန်း လုပ်ကိုင်သူများအတွက် ပုံမှန်အကျိုးအမြတ် ရရှိနေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။
**နေမျိုးထွန်း(ရေး)**

# အညာတောင်သူများ GAP စနစ်ကျင့်သုံးရေး ပညာပေးဆွေးနွေးပွဲများ ပြုလုပ်နေ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂**
လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်သည့်စနစ်တွင် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးလာစေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAPစနစ်ကို တောင်သူများ လိုက်နာကျင့်သုံး လာစေရေးအတွက် နည်းပညာပေးသင်တန်းများနှင့် ဆွေးနွေးပွဲများကို မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲများကို နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက်ကလည်းကောင်း၊ ဇီးတောကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက်ကလည်းကောင်း ပြုလုပ်ခဲ့ပြီးဖြစ်ကာ မြို့နယ်အတွင်းရှိ အချက်အချာကျသော ကျေးရွာ ၁၀ ရွာတွင် ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်အေးအေး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မာမာတင့်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်တို့က ဒေသခံတောင်သူများအား နှမ်းစပါးစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်ခြင်း၊ မြေဆီလွှာ တိုးတက်ကောင်းမွန်ရေးနှင့် မြေဆီလွှာဆိုင်ရာ ပြဿနာများ၊ ပိုးမွှားရောဂါ ကာကွယ်နည်းများ၊ GAP စနစ်များအတိုင်း လိုက်နာကျင့်သုံးစိုက်ပျိုးရေး၊ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံပုံစံများ၊ သီးနှံအရည်အသွေး ပြည့်မီရေးနှင့် ဘေးကင်းရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို လိုက်နာကျင့်သုံးရေးစသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး နည်းပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကာ တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ဖြေကြားရှင်းလင်းခဲ့သည်။
**ဌေးမြင့်မောင်**

# ကျေးလက်နေပြည်သူများ၏ ရေသုံးစွဲနေမှုအခြေအနေ ကွင်းဆင်းစစ်တမ်းကောက်ယူ

**မုံရွာ ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၅၄ အုပ်စုရှိ ကျေးရွာပေါင်း ၁၇၁ ရွာတွင် နေထိုင်သော ကျေးလက်နေပြည်သူများ၏ သောက်သုံးရေသုံးစွဲနေမှု အခြေအနေများကို မုံရွာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီလ ဒုတိယပတ်အတွင်းမှစ၍ ကွင်းဆင်း စစ်တမ်းကောက်ယူလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က မအူကျေးရွာ၌ ကောက်ယူခဲ့ကြောင်း သိရသည်။



ကွင်းဆင်းစစ်တမ်းကောက်ယူချက်အရ မုံရွာမြို့နယ်အတွင်း ကျေးရွာများ၌ လက်ရှိ သောက်သုံးရေ ရရှိသုံးစွဲနေမှု အခြေအနေမှာ တွင်းတိမ် ၁၀၇၃၅ တွင်း၊ တွင်းနက် ၃၈၇ တွင်း၊ လက်တူးတွင်း ၆၆၇ တွင်း၊ ရေကန် ၃၅ ကန်၊ စိမ့်စမ်းသုံးခုနှင့် အခြားနှစ်ခုတို့ကို သုံးစွဲလျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကွင်းဆင်းစစ်တမ်းများ ကြိုတင်ကောက်ယူထားခြင်းအားဖြင့် ကျေးရွာများ၏ ရေနှင့်ပတ်သက်သည့်လိုအပ်ချက်များကို ကြိုတင်သိရှိထားကာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ NGO များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ကူညီထောက်ပံ့လိုပါက လွယ်ကူအဆင်ပြေစွာ ထောက်ပံ့ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်း ကျေးရွာများတွင် ရေရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်း ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သာယာစုကျေးရွာတွင် အနက်ပေ ၄၀၀ လေးလက်မစက်ရေတွင်း တစ်တွင်းနှင့် ရေမြှုပ်ပန့်၊ ဂါလံ ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံ၊ ကိုင်းတောကျေးရွာတွင် အနက်ပေ ၄၀၀ လေးလက်မ စက်ရေတွင်း တစ်တွင်းနှင့် ရေမြှုပ်ပန့်၊ ဂါလံ ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံ၊ မရိုးတော(မ)ကျေးရွာတွင် အနက်ပေ ၄၀၀ လေးလက်မ စက်ရေတွင်း တစ်တွင်းနှင့် ရေမြှုပ်ပန့်၊ ဂါလံ ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံ၊ ပလ္လင်(မ)ကျေးရွာတွင် အနက်ပေ ၄၀၀ လေးလက်မ စက်ရေတွင်း တစ်တွင်းနှင့် ရေမြှုပ်ပန့်၊ ဂါလံ ၂၀၀၀ ဆံ့ ရေစင်နှင့် ရေစက်ရုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ကျေးရွာချင်းဆက်လမ်းကို ကိုယ့်အားကိုယ်ကိုး အဆင့်မြှင့်တင်

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂**
ပျော်ဘွယ်မြို့နယ်အတွင်းရှိ သနပ်ခါးတောကျေးရွာနှင့် အလယ်ကုန်းကျေးရွာ၊ ပန်းအိုင်လှကျေးရွာများကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကို အလယ်ကုန်းကျေးရွာနှင့် ပန်းအိုင်လှကျေးရွာတို့မှ ပြည်သူများစုပေါင်းလှူဒါန်းငွေဖြင့် စက်ယန္တရားများအသုံးပြု၍ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

"အခုလိုမျိုး မြေသားလမ်းပြီးသွားမယ်ဆိုရင် ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ ပြည်သူတွေ ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်ပါတယ်။ လက်ရှိလမ်းက စနယ်မြေသားဖြစ်တဲ့အတွက် မိုးတွင်းဆိုရင် ဘယ်လိုမှ သွားလို့မရဘူး။ လတ်တလောတော့ တတ်နိုင်တဲ့ငွေကြေးနဲ့ မြေသားလမ်းအဖြစ် အဆင့်မြှင့်နေတာပါ။ သက်ဆိုင်ရာဌာနတွေကိုလည်း ကျောက်ချောလမ်းရရှိအောင် ဆက်လက်တင်ပြ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရပ်မိရပ်ဖ ဦးစိန်အောင်က ပြောသည်။

အဆိုပါလမ်းမှာ ပျော်ဘွယ်-တောင်ကြီး ကားလမ်းနှင့် အလယ်ကုန်းကျေးရွာကို ဆက်သွယ်ပေးထားသည့် အဓိကကျသောလမ်းဖြစ်ပြီး အရှည်ငါးမိုင်ခန့်ရှိသည့်အနက် ၂၀၁၄ ခုနှစ်တွင် ပျော်ဘွယ်-တောင်ကြီး ကားလမ်းမှ သနပ်ခါးတောကျေးရွာအထိ လမ်းအရှည်နှစ်မိုင်ခန့်ကို သက်ဆိုင်ရာဌာနက ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်၍ ခင်းပေးခဲ့ရာ သနပ်ခါးတောကျေးရွာနှင့် အလယ်ကုန်းကျေးရွာ၊ ပန်းအိုင်လှကျေးရွာကြား ဆက်သွယ်ထားသည့် လမ်းပိုင်းသုံးမိုင်ခန့်မှာ လမ်းခင်းရန် ကျန်ရှိနေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်ရှိသောလမ်းပိုင်း အရှည်သုံးမိုင်ခန့်ကို အမြင့် နှစ်ပေ၊ အကျယ်ပေ ၂၀ ရှိ မြေသားလမ်းအဖြစ် ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ကျေးရွာခွဲတာဝန်ခံတို့၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ နောက်ဆုံးပတ်အတွင်းမှ စတင်ကာ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**



# ကျေးရွာအလက(ခွဲ)ကျောင်းဆောင်သစ်တည်ဆောက်မှု မကြာမီပြီးစီးမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက စတင်ဆောက်လုပ်ခဲ့သော တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ရာ မကြာမီ ဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ် ၄၆ ဒသမ ၈ သန်းဖြင့် ခန့်မြန်မာခွန်အားသစ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ကာ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ် တစ်ထပ်အဆောက်အအုံဖြစ်သည်။ နတ်အင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ နတ်အင်းကျေးရွာအပြင် အနီးဝန်းကျင်ရှိ ပေါ်တော်မူ၊ ထောက်ကြံ့၊ လမ်းမှန်၊ ရှစ်မိုင်၊ တောတိုက် စသည့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများလည်း လာရောက် ပညာသင်ကြားလျက်ရှိရာ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုကို ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍတွင် ကျောင်းဆောင်လိုအပ်ချက်များ အဆင်ပြေစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာကျောင်း ဆယ်ကျောင်း၌ ကျောင်းဆောင်သစ် (၁၀)ဆောင်ကို တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# အခြေခံပညာအလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၂**
မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲကို ခရိုင် ပြန်/ဆက်ဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့် အပြောစွမ်းရည် မြင့်မားလာစေရေး ရည်ရွယ်ချက်ဖြင့် ပုံပြောပြိုင်ပွဲကို ကျင်းပဖြစ်ပြီး ပြိုင်ပွဲတွင် မူလတန်းလွန်နှင့် အလယ်တန်းကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာနော်ဂျူးဖော၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 ဖတ်စာအုပ်ထဲက သင်ခန်းစာတွေအားလုံးကို ကျေကျေညက်ညက် မချွင်းမချန် သိရှိထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီးမေးမှာဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်း (၉) ပုဒ်မေးမှာ ဖြစ်တယ်။

**မေးခွန်းနံပါတ်(၁) (A) ကတော့ Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ် ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ ရချင်မှရပါမယ်။ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့လိုချင် လိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ Robots are also used for patrolling these toxic areas. လို့ပေးထားပေမယ့်မေးခွန်းမှာ We can also use robots to _____ toxic areas လို့ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့် စကားလုံးက verb simple form ဖြစ်ရပါမယ်။ patrolling ဆိုတဲ့ စာပိုဒ်ထဲက စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ အဖြေမှန်က patrol ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် passive voice form ကနေ active voice form ပြောင်းဖို့လိုချင်ရင် လိုပါလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်း တစ်ကြောင်းဖြစ်တဲ့ Other domestic robots are being produced with the aim of providing companionship or play partners to people လို့ ပေးထားပေမယ့်၊ မေးထားတဲ့စာကြောင်းက People _________ other domestic robots with the aim of providing companionship or play partners to them. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒီ့အပြင် ဒီဝါကျမှာသုံးတဲ့ tense က present continuous tense ဖြစ်လို့အဖြေမှန်က are producing ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၁) (B)** ကတော့ Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကို မေးတဲ့ မေးခွန်း (၅)ခု မေးမှာဖြစ်ပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျ တစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းကလိုအပ်တဲ့အဖြေက အကြောင်းအရာရော၊ သဒ္ဒါပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ The moon is a satellite of the earth, revolving around the earth once every twenty-nine and a half days. လို့ပေးထားပြီး How Long does it take the moon to revolve around the earth once? လို့မေးရင်စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ It takes the moon twenty-nine and a half days to revolve around the earth once. လို့ မှန်မှန်ကန်ကန် မေးခွန်းကို ပြန်ကောက်ပြီး ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။

**မေးခွန်းနံပါတ်(၂)** မှာ မေးတဲ့မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈) လုံး ဖြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့စကားလုံး(၂၀)ကိုလည်းစာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ တတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့စာဖတ်ပြီး နားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ စာပိုဒ်တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ ဝါကျတွေဖြစ်အောင် မေးထားတဲ့ ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

**မေးခွန်းနံပါတ်(၃)** ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာ တတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာ ဖြစ်တယ်။ မေးခွန်း(၁၀)ခု မေးထားပြီးတော့ ကွက်လပ် (၁၀) ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပထမကွက်လပ် (၅)ခုက ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုကတော့ ကဗျာ (၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှုစွမ်းရည်ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစု ဖြည့်ရတာမျိုးလည်း ရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင် 1. The Egyptian calendar showed a way to count weeks and months but it was not ______. 2. Many electric clocks can sometimes be set to ______ automatically. 3. What is this life if, ______ ? We have no time to stand and stare? ဆိုတဲ့ မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁) မှာ scientific ဆိုတဲ့ စကားလုံး တစ်လုံးတည်း လိုပေမယ့် နံပါတ် (၂)မှာတော့ turn on ဆိုတဲ့ စကားလုံးနှစ်လုံးလိုမှာ ဖြစ်တယ်။ နံပါတ် (၃) မှာဆိုရင် အဖြေက full of care စကားလုံး ၃ လုံးလိုမှာ ဖြစ်တယ်။

**မေးခွန်းနံပါတ်(၄)** ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိမရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

**မေးခွန်း နံပါတ်(၄) ရဲ့ နံပါတ်(၁)နဲ့(၂)** ကတော့ ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄) ခု ထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ ရွေးချယ်စရာတွေ ပေးထားပါတယ်။ OR (သို့မဟုတ်) ပေးထားတဲ့အတွက် မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ဒီမေးခွန်းတွေဖြေတဲ့ အခါမှာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းတွေနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဥပမာ IV. 1. What is the general purpose of a self-service store? (or) What kind of volcano is Mount Popa and where is it situated? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။ ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက The general purpose of a self-service store is to provide goods of every description attractively and hygienically and in perfect condition. ဖြစ်ပြီး ဒုတိယ မေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Mount Popa is an extinct volcano and it is situated 50 kilometres southeast of Bagan. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

**ဒီမေးခွန်းနံပါတ်(၄)** ရဲ့ **နံပါတ်(၃)** နဲ့ **နံပါတ်(၄)** မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ Who said these words and to whom were they said? Which story are the words from?

"She can't see or hear! My baby is blind and deaf." အဖြေက Mrs Keller said these words to her husband, Mr Keller. The words are from "Helen Keller."

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံ နောက်တစ်မျိုးတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကို ညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

Then as **his** final gift, the professor gave them a piece of advice. လို့ မေးရင်အဖြေက The title of the unit from which the sentence is taken is 'Too much knowledge maketh fools.' The word underlined in the sentence refers to 'the professor's.' လို့ ဖြေရပါမယ်။

ဒီအဖြေတွေက နမူနာ အဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

**မေးခွန်းနံပါတ်(၄)** ရဲ့ **နံပါတ်(၅)** ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean? လို့ မေးမှာ ဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ၊ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ What do these lines mean?

What does he plant who plants a tree?

He plants the friend of sun and sky; ဆိုတဲ့ ကဗျာထဲကစာကြောင်း နှစ်ကြောင်းကို ပေးထားတယ် ဆိုပါစို့။ အဲဒီကဗျာနှစ်ကြောင်းကို စကားပြေ ပြန်တဲ့ အခါဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရောမှန်ရပါမယ်။

**မေးခွန်းနံပါတ်(၅)**က မေးခွန်းနံပါတ် (၁) B လိုဘဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅) ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် ဖတ်ရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေတည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဥပမာ စာပိုဒ်ထဲမှာ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မေးခွန်းကို မှန်မှန်ကန်ကန် ကောက်နုတ်ပြီး ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။

**မေးခွန်းနံပါတ်(၆)** ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semicolon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ် စစ်ဆေးမှာဖြစ်တယ်။ မေးခွန်းမှာပါတဲ့ ဝါကျ(၅)ကြောင်းထဲမှာ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေအပြင် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ ဘယ် Punctuation mark တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ လေ့ကျင့်ခန်းများများ လုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ အဆိုဝါကျရဲ့ အဆုံးမှာ full stop သုံးဖို့၊ လူတစ်ဦး တစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့အစနဲ့ အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် then annie said to the family please leave me alone with her ဒီစာကြောင်းကို ကြည့်ရင် စာကြောင်းအစက စကားလုံးဖြစ်တဲ့ then ကို Capital letter နဲ့ ရေးရမှာဖြစ်လို့ then က Then ဖြစ်မယ်။ annie က လူနာမည်ဖြစ်လို့ Capital letter 'A' နဲ့ရေးရမှာဖြစ်တယ်။ Annie ပြောတဲ့စကားက please leave me alone with her ဖြစ်လို့ Annie က ပြောတဲ့ စကားနဲ့အစမှာ open inverted commas ( " ) ရှိပြီး၊ သူပြောတဲ့စကားအဆုံးမှာ close inverted commas ( " ) ရှိရပါမယ်။ Annie said to the family ဆိုတဲ့စကားပုဒ်ရဲ့ နောက်မှာလည်း comma ရှိရပါမယ်။ နောက်ဆုံးစာကြောင်းရဲ့အဆုံးမှာ Annie ပြောတဲ့စကားဟာ အဆိုဝါကျဖြစ်လို့ full stop နဲ့ အဆုံးသတ်ရပါမယ်။

**မေးခွန်းနံပါတ်(၇)** မှာအပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။

**မေးခွန်းနံပါတ်(၇)** ပထမပိုင်း VII A ကို Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့ စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ် မပြောင်းလဲဘဲတည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ Grade IX ဖတ်စာအုပ်မှာရော၊ Grade X ဖတ်စာအုပ်မှာပါ အများကြီး ပါပါတယ်။ အဲဒီ Grammar Exercise တွေကိုများများ လေ့ကျင့်ထားရင် ဒီမေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

**မေးခွန်း(၇)**ရဲ့ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီးစာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတဲ့ စာပိုဒ်တွေကို ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:- ဆိုပြီး ရွေးစရာ (၂) ပုဒ် ပေးပါမယ်။ တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကိုပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- moon - much smaller - earth
- no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

အဲဒီဝါကျမှာ moon တို့ earth တို့ကို definite article "the" နဲ့ သုံးရပါမယ်။ ပြီးတော့ အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ လဟာ ကမ္ဘာထက် သေးတယ်လို့ အဓိပ္ပာယ်ရလို့ လိုအပ်တဲ့ verb က verb to be ဖြစ်တဲ့ is လိုပါမယ်။ ဒါကြောင့် moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် နောက်မှာ than ဆိုတာ မဖြစ်မနေ လိုက်ရပါမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင် ပေးထားတဲ့ prompts တွေက no water – on moon လို့ ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ ဆိုလိုတဲ့အတွက် ရှိခြင်း (existence) ကို ပြဖို့ There is သို့မဟုတ် There are ဝါကျပုံစံသုံးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကိုသုံးမယ်။ ပထမ ဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။ ဒါကြောင့် no water - on moon ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ There is no water on the moon လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင်ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။ ဝါကျတစ်ကြောင်းနဲ့ တစ်ကြောင်း ဆက်စပ်မှုကိုပြတဲ့ စကားဆက်တွေဖြစ်တဲ့ Sentence connectors တွေကိုလည်း လိုအပ်သလို ထည့်ရေးပေးဖို့လိုပါတယ်။

**စာမျက်နှာ (၂၂) သို့**

စာမျက်နှာ (၂၁)မှ

**မေးခွန်းနံပါတ်(၈)** ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲဖြစ်တယ်။ ပေးစာတွေကိုရေးတဲ့အခါမှာ- (၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာကြည့်ပါ။ (၃) ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှစ်ချက်လဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ ဥပမာ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him the kind of exercises you do in studying English and how much time you spend on studying English every day. ဆိုတဲ့မေးခွန်းကို ကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကိုရေးရမှာ ဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့ အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him the kind of exercises you do in studying English နဲ့ how much time you spend on studying English every day ဆိုတဲ့ အကြောင်းအရာနှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင် ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ ရေးရမယ့် အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ၊ အလွတ်ကျက်ထားတာတွေကို ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက် အားလုံးပါမှ အမှတ်ကောင်းကောင်းရပါမယ်။

**မေးခွန်းနံပါတ်(၉)** ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်(၃)ခု ထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) **Organization** - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျရေးနိုင်ခြင်း ဖြစ်တယ်။

(၂) **Relevancy** - သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှု မရှိတဲ့အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) **Content** အချက်အလက် မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၄) **Language** - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကွဲပြားခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) **Presentation** - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်တဲ့ပေးစာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ဒီလို မလိုအပ်ဘဲ ရှည်လျားတဲ့ ပေးစာ၊ စာစီစာကုံးတွေကို ရေးတဲ့အတွက် ဖွဲ့စည်းပုံ (organization) မကောင်းခြင်း၊ အကြောင်းအရာထပ်ခြင်း (repetition များခြင်း)၊ အမှားတွေကို ပိုပြီးကျူးလွန်ခြင်းတို့ကို တွေ့ရပါတယ်။ မေးထားတဲ့ အကြောင်းအရာက ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပါ။ ဥပမာ စာစီစာကုံးခေါင်းစဉ် Enjoyable hobbies ရေးခိုင်းရာမှာ ပျော်ရွှင်စရာကောင်းတဲ့ hobbies ဖြစ်ရမယ့် အပြင် hobby တစ်ခုထက်မက ရေးမှ အမှတ်ကောင်းကောင်း ရမှာဖြစ်တယ်။ အကြောင်းအရာ တစ်မျိုးတည်းကိုပဲ ရေးပြီး ရေးခိုင်းတဲ့အကြောင်းအရာ အားလုံးမပါဘူးဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄) ခုလုံးက စာပိုဒ်တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ စာလုံးပေါင်း သတ်ပုံမှန်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး မိမိတို့ ကျက်မှတ်ရမယ့် စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှု ရရှိနိုင်ကြပါစေ။ ။

## မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ကျောင်းအခြေပြု အသိပညာပေးမှုများ ဘားအံမြို့နယ်၌ဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလှယ်ကျေးရွာအုပ်စု ကော့ပနောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်းအခြေပြု အသိပညာပေးမှုများကို ဘားအံမြို့နယ်ရဲတပ်ဖွဲ့ ဂျိုင်းနယ်မြေရဲစခန်းက ကြီးမှူး၍ ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

မှုခင်းကြိုတင်ကာကွယ်ရေး စာသင်ကျောင်းအခြေပြု အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအဖြစ် ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်နိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ကော့ပနောကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစောသက်ထူးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းကာ ကျောင်းသားကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားတတ်သည့် အကြောင်းရင်းများနှင့် မဖြစ်ပွားစေရေးအတွက် ကြိုတင်သတိပြု ကာကွယ်နိုင်သည့် နည်းလမ်းများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## လိုအပ်သောသွေးဖြည့်ဆည်းပေးနိုင်ရန် စုပေါင်းသွေးလှူ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော သွေးများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပေးဆပ်သူ(အခမဲ့)လူမှုကူညီ ရေးအသင်းမှ ကြီးမှူး ပြုလုပ်သော စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် လူမှုရေးအသင်းဝင်များ ဘာသာရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ပေးဆပ်သူ (အခမဲ့) လူမှုကူညီရေး အသင်းဝင်များမှ သွေးအမျိုးစားပေါင်း ၁၁၀ ခန့်ကို စုပေါင်းလှူဒါန်းခဲ့ကြ သည်။

သွေးလှူဒါန်းခဲ့ကြသူများကို ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ငွေစံ၊ ပေးဆပ်သူ(အခမဲ့) လူမှုကူညီရေးအသင်းဒုဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းနှင့် တာဝန်ရှိသူများက အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ပြန်လည်ပေးအပ်ခဲ့ ကြသည်။

ယင်းအသင်းအနေဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပထမအကြိမ် သွေးအမျိုးစားပေါင်း ၁၀၀ လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ် ထပ်မံလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## (၁၁၇) ကြိမ်မြောက်သွေးလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**



ရန်ကုန်မြို့နေ စန်းမောင်မြင့် ဒါန ဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan) (လူမှုထူးချွန်-ပထမဆင့်) သည် ဇန်နဝါရီ ၂၉ရက်က ရန်ကုန်မြို့အမျိုးသားသွေးလှူဘဏ်၌ ဇင်းစည်းရုံးဆော်သြထားသော အခြားသွေးလှူရှင် ၁၆၈ ဦးနှင့်အတူ စေတနာအလျောက် (၁၁၇) ကြိမ်မြောက် သွေးလှူဒါန်းသွားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်မြို့နယ် တောင်ကုန်းကျေးရွာတံတား တည်ဆောက်မှုစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၂**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း (မွမ်းမံ)ဖြင့် ပြည်မြို့နယ် ငါးရွာအုပ်စု တောင်ကုန်းကျေးရွာတွင်တည်ဆောက်လျက်ရှိသော အလျားပေ ၁၃၀၊ အနံ ၁၄ ပေနှင့် အမြင့် ၂၅ပေရှိ တောင်ကုန်းတံတားဘိုးပိုင်ကွန်ကရစ်ကြမ်းခင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၉ ရက်နံနက်ပိုင်းက တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်သူနှင့်အဖွဲ့က ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါတောင်ကုန်းတံတားတည်ဆောက်ပြီးစီးပါက တောင်ကုန်းကျေးရွာနှင့် အောင်ဆန်းပြည်သာယာရပ်ကွက်နေ ပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးအရှေ့ဘက် ခြောက်မိုင်ကွာရှိ ငါးခေါင်းအင်းကျေးရွာအုပ်စု ကရင်ရွာကျေးရွာမှပြည်သူများ အရှည် နှစ်မိုင်၊ အကျယ် ၁၀ ပေ ဖြူး-အုတ်ဖြတ် ကျောက်ရောမြေလမ်းကို သွားလာမှုလွယ်ကူစေရေးအတွက် ဇန်နဝါရီလနောက်ဆုံးပတ်က ကိုယ့်အားကိုယ်ကိုး စုပေါင်းပြုပြင်နေစဉ် (ဝ၅၆)

## ကျောက်ထုမြို့တွင် အဆက်မပြတ် လျှပ်စစ်မီးလင်းပြီ

**ကျောက်ထု ဖေဖော်ဝါရီ ၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့၌ စက်အားဖြင့် တစ်ရက်လျှင် ညပိုင်း၌သာ လျှပ်စစ်မီးရရှိနေရာမှ ပေါက်- ကျောက်ထု- မင်းတပ် ဓာတ်အားလိုင်းဖြင့် ဇန်နဝါရီ ၃၀ ရက်မှ စတင်ကာ အဆက်မပြတ် လျှပ်စစ်မီးရောက်ရှိပြီဖြစ်၍ ကျောက်ထုမြို့ မြို့မရပ်ကွက်၊ ဂုံဘိုရပ်ကွက်၊ လေယာဉ်ကွင်းရပ်ကွက်များတွင် 66/11 KV 5 MVA ထရန်စဖော်မာဖြင့် လျှပ်စစ်မီးအချိန်ပြည့်သုံးစွဲနေကြပြီဖြစ်သည်။

အဆိုပါဓာတ်အားလိုင်း စတင်ပို့လွှတ်ခြင်းကို တိုင်းဒေသကြီး ဒုတိယလျှပ်စစ်အင်ဂျင်နီယာ ဦးထွားညွှန့်နှင့် ကျောက်ထုမြို့ လျှပ်စစ်မှူး ဦးဗိုင်နော်ရိန်းတို့သည် မြို့တွင်း 10 KV ဓာတ်အားလိုင်းနှင့် 11/0.4 KV ဓာတ်အား ခွဲရုံများမှ လုပ်ငန်းလိုအပ်ချက်များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၁၀၁)

## ခရိုင်ချင်းဆက်လမ်းပိုင်းအမှတ်(၁)အား ပြုပြင်ပေးခြင်းကြောင့် သွားလာရေးအဆင်ပြေ

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်-နွားထိုးကြီး - ပြင်စည် - မန္တလေးသွားခရိုင်ချင်းဆက်လမ်းပိုင်းအမှတ်(၁)သည် ယခင်က လမ်းပိုင်းများပျက်စီးနေခြင်းကြောင့် နေ့စဉ်သွားလာနေသော ခရီးသွားပြည်သူများအတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများဖြစ်ပွားနိုင်သဖြင့် တစ်မြို့နယ်မှတစ်မြို့နယ်သို့ အဆိုပါလမ်းပိုင်းအား အသုံးပြုသွားလာနေခြင်းကြောင့် အဆင်မပြေမှုများဖြစ်ပေါ်နေရခြင်းကို ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်နေကြောင်း သိရသည်။

“ခရိုင်ချင်းဆက်လမ်းပိုင်းအမှတ်(၁)ကို နွားထိုးကြီးမြို့နယ် လမ်းဦးစီးဌာနအနေနဲ့ မိုင်တိုင်အမှတ် (၃၆၄/၅) မှ (၃၇၈/၅-၁၄ )မိုင်တိုင်အထိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းနဲ့ ဆောင်ရွက်နေတာပါ။ လမ်းအမျိုးအစား ၁၂ ပေ အကျယ် ၁၈ ပေ ကတ္တရာလမ်းအမျိုးအစား ဖြစ်ပါတယ်။ နွားထိုးကြီးလမ်းဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးငွေလုံး ငွေရင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ၂၁၄၄ ဒသမ ၈၈၆ သန်းရရှိခဲ့တာပါ။ လုပ်ငန်းအားလုံးကို မတ်လ ၃၁ ရက်အပြီး လုပ်ကိုင်ဆောင်ရွက်ရမှာပါ။ အခု ၆၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ”ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာ(မြို့ပြ)ဒေါ်သိမ့်သိမ့်ထွန်းက ပြောသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းပိုင်းအမှတ်(၁)ရှိ လမ်းပိုင်းလုပ်ငန်းများအလိုက် ပြီးစီးသွားပါက ခရီးသွားပြည်သူများအတွက် အဆင်ပြေလာမည်ဖြစ်သည်။

ယခုအခါ နွားထိုးကြီးမြို့နယ်အတွင်း ပါဝင်သောလမ်းပိုင်းများမှာ မကြာခင် လုပ်ငန်းအားလုံးပြီးစီးတော့မည်ဖြစ်သော်လည်း မလှိုင်မြို့နယ်အတွင်းပါဝင်သော ခရိုင်ချင်းဆက်လမ်းပိုင်းအမှတ်(၁)ရှိ လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများမှာ နှောင့်နှေးလွန်းသည်ဟု အဆိုပါ လမ်းပိုင်းဘေးရှိ ကျေးရွာပြည်သူများက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂)လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ဥပဒေအရာရှိ အဆင့်-၄များ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁၁-၂-၂၀၁၇ရက်(စနေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ရှမ်း တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင်လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့် ကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးများတွင် ၆-၂-၂၀၁၇ရက်မှ ၁၀-၂-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ဖြေဆိုမည့်သူ ကိုယ်တိုင်လာရောက်ထုတ်ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲ အချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၆-၂-၂၀၁၇ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးများတွင် ကြေညာထားပါမည်။

၅။ ၃၁-၁၂-၂၀၁၆ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၀)၊ မဟာဥပဒေဘွဲ့ LL.M ဘွဲ့ရရှိပြီးသူ ဖြစ်ပါက အသက်(၃၂)နှစ်အထက် ကျော်လွန်သူများကို ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူး(၆၈)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးများတွင် အောက်ပါအတိုင်း ဖြည့်စွက်ခန့်ထားမည်ဖြစ်သည်-
- (က) အငယ်တန်းအင်ဂျင်နီယာ(၂)(လျှပ်စစ်စွမ်းအား)ကျား(၄၀)ဦး၊ မ(၈)ဦး
- (ခ) အငယ်တန်းအင်ဂျင်နီယာ(၂) (စက်မှု) ကျား(၆)ဦး၊ မ(၂)ဦး
- (ဂ) အငယ်တန်းအင်ဂျင်နီယာ(၂)(အီလက်ထရွန်နစ်) ကျား(၆)ဦး၊ မ(၂)ဦး
- (ဃ) အငယ်တန်းအင်ဂျင်နီယာ(၂) (စက်မှုအီလက်ထရွန်နစ်) ကျား(၃)ဦး၊ မ(၁)ဦး

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ပညာအရည်အချင်း သတ်မှတ်ချက်အနေဖြင့်
  - (၁) A.G.T.I (EP, EC, MP, MT, CNC, MC)
  - (၂) B.Tech/B.E/M.E (EP, EC, Mech, MC)
  
  စသည့်ဘာသာရပ်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။
- (ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူ ဖြစ်ရမည်။
- (င) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံကို အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် (စာတိုက်မှတ်တိုင်)၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် ရောင်းချပေးမည်ဖြစ်သည်။

၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၂)ပုံ၊ အင်ဂျင်နီယာ(ဒီပလိုမာ/ဘွဲ့)လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ ပူးတွဲတင်ပြရမည်။

၅။ အင်ဂျင်နီယာဘာသာရပ်အား (၂)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်အား (၁)နာရီမေးခွန်း ရေးဖြေစာမေးပွဲများကို ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူများအား သတင်းစာမှတဆင့်ကြော်ငြာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုပြုလုပ်ရွေးချယ်ခန့်ထားမည်ဖြစ်သည်။

၆။ စာမေးပွဲကျင်းပပြုလုပ်မည့် နေ့ရက်/အချိန်နှင့်နေရာများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန၊ ခရိုင်လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ အသီးသီးတွင် ကြေညာပေးမည်ဖြစ်သည်။

၇။ လျှောက်လွှာကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ ၂၂-၂-၂၀၁၇ ရက် အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မူရင်းလျှောက်လွှာတစ်စုံကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာနသို့ လျှောက်လွှာပိတ်ရက်အမီပေးပို့ရမည်။ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ တိုက်ရိုက်ပေးပို့ရမည်။

၉။ အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးသို့ ရွေးချယ်ခြင်းခံရသူသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် (၅)နှစ် အဆက်မပြတ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်ပါက ဤဝန်ကြီးဌာနမှ သတ်မှတ်ထားသော လျော်ကြေးငွေကျပ် ၁၀၀၀၀၀၀ (ကျပ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရန်ဟူသော ဝန်ခံကတိစာချုပ် ချုပ်ဆိုရပါမည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ မြေကွက်အမှတ် ၈၃၈၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးကျော်ငြိမ်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အိအိသွယ် ၉/ပမန(နိုင်)၁၄၄၄၉၅ (ဘ) ဦးစန်းဝင်းမှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန် တရားဝင်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်း၊ နှစ်ဦးသဘောတူ ဝန်ခံကတိပြုချက် မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားဂရန်စာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ သိမ်ကျောင်းအရှေ့ဘက်လမ်းနေ (ဦးတင်အုန်း)-ဒေါ်ပြုံးတို့၏သား မောင်ပြည့်စုံဝင်း ၅/ရဥန(နိုင်)၀၈၃၃၂၁(တနိုင်း)အား ၂-၂-၂၀၁၄ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ယနေ့အချိန်ခါတွင် သား မောင်ပြည့်စုံဝင်းသည် မိဘ၏ သွန်သင်ဆုံးမမှုများကို နာခံလာသောကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**(ဦးတင်အုန်း)-ဒေါ်ပြုံး**
**အောင်ဆန်းရပ်၊ ရေဦးမြို့**

## "ကြေးပိဋကတ်တိုက်တော်ကြီး"
### တည်ဆောက်နေပါပြီ

**ကြေးပိဋကတ်ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်ပြီး "ကြေးပိဋကတ်တိုက်တော်ကြီး" တည်ဆောက် လှူဒါန်းနေကြရာ ပါဝင် လှူဒါန်းနိုင်ပါကြောင်း အကျိုးမျှော်၍နှိုးဆော်အပ်ပါသည်၊**

| | |
|---|---|
| ဒေါ်မြညွန့် သားသမီးမြေးတစ်စုစုဥ့်အိုးတန်းလမ်း၊ ရန်ကုန်။ | ၂၀၀၀၀၀ကိ/- |
| ဦးအောင်ကြည်မောင်+ဒေါ်နုနုဝင်း မိသားစု။ | ၁၀၀၀၀၀ကိ/- |
| ဒေါ်ဝါဝါ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၁၀၀၀၀ကိ/- |
| ဒေါ်မူမူ။ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၅၀၀၀ကိ/- |
| ဦးစိန်သန်း။ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ | ၅၅၀၀ကိ/- |
| ဒေါ်သီသီ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၁၀၀၀ကိ/- |
| ဒေါ်တင်တင်ငွေ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၃၀၀၀ကိ/- |
| ဦးအေးကျော်။ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၃၀၀၀ကိ/- |
| ဒေါ်ယုယုကိုရည်စူး၍ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၂၀၀၀ကိ/- |
| ဒေါ်အေးအေးမူ ။ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၁၀၀၀ကိ/- |
| ဒေါ်နီနီဝင်း ။ ဟသ်ာတလမ်း၊ စမ်းချောင်းမြို့နယ်။ | ၁၀၀၀ကိ/- |
| ဦးမောင်လှ+ဒေါ်ကျင်စော အားရည်စူး၍ သမီး မရီရီငွေ။ | ၁၀၀၀ကိ/- |
| ဦးသန်းညွန့် အားရည်စူး၍ ဦးကျော်နု + ဒေါ်မူမူ။ | ၁၀၀၀ကိ/- |
| ဦးအောင်မြင့် + ဒေါ်အေးအေးမြင့် မိသားစု။ | ၁၀၀၀ကိ/- |
| မိဘများအားရည်စူး၍ ဒေါ်ဖြူဖြူထွေး။ | ၅၀၀ကိ/- |
| မိဘနှစ်ပါးအားရည်စူး၍ သမီး ဒေါ်ယဉ်ယဉ်ဦး။ | ၅၀၀ကိ/- |
| ဦးရန်နောင် + ဒေါ်ခင်ခင်မြင့် မိသားစု။ | ၅၀၀ကိ/- |
| မိဘနှစ်ပါးအမှူးထား၍ ဒေါ်ငွေငွေ မိသားစု။ | ၅၀၀ကိ/- |
| ကိုစိန်လှိုင်၊ ကိုတင်မောင်စိုး အားရည်စူး၍ ဖြိုးယုမွန်။ | ၅၀၀ကိ/- |
| ဦးအောင်အောင်မိုး+ဒေါ်မေသန္တာကျော် မိသားစု။ | ၅၀၀ကိ/- |
| မိဘနှစ်ပါးရည်စူး၍ ဒေါ်လှလှမြင့်။ | ၃၀၀ကိ/- |
| မိဘနှစ်ပါးရည်စူး၍ သမီး မမေစန္ဒာကျော်။ | ၃၀၀ကိ/- |
| ဦးလှမော် + ဒေါ်ဝါဝါခိုင် မိသားစု။ | ၂၀၀ကိ/- |
| ဦးစိုးမောင်ဦး ။ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်။ | ၁၀၀ကိ/- |

လှူဒါန်းရာဌာန မင်္ဂလာတိုက်ကျောင်း၊ ရွှေကျင်တိုက်ကြီး၊ ကမ္ဘာ့အေးဘုရားလမ်း၊ (ရွှေကောင်းဟော့ပေါ့ရှေ့)ဗဟန်းမြို့နယ်။ ဖုန်း-၀၁၅၄၈၈၀၅၊ ၀၉၅၁၉၅၂၀၆၊

## ဖိတ်ကြားခြင်း (OTS-31)

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ကျရောက်သော ဗိုလ်သင်တန်းအမှတ်စဉ် (၃၁)၏ (၅၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်ဇနီးများ ကွယ်လွန်ပြီး သူငယ်ချင်းများ၏ဇနီးများ တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၆-၂-၂၀၁၇ ရက် (တနင်္လာနေ့)

**ကျင်းပမည့်အချိန်** - ဆွမ်းကျွေးတရားနာ နံနက် ၀၈း၃၀ နာရီ
ဧည့်ခံကျွေးမွေးခြင်း နံနက် ၀၉း၃၀ မှ ၁၁း၀၀နာရီ

**ကျင်းပမည့်နေရာ** - ရွှေရတုခန်းမ၊ မင်းကွန်းကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်

**အလုပ်အမှုဆောင်ကော်မတီ**
**ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)-ဖုန်း-၀၉-၅၁၅၆၉၃၉**
**ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း) ဖုန်း-၀၉-၅၀၉၄၉၃၆**

## စည်သူ(၃၂)
## နှစ်ပတ်လည်ဆွမ်းကပ်လှူပွဲဖိတ်ကြားခြင်း

ဗသက(၃၂) ကျောင်းဆင်းများအနက် ကျဆုံး/ကွယ်လွန်သွားသူများကို ရည်စူးလျက် နှစ်စဉ်ကျင်းပမြဲ ဆွမ်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**နေ့ရက်** - ၁၂-၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့) (ပြည်ထောင်စုနေ့)
**အချိန်** - နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီထိ
**နေရာ** - အလုပ်သမားဝန်ကြီးဌာန ဓမ္မာရုံ(ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ရဟန်းဒါသိမ်တော်ကြီးမျက်နှာချင်းဆိုင်)

စည်သူ(၃၂)ဆင်း သက်ရှိထင်ရှားရှိသူများနှင့် ကျဆုံး/ကွယ်လွန်သွားကြသူများ၏မိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စည်သူ(၃၂) ညီအစ်ကိုများ**

## အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ၏ တတိယအကြိမ် အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် အာစရိယပူဇော်ပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် GANDAMAR WHOLESALE ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဆင်းအရာရှိများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၀၁၃၃၇၅၊ ၀၉-၅၀၄၈၈၂၅၊ ၀၉-၄၅၀၀၃၀၅၀

**တပ်မတော်ဆေးတက္ကသိုလ်**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေးကို မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမတွင် ကျင်းပမည်

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ အကျုံးဝင်သော (၁၈)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီ အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများကိုယ်တိုင် အချိန်မီ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်ပါက ကိုယ်စားတစ်ဦး စေလွှတ်ရန်၊ နယ်ဝေးမှ တက်ရောက်လာကြသူများအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်ကို MANA(ဗဟို)မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးမြို့၊ တပင်ရွှေထီးလမ်းပေါ်ရှိ ဆရာမကြီးဒေါ်အေးသောင်းကျောင်း၊ ယခု မြို့တွင်းအနောက် (က) အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ပညာရည်နို့အတူ သောက်ဖူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံးသို့-

ကျွန်တော် ကျွန်မတို့၏ မူလတန်းကျောင်းလေးတွင် ပညာသင်ကြားပေးခဲ့သော အသက်အရွယ်ကြီးမြင့်လာပြီဖြစ်ကြသည့် ဆရာမကြီး ဒေါ်ခင်လေးဆင့်၊ ဆရာမကြီး ဒေါ်လှမြိုင်၊ ဆရာမကြီး ဒေါ်နော်ဆေးလာ၊ ဆရာကြီး ဦးဝင်းရီ၊ ဆရာမကြီး ဒေါ်အုန်းမြင့်၊ ဆရာမကြီး ဒေါ်သန်းသန်းဦးတို့ကို အားလုံးသော ကျောင်းသားကျောင်းသူဟောင်းများနှင့်အတူ ပူဇော်ကန်တော့ရင်း ပြန်လည်ဆုံတွေ့လိုပါ၍ အာစရိယပူဇော်ပွဲနှင့်အတူ ဆုံစည်းမိတ်ဆုံစားပွဲသို့ ကြည်ကြည်နူးနူး သိုက်သိုက်ဝန်းဝန်း တက်ရောက်နိုင်ပါရန် ချစ်ခင်ရင်းနှီးစွာ ဖိတ်ကြားနှိုးဆော်အပ်ပါသည်ခင်ဗျာ/ရှင့်။

**ပူဇော်ကန်တော့ပွဲနေ့ရက်** - ၂၀၁၇ခုနှစ် မတ် ၅ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀နာရီ
**နေရာ** - မြို့တွင်းအနောက်(က)ကျောင်း (ဆရာမကြီးဒေါ်အေးသောင်း) တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်၊ ပဲခူးမြို့

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ**

**ရန်ကုန်-** ဖုန်း-၀၉-၄၃၁၅၇၈၂၅၊ ၀၉-၄၅၀၀၄၁၅၉၆၊ ၀၉-၇၃၀၆၄၃၂၉
**ပဲခူး-**ဖုန်း-၀၉-၄၂၈၁၄၉၇၁၄၊ ၀၉-၅၃၀၉၁၃၆၊ ၀၉-၃၁၄၂၁၀၈၅

**ချစ်ခင်ရင်းနှီးစွာဖြင့် ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများအား အတူဝိုင်းဖွဲ့လို့ ကန်တော့ပန်းဆင်ကြပါစို့။**

## မင်္ဂလာဦးဆွမ်းကျွေး ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊ (ခ) ၁၀ လမ်း၊ အမှတ်(၇၈၀)နေ
ဦးတင်ဆိုင်-ဒေါ်တင်ရွှေတို့၏သား

**မောင်အောင်မျိုးဦး(ခ)ဖိုးချွား**
**B.E (Mechatronic),BA(Eng)**
**Assistant Engineer (RCS Engineering Pte Ltd, Singapore) နှင့်**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ မြေခြားရွာနေ
ဦးမောင်မောင်-ဒေါ်တင်ဦးတို့၏သမီး

**မခင်ကျော့ကျော့ဟိန်း**
**B.Sc (Zoology),Diploma in Accounting**
**Account Executive (Hong Sheng Global Enterprises, Singapore)**

တို့၏ ၂၈-၁-၂၀၁၇ရက် စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည့် မင်္ဂလာဦးဆွမ်းကျွေးကို ဖြစ်မြောက်အောင် အဘက်ဘက်မှကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးဥပကာရတင်ရှိပါသည်။

**မောင်အောင်မျိုးဦး-မခင်ကျော့ကျော့ဟိန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် ဥ-၆၄၆၅၊ ဦးကျော်မင်း (ဘ) ဦးလှမောင် ၁၄/ဇလန(နိုင်)၀၇၈၆၆၅ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ညီလာကျော် ၁၂/မဂတ(နိုင်)၀၄၇၉၄၃မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၉)၊ လေးအိမ်စုရပ်၊ ဦးပိုင်အမှတ်(၁၄၃)၊ မြေကွက်အမှတ်(၃၁၃)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၉၈ဧကခန့်ရှိသောမြေကို ဒေါ်ခင်မာဝင်းအမည်ဖြင့် ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၉)၊ လေးအိမ်စုရပ်၊ ဦးပိုင်အမှတ်(၁၄၂)၊ မြေကွက်အမှတ်(၃၂၂)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၉၆၀ဧကခန့်ရှိသောမြေကို ဦးဟန်တင်အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ အထက(ခွဲ) တလပါးမှ သတ္တမတန်းကျောင်းသူ မစီစီသင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်အောင် ၈/မတန(နိုင်)၀၅၄၀၅၀ ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်အောင် ၈/မတန(နိုင်)၀၅၄၀၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ ပေါင်းလောင်း-၁၊ မြေကွက်အမှတ် ၁၀၀၀၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးမြင့်အောင် အမည်ပေါက်ပါမစ်မြေကွက်အား ဦးနေလင်းထိုက် ၉/ပမန(နိုင်)၁၄၀၀၇၁ (ဘ) ဦးသန်းဝင်းမှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရ ပြေစာမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက် မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေငှားဂရန် စာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**



# ရွှေနဂါးအင်းလေး အတွက် အိပ်မက်တွေ ဖြစ်ခွင့်ရခဲ့ပြီ ...

**ငယ်ငယ်ကအိပ်မက်** တွေ အများကြီး မက်ခဲ့ဖူးတယ်။ တချို့အိပ်မက်က မှုန်ဝါးဝါး၊ တချို့အိပ်မက်က တစ်ပိုင်းတစ်စ၊ တချို့ မှိုင်းပြပြ ...

ကျောင်းပြီးစ အလုပ်မရှိ ယောင်ချာချာနဲ့ အဖေ့လုပ်ငန်း အမွေထမ်း မြေစမ်းခရမ်းပျိုးရင်း ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာမှာ ရွှေနဂါးစတိုးလေး စဖြစ်ခဲ့တယ်။ မနေ့တစ်နေ့ကလို့ ထင်ရတဲ့ အတိတ်ဟာ သမင်လည်ပြန် တစ်ချက်အကြည့် ဆယ်စုနှစ်တစ်ခု ဖြတ်သန်းခဲ့ပြီလေ။ ကာလရှည်ကြာ ရပ်တည်နိုင်မှုရဲ့ အရင်းခံ ထာဝရမိတ်ဆွေများနဲ့ ကုန်ပစ္စည်းထောက်ပံ့သူ မိတ်ဖက်ကုမ္ပဏီများအကြား ပေါင်းကူးတံတားလေး ထိုးချင်လာမိတယ်။ မက်ဖြစ်လာတဲ့ အိပ်မက်လေးတစ်ခုကြောင့် အတွေးတွေများ ရင်ခုန်စိတ်လှုပ်ရှား အိပ်မရညပေါင်းများပေါ့လေ။

ဖြစ်ချင်စိတ်တစ်ခုနဲ့စတဲ့ အိပ်မက်လေးကို ကျွန်တော့်မိတ်ဆွေ မန္တလေးသားကြီးတွေဖြစ်တဲ့ ဦးမျိုးသိန်း (မျိုးသိန်း-အီလက်ထရောနစ်)၊ ဦးဇာနည်အောင် (ဇာနည်-အီလက်ထရောနစ်)၊ ဦးမျိုးမင်းအောင် (MD, MM5 Group Co.,Ltd) တို့က လူအား၊ အကြံဉာဏ်အား၊ အတွေ့အကြုံအားတွေ ပံ့ပိုးခဲ့ကြတယ်။ ဆရာဦးစိုးမြင့်သန်း (ဆရာကောင်းလွန်း) ရဲ့ အနီးကပ်ကြီးကြပ်လမ်းညွှန်မှု၊ ဦးညွန့်မင်းလွင် (Moe Nat Thu Media) ရဲ့ အားပေးမှု နဲ့အတူ အိပ်မက်လေးတစ်ခု အတူတူမက်ဖြစ်ခဲ့တယ်။

ပါဝင်ပံ့ပိုးခဲ့တဲ့ Samsung Myanmar, Huawei Myanmar, Vivo Myanmar, OPPO Science & Technology Co.,Ltd, Aung Kanbo Trading Co.,Ltd, KMD Group of Co.,Ltd, Meizu Co.,Ltd, MZ Myanmar Co.,Ltd အစရှိတဲ့ ဖုန်းနှင့် ဖုန်းအပိုပစ္စည်းကုမ္ပဏီများ၊ TMW Enterprise Co.,Ltd, Tri Treasure Co.,Ltd, M9 Public Co.,Ltd, MEDG Co.,Ltd, Great Electromotive International Co.,Ltd, VSK International Co.,Ltd အစရှိတဲ့ အီလက်ထရောနစ်ကုမ္ပဏီများ ပူးပေါင်းစုစည်းအားနဲ့ ဖိတ်ကြားမှုကို လက်ခံပေးခဲ့တဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံ၊ အင်းသားလူမျိုးတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင် တို့နဲ့အတူ (၂၂-၁၂-၂၀၁၆) မှာ စတင်ဖွင့်လှစ် သမိုင်းသစ် ရေးဖြစ်ခဲ့ပြီ ... ... အိပ်မက်တစ်ခုအစ ... ပထမခြေလှမ်းပေါ့ ...


ပထမဆုံးပွဲ **(GOLDEN DRAGON INLE HI-TECH EXPO 2016)** ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပထမဆုံးသမ္မတ နေထိုင်ရာ သမိုင်းဝင် ကမ္ဘာကျော် အင်းလေးကန်ကြီး တည်ရှိတဲ့ ညောင်ရွှေမြို့လေးမှာ မှတ်တိုင်လေးတစ်ခု ဖြစ်ခဲ့ရတဲ့အတွက် ခွင့်ပြုပေးသော သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင် ပံ့ပိုးချီးမြှင့်သူများအားလုံးကို ကျေးဇူးတင်ရင်း ... ... ပွဲလုပ်ချင်တဲ့ ပိုးလေးလည်း အသက်ဝင် ... မွေးနေ့မှာ တစ်ခုခုလုပ်တတ်တဲ့ ဉာဉ်လေးနဲ့ ပေါင်းမိတော့ နောက်ထပ် အိပ်မက်လေးတစ်ခု မက်ပြန်ပေါ့ "ကံစမ်းမဲဖောက်ပွဲကို မွေးနေ့မှာလုပ်မယ်" ... စိတ်ကူးမိတော့ အိပ်မက်သစ်ကလေးအတွက် ရင်ထဲကို အလိုလိုရောက်လာတဲ့ နာမည်လေးတစ်ခု - **"ရင်ခုန်နှိုးပျော် ရွှေနဂါးကံစမ်းပွဲတော်"**

တကယ်တမ်းလုပ်တော့ ရင်တထိတ်ထိတ်နဲ့ရယ်ပါ ... ဒါပေမယ့် ဆရာဦးစိုးမြင့်သန်း (ဆရာကောင်းလွန်း) ရဲ့ အကြံဉာဏ်၊ Talented Guys မှ ကိုသူရသိန်းတို့ ဇနီးမောင်နှံနဲ့ အဖွဲ့သားများရဲ့ စေတနာပါပါ အားစိုက်မှု၊ အင်းသူအင်းသားတွေ၊ ညောင်ရွှေမြို့ခံမိတ်ဆွေတွေရဲ့ မေတ္တာတုံ့ပြန်မှုများကြောင့် ကွင်းလုံးညွတ် ကြက်သီးထစရာ ရင်ခုန်မှုများနဲ့ အိပ်မက်တစ်ခု လုပခဲ့ပြန်ပြီလေ ...

အိပ်မက်လေးတွေ လှပစွာ မက်ခွင့်ပေးခဲ့ကြတဲ့ ဆယ်စုနှစ်တစ်ခုလုံး အားပေးချီးမြှင့်တဲ့ ထာဝရမိတ်ဆွေများ၊ ကူညီပေးကြတဲ့ မိတ်ဆွေအပေါင်းအသင်းများ၊ ရွှေနဂါးအင်းလေးကုမ္ပဏီလီမိတက်က ရဲဘော်ရဲဘက်များအပါအဝင် ကျေးဇူးတင်သင့်တင်ထိုက်သူအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုရင်း အိပ်မက် အသစ်အသစ်တွေ ထပ်မက်ခွင့်ရချင်သေးတဲ့ ... ... ...

ချမ်းမြေ့ဝင်း (မန်နေးဂျင်းဒါရိုက်တာ၊ ရွှေနဂါးအင်းလေးကုမ္ပဏီလီမိတက်)






# ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် အသစ်စတင်မည့် မြို့ပြအိမ်ရာစီမံကိန်းအတွက် ငယ်ရွယ်တက်ကြွသော Fresh Graduates Sales and Marketing ဝန်ထမ်း ၆၀ ခေါ်ယူမည်ဖြစ်သောကြောင့် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူများ လာရောက်လျှောက်ထားနိုင်ပါသည်။ (မန္တလေးအခြေစိုက်ဖြစ်သောကြောင့် မန္တလေးတွင် နေထိုင်သူများအား ဦးစားပေးခန့်ထားမည်ဖြစ်ပါသည်။)

- အသက် ၂၀မှ ၃၀ အတွင်းရှိသူဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်ပြီး သန့်ပြန့်စွာ နေထိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။
- စိတ်ရှည်သည်းခံနိုင်ပြီး စကားအပြောအဆို ချိုသာကျွမ်းကျင်သူ ဖြစ်ရမည်။
- အရပ် ၅ ပေနှင့်အထက်ရှိသူဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- တက်ကြွပြီး မြန်မာပြည်အနှံ့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
- English စာ အသင့်အတင့် ကောင်းမွန်သူဖြစ်ရမည်။
- အသင်းအဖွဲ့ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
- Microsoft Word, Microsoft Excel အတန်ငယ် နားလည်သူဖြစ်ရမည်။
- အလုပ်ခန့်အပ်ခြင်းခံရလျှင် ကုမ္ပဏီမှသင်တန်းပေးမည်ဖြစ်ပြီး သက်တန်းကာလပြီးဆုံးပါက အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အလုပ်ခန့်အပ်ခြင်းခံရလျှင် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်တင်ပြရမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်**

**၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ဂေါက်သီးလေ့ကျင့်ရေးကွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၇၇၀၀၅၅၊ ၀၉-၄၀၂၇၇၀၀၄၄၊ ၀၉-၃၀၅၅၅၅၃၀**

---

### အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန်
## လျှောက်ထားကြောင်း အကြောင်းကြားစာ
**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၉**

ဒေါ်မေဖူးအောင် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄(၂)ရပ်ကွက်၊ မြင်သာ၊ ဒေါင်းမင်းလမ်း၊ အမှတ်-၂၂၅/၁ ရပ်နေ အရွယ်မရောက်သေးသူ မမေချမ်းသာနှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ -၁၄(၂)ရပ်ကွက်၊ မြင်သာ၊ ဒေါင်းမင်းလမ်း၊ အမှတ်-၂၂၅/၁ ရပ်နေ ဒေါ်မေဖူးအောင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မမေချမ်းသာ၏ မိခင်ဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေဦး)**
**ဒုတိယခရိုင်တရားသူကြီး (၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)**
**သန်လျင်မြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်- ၁၁၄**

ဦးမြင့်ခိုင် **နှင့်** ဒေါ်အေးမြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာကုန်းထိပ်၊ အမှုထမ်း (၂)ရပ်ကွက်၊ ဈေးဆိုင်တန်း၊ ဘောဂလမ်း၊ ရွှေလဝန်းရေခဲစက်ဝင်းတွင်နေသူ တရားပြိုင်ဒေါ်အေးမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ခိုင်က သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၈ အရ ပိုင်ဆိုင်ခွင့်ကိုအခြေပြု၍ လက်ရောက်ရလိုကြောင်း၊ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချောစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

---

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၁) ရပ်ကွက်၊ နယ်မြေ (၇)၊ အကွက်အမှတ် (၁+၁၀) တိုးချဲ့၊ ဦးပိုင်အမှတ် (၁၄၆)၊ မြေဧရိယာ ၀ဒသမ၀၉၆ဧက၊ မြေငှားလိုင်စင်အမှတ်တွဲ အမှတ် ၅၂၃-၅/၁၉၉၉-၂၀၀၀(စီ) ဦးမျိုးမင်းအမည်ပေါက်မြေကွက်သည် ဒေါ်နန်းဆိုင်အုံ ၁၃/လရန(နိုင်)၀၁၈၃၈၆ မှ လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၄-၃-၂၀၁၆ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၄၀(I)/၂၀၁၆)ဖြင့် ဝယ်ယူပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၂၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စာရွက်စာတမ်းပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဆိုင်အုံ**
**၁၃/လရန(နိုင်)၀၁၈၃၈၆**

---

### ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈E၂၊ မြေကွက်အမှတ် ၄၉၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ညောင်တုန်းလမ်း၊ ကျွန်းတော(တောင်)ရပ်ကွက်၊ စမ်းချောင်း(ဦးသိန်းအောင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးသိန်းအောင်သည် (၁၈-၁၀-၁၉၉၃) တွင် ကွယ်လွန်သဖြင့် ဒေါ်ကြည်ဝင်း ၁၂/စခန(နိုင်)၀၂၅၁၂၀ မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ၁-၁၂-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့နှင့်အတူ ၎င်းကိုယ်စား GP၁၀၄၆၆/၂၀၁၆/၁၈-၁၁-၂၀၁၆ဖြင့် ဦးဝင်းအောင် ၁၂/စခန(နိုင်)၀၂၅၁၅၃ မှ ၁-၁၂-၂၀၁၆ ရက်စွဲပါ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ နယ်မြေ (၇)၊ အကွက်အမှတ် (၄/ရှမ်းခါးရိုးရပ်)၊ ဦးပိုင်အမှတ် (၃၄၆/၅၃၀)၊ ဧရိယာ ၀ ဒသမ ၁၈၇ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၃၀၁-၅/၂၀၀၅-၂၀၀၆(အေ)ဖြင့် ဒေါ်နန်းထွေးထွေးညွန့်မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ ၂၅-၁၁-၂၀၁၅ရက်တွင် မူလ ၀ ဒသမ ၁၈၇ ဧကအနက် ၀ဒသမ၀၉၁ ဧကအား စာချုပ်အမှတ်၄၇I/၂၀၁၆ဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ဦးဝင်းနိုင်ထွန်း+ဒေါ်နီနီထွန်းအမည်ဖြင့် ဦးပိုင်ခွဲစိတ်ပြီး အမည်ပြောင်းမြေငှားဂရန်ပြုလုပ်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၂၀ရက်အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဦးဝင်းနိုင်ထွန်း ၉/စကန(နိုင်)၀၀၆၇၄၆**
**ဒေါ်နီနီထွန်း ၁/မကန(နိုင်)၀၀၄၀၆၉**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၁ ၏အစိတ်အပိုင်း ၀ ဒသမ ၀၃၆ဧက၊ မြေကွက်တည်နေရာအမှတ် ၈၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (မြေပိုင်မြေ/မစိုက်ပျိုးမြေ)အမည်ပေါက် ဒေါ်ရွှေတင် မြေအား အပိုင်ရောင်းစာချုပ် ၁၇၈၉/၁၉၆၁ (၁၂-၁-၁၉၆၁)ဖြင့် ပိုင်ဆိုင်သူ ဦးချင်ဟိုင်မိန်(ခ)ဦးဟန်မင်+၂တို့ထံမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉၂/၂၀၁၄(၆-၄-၂၀၁၅)နှင့် ၂၂-၁၁-၂၀၁၆ ရက်စွဲပါ အမှားပြင်ဆင်စီရင်ချက်နှင့် ဒီကရီအရဧရိယာ ၁ ဒသမ ၃၅၅ ဧကအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်းဧရိယာ ၀ ဒသမ ၀၃၆ ဧကအား ဒေါ်နန်းကောင်ခမ်းက အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိပြီး တရားမဇာရီမှုအမှတ် ၆၄/၂၀၁၅ (၂၂-၁၁-၂၀၁၆) တို့ကိုတင်ပြ၍ တရားရုံးဖြစ်သော ဦးချင်ဟိုင်မိန်(ခ) ဦးဟန်မင်း+၂တို့ကိုယ်စား ဘိလစ်ဒေါ်မိုးသင်းအောင် ၂/လကန(နိုင်)၀၇၇၁၆၅ မှ တရားရုံးအမိန့်များနှင့် အရောင်းအဝယ်စာချုပ်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၄၃၀၊ မြေကွက်တည်နေရာအမှတ် ၅၇၊ ရေဘုတ်တန်းလမ်း၊ မြို့မ(၂)ရပ်ကွက်၊ ဒလမြို့နယ် (ဦးလှထွန်း) အမည်ပေါက်ပါမစ်မြေအား (က)အမည်ပေါက် ဦးလှထွန်းထံမှ ဒေါ်တင်နီလာဝင်း ၁၂/ဒလန(နိုင်)၀၂၉၅၀၄ ဝယ်ယူသည့် ၁၂-၅-၁၄ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ခ)ဦးလှထွန်း ၁၂/ဒလန(နိုင်)၀၀၇၈၄၈ အမည်ပေါက် မြေချပါမစ်မူရင်း၊ (ဂ)တင်ပြပါပါမစ်တွင် မြေနေရာချထားခြင်းခံရသူများ၏ မှီခိုသူစာရင်းစာရွက်ပျောက်ဆုံးကြောင်း ၁၂-၁၀-၁၆ရက်စွဲပါ ဒေါ်တင်နီလာဝင်း၏ ကျမ်းကျိန်လွှာ/ဒလမြို့နယ်၊ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ဒလမြို့မရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဒေါ်တင်နီလာဝင်း ၁၂/ဒလန(နိုင်)၀၂၉၅၀၄မှ ပါမစ်မစုံ(မူရင်း)ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်မောင်မျိုးအောင် ၁၂/ကတန(နိုင်)၀၀၇၂၂၅ နှင့် မမိုးအေး ၁၀/မဒန(နိုင်)၁၀၄၆၂၂ တို့သည် စိတ်သဘောချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၅-၁-၂၀၁၇ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံးတော်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။ **ကိုမျိုးအောင်**
**၁၂/ကတန(နိုင်)၀၀၇၂၂၅**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈ U10)၊ မြေကွက်အမှတ် ၄၇၆၊ မြေကွက်တည်နေရာအမှတ် ၄၇၆၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၈ U10)ရပ်ကွက်၊ ဒဂုံမြောက် ဦးလှသန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးလှသန်း ၁၂/ဒဂန(နိုင်)၀၀၄၂၉၀ မှ နှစ် ၆၀ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းကြေညာခြင်း

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့၊ နန္ဒဝန် (၄)ရပ်ကွက်၊ ဖောင်တော်သီလမ်းနေ ဒေါ်မြသန္တာ (ဘ)ဦးထွန်းရွှေ၏ သမီး ၁၃/ညရန(နိုင်)၀၀၉၄၆၅ ၏ ခင်ပွန်း ဦးအောင်ချမ်းဟိန်း (ဘ)ဦးကျော်ရင်၏ သား ၁၂/ဥကမ(နိုင်)၁၇၈၃၈၈ တို့မှာ (၂၇-၅-၂၀၀၅) ရက်တွင် တရားဝင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ သို့သော် ကျွန်မ၏ခင်ပွန်း ဦးအောင်ချမ်းဟိန်း (ဘ)ဦးကျော်ရင်၏သား ၁၂/ဥကမ(နိုင်) ၁၇၈၃၃၈သည် မိသားစုစားဝတ်နေရေးအား လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခြင်းမရှိသည့်အပြင် တာဝန်ယူမှုတစ်စုံတစ်ရာမရှိခဲ့သဖြင့် (၂၃-၄-၂၀၁၃)ရက်တွင် နှစ်ဦးသဘောဆန္ဒဖြင့် လင်မယားခန်းအဆက်အသွယ်ဖြတ်ခဲ့ရာ ယနေ့ကြေညာသည့်ရက်အထိ နှစ်ပေါင်း(၃)နှစ် (၉)လ ကြာမြင့်ပြီးသော်လည်း ဇနီးနှင့်သမီးတို့ထံ မည်သည့်အဆက်အသွယ်မျှ မပြုလုပ်သည့်အပြင် ကျွေးမွေးစောင့်ရှောက် အထောက်အပံ့တစ်စုံတစ်ရာ မရရှိခဲ့ပါ။ ထို့အပြင် ဇနီးဖြစ်သူနှင့်သမီးဖြစ်သူတို့အား စိတ်ဆင်းရဲအောင်နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့သဖြင့် ခင်ပွန်းတာဝန်ဝတ္တရားများ ပျက်ကွက်သည့်အတွက် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့်နောင်တွင် ဦးအောင်ချမ်းငြိမ်းနှင့် ကျွန်မ ဒေါ်မြသန္တာတို့မှ မည်သို့မျှပတ်သက်မှုမရှိတော့ဘဲ တရားရုံးတော်သို့ တစ်ဖက်သတ် လင်မယားကွာရှင်းခွင့်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြသန္တာ ၁၃/ညရန(နိုင်)၀၀၉၄၆၅**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အကွက်အမှတ် (၇၀)၊ အကွက်အမည် ပန်းတင်ကုန်းအကွက်၊ ဦးပိုင်အမှတ် ၆၆-ဖ၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိဂရန်မြေကို ဦးစိန်တင်အမည်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ပိုင်ဆိုင်မှုဆိုင်ရာအထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ စီးပွားဖုန်အကွက်၊ ဦးပိုင်အမှတ် (B-၁၀၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကို ဦးဆန်းဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ရေကြည်ဦး၊ ကွင်းအမှတ်(၆၆-က)၊ ရေကြည်ရေနောက်ကွက်၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ ၁ ဒသမ ၈၅ ဧကရှိမြေကို ဦးစိုးမြင့်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ် (၁၂)၊ ထင်းပုံဈေးမြောက်အကွက်၊ ဦးပိုင်အမှတ် (၅/၁၁)၊ ဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိမြေကို ဒေါ်စန်းစန်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# အာရှဖလားခြေစစ်ပွဲအောင်ရန် မြန်မာအသင်း ပြင်ဆင်မှုများပြုလုပ်

## သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန်　ဖေဖော်ဝါရီ ၂**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း တစ်ခုတည်းသော နိုင်ငံတကာပြိုင်ပွဲအဖြစ် ၂၀၁၉ အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ပေါင်းများစွာ ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့သည့် အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် နီးစပ်လာခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် အာရှဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးမြှင့်ခဲ့ရာ အလယ်အလတ်အသင်းများ ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိလာခဲ့သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ဒုတိယအဆင့်နှင့်

*စာမျက်နှာ ၅ ကော်လံ ၅*



ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်



# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှဝေခြင်းအစီအစဉ်ဖြင့် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီလ နောက်ဆုံးပတ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ကွင်းဆင်းလေ့လာညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သည်။

ဒေသတွင်းလက်ရှိစိုက်ပျိုးမှုပုံစံမှာ သမားရိုးကျစိုက်ပျိုးမှုပုံစံဖြစ်သည့်အပြင် စိုက်ပျိုးမြေရေယာနည်းပါးပြီး ပုံမှန်မိုးရွာသွန်းမှုကိုသာ အမှီပြုနေရသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိသောကြောင့် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပြီး ရေရရှိရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် စိုက်ပျိုးရေးအတွက် သေချာရေရာမှုရှိပြီး ပြည့်စုံလုံလောက်စွာ ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ဒေသ၏ လယ်ယာကဏ္ဍနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁*

## ရန်ကုန်၌ တရားမဝင်သစ် တန် ၈၈၀ ကျော် ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့် ဖမ်းဆီးရမိ

စာမျက်နှာ-၉



ဖမ်းဆီးရမိသော တရားမဝင်သစ်များကို တွေ့ရစဉ်

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

စာမျက်နှာ(၂၁)၊ (၂၂) တွင် ဖော်ပြပါရှိသည်

